
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၁၂၅၂/၂၀၀၁ (၁၀)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၈၁၅/၂၀၀၁ (၁၀)]

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ခင်ခင်ဝင်း၊ ကလျာပုံနှိပ်တိုက်၊ (၀၂၆၇၀)
အမှတ်(၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ဆန်း၊ ရဲအောင်စာပေတိုက်၊ (၀၉၃၂)
အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ထုတ်ဝေသည့်ကာလ
၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ။

မျက်နှာဖုံးပန်းချီ ✠ နေမျိုးဆေး
ကွန်ပျူတာစာစီ ✠ ဝါဝါနိုင်
စာအုပ်ချုပ် ✠ ကိုမြင့်
တန်ဖိုး ✠ 550

## အထူးကျေးဇူးတင်အပ်သောသူများ

- ကျေးဇူးရှင် ဖေဖေနှင့် မေမေ
- စိတ်ရှည်ခဲ့တဲ့ ဦးဦး-ဦးဝင်းငြိမ်း
- တကိုယ်တော်ဖြောက်ဝတ္ထုအထိ မျက်နှာဖုံးဖန်တီးပေးခဲ့တဲ့ ကိုနေမျိုးဆေး
- သံယောဇဉ်ရှိကြတဲ့ ချစ်သောပရိသတ်များ (နှင့်)
- နားလည်ပေးနိုင်ဆုံး ကိုမျိုးမင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်၍… ခံစားရသည်…
ခံစားရ၍… ယုံကြည်သည်…

စိမ့်မြတ်သူဇာ

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့် (၁)

ယုံကြည်၍··· ခံစားရသည်···

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ပန်းခြောက်များဖြင့် စည်းနှောင်ထားသော အညိုရောင်ပန်းစည်းတစ်ခုကို ရန်နိုင် အူကြောင်ကြောင်ဖြင့် အချိန်တော်တော်ကြာကြာ လှည့်ပတ်ကြည့်နေမိသည်။ ပန်းစည်းပေါ်ရှိ ကတ်ပြားလေးပေါ်တွင် 'Just for your birthday" ဟူသည့် စာတန်းလေးတစ်ခုမှလွဲ၍ ပေးပို့သူ၏ အမည်နာမလည်းမပါ။ ဘယ်ကရောက်လာမှန်းလည်း မသိ။ နံနက်စောစောစီးစီး ရန်နိုင်တောင် အိပ်ရာကမနိုးသေး။ ဒေါ်လေးမြိုင်က အိမ်အဝင်ခြံတံခါးမှာတွေ့လို့ ယူလာတာဆိုပြီး ကော်ဖီစားပွဲပေါ် တင်ထားခဲ့သည်။

ရန်နိုင်တောင် ဒီနေ့ ကိုယ့်မွေးနေ့ဆိုတာကို မေ့လို့နေခဲ့တာ ပန်းစည်းပေါ်က Birthday မြင်မှ ဘာ Birthday လဲ့ စဉ်းစားရင်း ဪ... ဒီနေ့ ငါ့မွေးနေ့ပါလားဆိုတာကို သတိရသည်။ ပြီးခဲ့သော မွေးနေ့နှစ်တွေတုန်းက ရန်နိုင့်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကဗျာဆန်ဆန်၊ စိတ်ကူးယဉ်ဆန်ဆန် ပန်းစည်းမျိုး တစ်ကြိမ်မှ ရောက်မလာဖူးပါ။ ဒီနှစ်ကျမှပန်းစည်းက ထူးထူးခြားခြားရောက်လို့လာသည်။ ဘယ်သူပို့တာလဲဆိုတာကိုလည်း ရန်နိုင် မစဉ်းစားတတ်။ ပန်းစည်းလက်ဆောင်ပေးပို့နိုင်မည့် ချစ်သူဆိုတာမျိုးလည်း ရန်နိုင့်မှာ တစ်ယောက်တလေတောင် မရှိ။ အံ့တော့ အတော် အံ့သြဖို့ကောင်းသည့်ကိစ္စတစ်ခုပင်ဖြစ်သည်။ ပန်းစည်းကလည်း သဘာဝအတိုင်း စိုစိုပြည်ပြည် လန်းလန်းဆန်းဆန်းတွေလည်း မဟုတ်။ စနစ်တကျ အခြောက်ခံထားသည့် ပန်းခြောက်တွေကို လှပသေသပ်စွာ စည်းနှောင်ထားခြင်း ဖြစ်သည်။ ပြီးတော့ ပန်းအမျိုးအစားကလည်း ဘာတွေမှန်း သေချာမခွဲခြားတတ်အောင် အစုံအလင်။ ဒါပေမယ့်လည်း ပန်းတွေသည် အစိုမဟုတ်သော်ငြား တန်ဖိုးကြီးပြီး ဈေးကြီးမည့် ပန်းခြောက်များလို့တော့ ရန်နိုင် အနည်းငယ် ခန့်မှန်းလို့ရပါသည်။

ထိုနေ့က ဘယ်သူပို့မှန်းမသိသော ပန်းစည်းတစ်စည်းအတွက် ရန်နိုင်တစ်ယောက် ကော်ဖီစားပွဲမှာ နာရီဝက်လောက် အချိန်ပိုကုန်သွားရသည်။ အလုပ်တွေများနေရသည့်အထဲ ကိုယ့်အတွက် တကယ်ပဲလား။ ဒါမှမဟုတ် အိမ်မှားပြီး ရောက်လာသလား။ ဘာမှန်းညာမှန်းမသိသည့် ပန်းစည်းတစ်စည်းကို မဆီမဆိုင် အချိန်တွေပေးလိုက်ရသည်မို့ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်ရင်း အဝတ်အစား ကမန်းကတန်း



လဲပြီး ရုံးကို အမြန်ဆုံးနှုန်းနှင့် ထွက်လာခဲ့ရတော့သည်။

ဒီနေ့ ရုံးမှာပြုလုပ်မည့် အစည်းအဝေးမှာတော့ ရန်နိုင်နောက်အကျဆုံး ဖြစ်နေတော့မည်။

အညိုရောင် ပန်းစည်းခြောက်တစ်ခုကတော့ ကော်ဖီစားပွဲပေါ်မှာ စိတ်ဝင်စားသူမဲ့စွာ ဒီအတိုင်း ကျန်နေခဲ့ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အမှန်တော့ ဒီအိမ်ရာစီမံကိန်း project ကို စ ရသူမှာ ရန်နိုင့်သူငယ်ချင်း ချိုဇော် ဖြစ်သည်။ နောက် သူတစ်ယောက်တည်း မနိုင်သည့်အခြေအနေ ရောက်လာသောကြောင့် ရန်နိုင်က ချိုဇော့်ကို ဝင်ကူညီသည့်အနေဖြင့် ဒီလုပ်ငန်းထဲ ပါဝင်လာခြင်း ဖြစ်သည်။ ဒီတော့ မူရင်း ဒီ project က စ သူ ချိုဇော်ရယ်၊ သူ့ပါတနာ ဦးအေးဝင်းရယ် နှစ်ဦးကနေ ရန်နိုင်ပါဝင်လာတော့ သုံးဦးဖြစ်ကာ ဒီအိမ်ရာစီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်ဖြစ်ခြင်း ဖြစ်သည်။ သို့သော် လွန်ခဲ့သောနှစ်လက ဦးအေးဝင်း ရုတ်တရက်ဆုံးသွားတော့ သူ့နေရာမှာ 'မိုးစက်' ဆိုသော လူတစ်ယောက်က အစားထိုးဝင်ရောက်လာသည်။ မိုးစက်နှင့် ဦးအေးဝင်း ဘယ်လို ပတ်သက်ဆက်နွယ်သည်ဆိုတာကို ရန်နိုင် အတိအကျ မသိရသော်လည်း သူငယ်ချင်းဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ချိုဇော်က ဦးအေးဝင်း မိသားစုကို ညာတာထောက်ထားသည့်အနေဖြင့် မိုးစက်ကို ရန်နိုင်တို့အုပ်စုထဲ လွယ်ကူစွာပင် အဝင်ခံခဲ့ပါသည်။

ပထမပိုင်း ဦးအေးဝင်း ဆုံးဆုံးချင်း လုပ်ငန်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို ဦးအေးဝင်းမန်နေဂျာ ကိုမျိုးအေးနှင့်လုပ်နေခဲ့ရပြီး မိုးစက်ကတော့ နိုင်ငံခြားသို့ ခရီးလွန်နေသည်ဆိုပြီး လုပ်ငန်းခွင်ထဲ ချက်ချင်းမဝင်ရောက်နိုင်ခဲ့ပေ။ ရန်နိုင်တို့ ရရှိထားသော အိမ်ရာစီမံကိန်း project က ရန်ကုန်မြို့မှာ အကြီးဆုံးဖြစ်နေသည့်အပြင် ပြိုင်ဖက်ပေါင်းများစွာ၊ အတိုက်အခိုက်ပေါင်းများစွာကြားထဲမှ အောင်မြင်အောင် အမြန်ဆုံးဖန်တီးနိုင်ဖို့ကိစ္စက အတော်ပင် ခက်ခဲပင်ပန်းလှသည်။ ငွေအင်အား၊ လူအင်အား မြောက်မြားစွာသုံးပြီး တည်ဆောက်နေတာတောင်မှ project က ကြီးလွန်းလှသဖြင့် အလုပ်က သိပ်ပြီးမတွင်ကျယ်ချင် ဖြစ်နေရသည်။

ဒါကြောင့်လည်း MD တွေ အမြဲလိုလိုပေါင်းပြီး မကြာခဏ အစည်းအဝေးလုပ်ရသည်။ တိုင်ပင်ဆွေးနွေးနေသည့်ကြားထဲကမှ ဦးအေးဝင်းက ရုတ်တရက်ဆုံး၊ မိုးစက်ကလည်း အလုပ်မဝင်သေးတော့ ရန်နိုင်နှင့်ချိုဇော်မှာ နှစ်ဦးသဘောတူဆုံးဖြတ်ချက်တွေနှင့် တော်တော်ကြီးကို ဦးနှောက်တွေ စားနေခဲ့ရလေသည်။

ဒီနေ့ အစည်းအဝေးပွဲကိုတော့ မိုးစက်တက်မည်ဆို



သည့်အကြောင်း မနေ့က ကိုမျိုးအေးက ဖုန်းဖြင့် အကြောင်းကြားလာသည်။ ဘာပဲဖြစ်ဖြစ် ပါတနာအသစ်နှင့် ပထမဆုံးဆုံရမည့်နေ့မှာတော့ ကိုယ့်ရုံးမှာလုပ်သည့် အစည်းအဝေးနောက်မကျလျှင်တော့ အကောင်းဆုံးမဟုတ်လား။ ဒါကြောင့် ကားကို အမြန်ဆုံးအရှိန်နှင့် မောင်းလာခဲ့သော်လည်း ရန်နိုင် ရုံးကိုရောက်တော့ အစည်းအဝေးခန်းမထဲ လူစုံနေပြီဖြစ်သည်။

အခန်းထဲမှာရှိနေသော လူတွေအားလုံးကို အားနာစွာဖြင့် ခြုံငုံပြုံးပြပြီးသည့်အချိန်မှာတော့ ချိုဇော်က အစည်းအဝေးမစခင် လူချင်း မိတ်ဆက်ပေးသည့်အလုပ်ဖြင့် စကားဝိုင်းကို စတင်လိုက်ပါသည်။

'ဒါ ကိုရန်နိုင်ပါ။ ကျွန်တော်နဲ့ ကျောင်းအတူတူပြီးတဲ့ ငယ်သူငယ်ချင်းတစ်ယောက် ဆိုရင်လည်း မမှားပါဘူး။ ကျန်တဲ့လူတွေနဲ့ကတော့ ထွေထွေထူးထူး မိတ်ဆက်ပေးစရာမလိုတော့ပါဘူး။ သိပြီးသားတွေပဲဥစ္စာ။ ရန်နိုင်··· ဒါ ကိုယ်တို့ရဲ့ မိတ်ဆွေသစ် ကိုမိုးစက်တဲ့။ ဒါကတော့ ကိုမိုးစက်ရဲ့ အတွင်းရေးမှူး မခင်နွေးထွေး···'

မိုးစက်ဆိုသူကို လက်ဆွဲနှုတ်ဆက်ပြီးချိန်မှာတော့ ရန်နိုင့်မျက်လုံးတွေက 'ခင်နွေးထွေး'ဆီ ရောက်သွားရသည်။ သူမက သူ့နာမည်နှင့်လိုက်ဖက်အောင် နွေးထွေးစွာပြုံးအပြမှာတော့ ရန်နိုင့်ရင်ထဲ ထူးဆန်းစွာ ငြိမ်းချမ်းသွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရှိုးပဲလို့ ရန်နိုင် ကျေနပ်စွာတွေးရင်း ခင်နွေးတွေးကို လှိုက်လှဲစွာ ပြုံးပြလိုက်မိသည်။

မိုးစက်ဆိုသောလူက အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ်နှင့် အနောက်တိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသည်။ ဆံပင်ကို ခပ်တိုတိုညှပ်ထားပြီး အနက်ရောင်ကိုင်းမျက်မှန်ကြည်ကြည်အောက်က သူ့မျက်ဝန်းနက်နက်များက လိုအပ်တာထက် တောက်ပစူးရှလွန်းနေသည်လို့ ရန်နိုင် ထင်မိသည်။

သူ့အတွင်းရေးမှူးမလေးခင်နွေးတွေးနဲ့ ပုံစံချင်း ဆန့်ကျင်ဘက်ပဲလို့ တစ်ဆက်တည်းတွေးမိပြန်သည်။ ခင်နွေးတွေးမျက်နှာနှင့်အပြင်အဆင်က မြန်မာဆန်ဆန် ကျက်သရေရှိရှိလေးနှင့် အေးအေးချမ်းချမ်းရှိမည့်ပုံလေး ဖြစ်နေသည်။ မိုးစက်ကတော့ ထက်ထက်မြက်မြက်နှင့် လူတိုင်းကို လွှမ်းမိုးချင်သည့်ရုပ်မျိုး။ ဒါပေမယ့်လည်း မိုးစက်ပုံစံက သန့်ပြန့်ရည်မွန်သည့် လူချောတစ်ယောက် စာရင်းဝင်မှန်း ကြည့်တာနဲ့တော့ သိသာစေနိုင်ပါသည်။

လုပ်ငန်းနှင့် ပတ်သက်သော အကြောင်းအရာများကို ချိုဇော်က စတင်ရှင်းပြနေသည့်အချိန်တွင် ရန်နိုင်က ဘာရယ်မဟုတ် နွေးတွေးဆိုသော မိန်းကလေးကို တစ်ချက်ခိုးအကြည့်တွင် မဆီမဆိုင် မိုးစက်နှင့် အကြည့်ချင်း သွားဆုံလေသည်။ ရုတ်တရက်မို့ လူက ရယ်ပြရမလို၊ ပြုံးပြရမလို



ကြောင်တောင်တောင်ဖြစ်သွားရင်း စိတ်ထဲမှာလည်း 'ဒီကောင်က ငါ့ကို ဘာကြည့်နေတာလဲလို့' အီလည်လည် တွေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

'မင်းက ဘယ်လိုဖြစ်ရတာလဲ'

အစအဆုံးမရှိသော ချိုဇော်စကားကို ရန်နိုင်က ပါးစပ်နှင့် ပြန်မဖြေဘဲ ဘုကြည့်ကြည့်လိုက်သည်။

'ဘာမှကြည့်မနေနဲ့။ အစည်းအဝေးလာတာကလည်း နောက်ကျသေး၊ ရောက်တော့လည်း ဟိုကြည့်ဒီကြည့်နဲ့။ ဆရာဝန်လေး ဘာလေးလည်း ပြကြည့်ဦး သူငယ်ချင်း'

သူ့ကို ဘာမှပြန်မပြောတာကို အခွင့်ကောင်းယူပြီး ချိုဇော်က ရန်နိုင့်ကို အပြတ်အသတ် နှိပ်ကွပ်တော့သည်။

'နေစမ်းပါဦး၊ အစည်းအဝေးနောက်ကျတဲ့အကြောင်းရင်းကို မပြောခင် ငါက ဟိုကြည့်ဒီကြည့်ဆိုတာ ဘာလဲ။ မင်းစကားကလဲ...'

'ဟားဟား... ဟား... မင်း မိုးစက်ရဲ့ secretary မလေးကို ခိုးကြည့်နေတာ ငါ မမြင်ဘူးထင်နေလား

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လူ၊ ပြောစမ်းပါဦး'

ချိုဇော်စကားကြောင့် ရန်နိုင် အနည်းငယ်တော့ ရှိုးတိုးရှန့်တန့် ဖြစ်သွားရသည်။ သို့ပေမယ့်လည်း ငြိမ်ခံနေလို့ မဖြစ်တာကြောင့် ချက်ချင်း ပြေရှင်းချက်ထုတ်ရတော့သည်။

'ဟာ… မင်းကလည်း ငါက ရိုးရိုးကြည့်တာပါကွ'

'အင်း… ရိုးရိုးမို့လို့ပဲ။ မျက်တောင်ခတ်တာတောင် မတွေ့ရဘူး။ သွားမလုပ်နဲ့နော် ဟေ့ကောင်၊ သူတို့နှစ်ယောက်က အတိအကျစာတတ်လမ်းပဲ'

'စာတတ်လမ်းမကလို့ ပုံပြင်ပဲဖြစ်ဖြစ် ငါနဲ့မဆိုင်ပါဘူး။ ငါက ပထမဆုံးတွေ့တာမို့လို့ အကဲခတ်တဲ့သဘောပါကွာ'

ရန်နိုင့်စကားကြောင့် ချိုဇော်က ခွက်ထိုးခွက်လန် ထရယ်ပါသည်။ ရန်နိုင့်မျက်လုံးထဲ တော်တော်ကြည့်ရခက်လာသည်မို့ ဘေးမှစာအုပ်နှင့် ကောက်ပေါက်လိုက်မှပဲ အရယ်က မရပ်ချင်ရပ်ချင်နှင့် ရပ်သွားတော့သည်။

'ထားပါတော့၊ ထားပါတော့။ ရက်ရမ်းတွေလည်း ရမ်းမနေပါနဲ့။ ကဲ… ဆက်စမ်းပါဦး နောက်ကျရတဲ့ အကြောင်းရင်း။ ငါ့မှာဖြင့် မင်းကိုစောင့်ရင်း စကားတွေ ပြောရတာ အမျိုးတောင်စပ်လို့ရနေပြီ'

'အေး… အဲဒါတော့ဆောရီးပဲ။ မနေ့ညက ငါ လတ်ဦးဒွေတို့နဲ့ဆုံနေလို့ နည်းနည်းများသွားတယ်။ ဒီမနက်ကျတော့လည်း ဘယ်ကပို့လိုက်မှန်းမသိပါဘူးကွာ။ မနက်စောစော



စီးစီး ပန်းစည်းတစ်စည်းရောက်နေတယ်။ မွေးနေ့အတွက် ပို့တာတဲ့။ ငါ့အတွက်လား မှားပို့တာလား ဘာမှန်းညာမှန်း သေချာမသိတာနဲ့ ဟိုစဉ်းစားဒီစဉ်းစားရင်း အိမ်ကထွက်တာ နောက်ကျသွားတယ်။ လမ်းမှာလည်းမီးပွိုင့်ကမိသေးတာကိုး'

'အင်း… ရန်နိုင်… ရန်နိုင် မင်း ဒါကြောင့် မိန်းမ မရတာ။ မေးလိုက်ရင် ဆင်ခြေကတော့ အပြည့်ပဲ'

'မိန်းမမရတာနဲ့ အခုပြောနေတဲ့စကား ဘာမှမဆက်စပ်ဘူး။ ဟေ့ကောင်… စကားပြောတာ ဆင်ခြင်ပြီးပြော၊ ဘေးထွက်တွေ နားမထောင်ချင်ဘူး'

ရန်နိုင်က စိတ်မရှည်စွာ ဆောင့်ကြီးအောင့်ကြီး ဘု ထတောတော့ ချိုဇော်က အသံပြဲကြီးဖြင့် ထပ်ရယ်ပြန်သည်။ ဒီကောင်က ငယ်ငယ်ကတည်းက သူများတကာကို မခံချင်အောင် စရမည်ဆိုလျှင် နှစ်ယောက်မရှိ။ ဒါကိုလည်း ရန်နိုင် ကသိသိလျက်နဲ့ ဘယ်လိုမှသည်းညည်းမခံနိုင်။ ဒီတော့ နှစ်ယောက်သားက မတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ စကားတွေ က လုကြရတော့သည်။ တကယ်တော့လည်း ရန်နိုင်တို့နှစ်ယောက်က သူငယ်ချင်းတွေသာဆိုသည် တကယ့်ညီအစ်ကို အရင်းတွေထက်တောင် ရင်းနှီးကြသူများ ဖြစ်ပါသည်။

'ဒီနေ့ဆို မင်းအသက် (၃၂)နှစ် ပြည့်ပြီနော်။ အသက်လည်း မနည်းတော့ဘူး။ ငါ့မှာဆို ကလေးနှစ်ယောက်က တော်တော်တောင်ကြီးနေပြီ။ မင်းလုပ်ငန်းတွေလည်း အော

www.burmeseclassic.com

www.burmeseclassic.com



မြင်အောင် အကောင်အထည်ဖော်နိုင်သလို မင်းဘဝအတွက်လည်း အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားဦး'

'တော်စမ်းပါကွာ၊ အရေးမကြီးတာကို ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောမနေနဲ့။ မိန်းမပဲ အချိန်တန်ရင် ရမှာပေါ့'

'ဘာလဲ… မင်းရဲ့အချိန်တန်က အသက်(၈၀) လောက်မှလား။ ဟားဟား… ဟား…'

ရန်နိုင့်ရုံးခန်းထဲမှာ အားမနာပါးမနာ အာပြဲကြီးနှင့် အော်ရယ်နေသော ချိုဇော့်ကို လက်ထဲမှာကိုင်ထားသော ဘောလ်ပင်နှင့် ထပ်ပစ်လိုက်သည်။ ဒီနေ့ကို ရန်နိုင် ဘယ်လိုမှ နိုင်အောင်မပြောနိုင်တော့။ ချိုဇော်က သူ့ကိုပစ်လိုက်သော ဘောလ်ပင်ကို ကုန်းကောက်ရင်း-

'မနက်ဖြန်ညနေနော်၊ မေ့မနေနဲ့ဦး'

'မလာတော့ဘူးကွာ'

'မှန် ဘာကြိုက်တယ်ဆိုတာ မင်းသိတယ်နော်။ အကောင်းဆုံးသာ ရွေးဝယ်လာခဲ့တော့။ သွားပြီ သူငယ်ချင်းရေ… သူများတွေလို မိန်းမမရသေးရင်လည်း စက္ကူထရီလှလှလေးတစ်ယောက် အနားမှာ အမြဲတမ်းထားနိုင်အောင် အရင်ကြိုးစားကြည့်ပါဦး။ ဘိုင့်ဘိုင်'

ရုံးခန်းထဲက မထွက်ခင်လေးမှာတောင် ထပ်ပြီးမခံချင်အောင် ပြောသွားနိုင်သေးသော ချိုဇော့်နောက်ကျောကို



ကြည့်ပြီး ရန်နိုင် စိတ်မဆိုးနိုင်တော့ဘဲ ပြုံးလိုက်မိသည်။ မနက်ဖြန်ညနေက ချိုဇော်နှင့် သူ့ရဲ့ချစ်ဇနီး 'မြမှုန်'တို့၏ (၅)နှစ်မြောက် Anniversary ဖြစ်သည်။ ချိုဇော်က သူငယ်ချင်းတွေအားလုံးထဲမှာ အစွံဆုံးကောင် ဖြစ်သည်။ ပတ်သက်လိုက်မှဖြင့်လည်း တကယ့်ဒိတ်ဒိတ်ကျဲတွေချည်း။ နောက်ဆုံး မြမှုန်နဲ့တွေ့တော့မှ ငယ်ရည်းစားဟော၊ လတ်တလော ရည်းစားတွေပါ ဖြတ်ပြီး မြမှုန်နှင့် လက်ထပ်ဖြစ်သွားခြင်းဖြစ်သည်။ အခုတော့လည်း ဒီကောင်က သူငယ်ချင်းတွေကြားထဲမှာ အတုယူအားကျစရာကောင်းသည့် မိသားစုဘဝလေးတစ်ခုကို ပိုင်ဆိုင်ခွင့်ရထားပြီ ဖြစ်သည်။ ရန်နိုင်တို့လိုကောင်တွေသာ ဟိုငေးဒီငေး ဟိုကြည့်ဒီကြည့်နှင့် အပေါင်းအသင်းတွေကြားထဲမှာ သောက်လိုက်စားလိုက်ဖြင့် တစ်ယောက်တည်း အချိန်တွေကုန်နေခဲ့တာကြာပြီ ဖြစ်သည်။ ဒါ့ပေမယ့်လည်း ရန်နိုင်ကတော့ ကိုယ့်ဘဝအခြေအနေကိုယ် ကျေနပ်နေခဲ့တာပဲ။

ဘာပဲဖြစ်ဖြစ် လက်ရှိအခြေအနေလေးကို အသာထား။ မနက်ဖြန် သူငယ်ချင်းအစုံ ဆုံကြဦးမှာမို့ ဟိုရောက်ရင် အရမ်းကာရော မသောက်မိဖို့ ကိုယ့်ကိုယ်ကို အခုတည်းက သတိပေးနေရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ခြံဝင်းရဲ့ထောင့်တစ်နေရာမှာ အသောက်နိုင်ဆုံး သူငယ်ချင်းတွေ ဝိုင်းဖွဲ့ပြီး ရှေးဟောင်းနှောင်းဖြစ်တွေပြောရင်း၊ တစ်ယောက်ကိုတစ်ယောက် ငယ်ကျိုးငယ်နာတွေ ပြန်ဖော်ရင်း၊ ပါးစပ်ကလည်း မပြတ်မလပ်အောင် သောက်ကြစားကြရင်း ရန်နိုင်တို့စားပွဲဝိုင်းမှာ ဆူညံစွာဖြင့် စည်ကားလို့နေသည်။ ချိုဇော်ကလည်း ရန်နိုင်တို့ဝိုင်းပြေးလာလိုက်၊ လစ်ရင် တစ်ခွက်လောက်အားပေးလိုက်၊ မြူမှုန် မျက်စောင်းထိုးတိုင်း ညှော့သည်တွေကို ပြန်ပြေးပြီး ညှော့ခံလိုက်နဲ့ တစ်ယောက်တည်း ယောက်ယက်ခတ်လို့နေသည်။

ရန်နိုင်တို့ဝိုင်းမှာတော့ ရန်နိုင်နှင့် လတ်ဦးဆွေက အကဲဆုံးဖြစ်နေသည်။ ဒီကောင်က သူ့မိန်းမနှင့် အဆင်မပြေလို့ စွတ်သောက်၊ ရန်နိုင်ကတော့ အားလုံးနှင့် အဆင်ပြေလို့ (ကိုယ့်ကိုယ်ကို အတန်တန် သတိပေးနေသည့်ကြားကမှ)

www.burmeseclassic.com

www.burmeseclassic.com



စွတ်သောက် တော်တော်ကို လက်တွဲညီနေကြသည်။ ဝိုင်းထဲက တခြားကောင်တွေရဲ့ လေဒီတွေကလည်း ပြောမရလို့ လွှတ်ထားရသည့် ဒီဇိုင်းတွေနှင့် မကြည်တကြည် ကြည့်ကွက်ကြည့်ကွက် လုပ်နေကြသည်။ ဒါပေမယ့်လည်း ဒီအချိန်မှာတော့ ငနဲသားတွေအားလုံးက ရသမျှအခွင့်အရေးကို (လေဒီတွေကို လျစ်လျူရှုပြီး) အမီအပြင် သုံးနေကြလေသည်။

ခဏနေတော့ ရန်နိုင်တို့ဝိုင်းမှ ဆူညံသံတွေကို တဒင်္ဂ ခဏတိတ်သွားအောင် အာရုံတွေက တစ်နေရာတည်းကို စုပြုံကျရောက်သွားလေသည်။ တခြားတော့မဟုတ်ပါ။ ခြံထဲကို ဝင်ရောက်လာသောစုံတွဲတစ်တွဲကြောင့် ဖြစ်သည်။ ရန်နိုင်သည် လက်ကျန်ခွက်ထဲကိုထပ်ဖြည့်ရင်း ဝင်လာသောစုံတွဲကို သေချာပြန်ကြည့်မိသည်။ ဧည့်ခံပွဲတွင်းသို့ နောက်ကျပြီး ရောက်လာသောအတွဲက တခြားသူတွေတော့ မဟုတ်ပါ။ ရန်နိုင်နှင့် ချိုဇော်တို့ရဲ့ အသစ်စက်စက်ပါတနာ မိုးစက်နှင့် ခင်နွေးတွေးတို့အတွဲပင် ဖြစ်သည်။ ချိုဇော် ဘယ်အချိန်က သူတို့ကို ဖိတ်ထားမှန်း ရန်နိုင်တောင် မသိလိုက်။

မိုးစက်က အညိုရောင်ကုတ်အင်္ကျီကို သပ်ရပ်စွာ ဝတ်ဆင်ထားပြီး သူ၏ခင်နွေးတွေးကတော့ ပိုးသားလို ခပ်ပြောင်ပြောင် နုံ့သာရောင်ဝတ်စုံလေးကို မြန်မာဆန်ဆန် ဝတ်ဆင်ထားကာ သူမ၏ ရှည်လျားသော ဆံပင်ရှည်ကြီးကို



နောက်ဘက်မှာ ကျစ်ဆံမြီးတစ်ချောင်းကျစ်ချထားပြီး ရိုးရိုးရှင်းရှင်းနှင့် လှလို့နေသည်။ နှစ်ဦးစလုံး၏ဝတ်စုံအရောင်ကလည်း ခပ်ဆင်ဆင်မို့ ကြည့်လိုက်တာနှင့် လူတွေကြားထဲမှာ လိုက်ဖက်ညီသည့် စုံတွဲလေးတစ်တွဲအဖြစ် ပေါ်လွင်ထင်ရှားလို့နေလေသည်။

ချိုဇော်က သူတို့အတွဲကို စားပွဲတစ်ခုမှာ နေရာချပေးပြီးနောက် ခြေလှမ်းတွေက ရန်နိုင်တို့ဝိုင်းဘက် ခြေဦးလှည့်လာသည်မို့ ရန်နိုင်က အကြောင်းသိစွာ တမင်ပင်ကြိုပြီး မမြင်ချင်ယောင်ဆောင်နေလိုက်သည်။

ထင်ထားသည့်အတိုင်းပင် ချိုဇော်က ရန်နိုင့်လက်မောင်း အတင်းလာဆွဲတော့သည်။

'ရန်နိုင် လာစမ်းပါကွာ၊ ဟိုမှာ မိုးစက်တို့နှစ်ယောက်တည်းဖြစ်နေလို့ မင်း နည်းနည်းပါးပါးလာပြီး စကားပြောလိုက်ပါဦး'

'ဘာလဲကွာ၊ မင်းဟာမင်း ဖိတ်ထားတာ ငါနဲ့ ဘာဆိုင်လို့လဲ'

'မင်းကလဲ၊ ကိုယ့်ပါတနာအချင်းချင်း လိမ္မာပါတယ်ကွာ။ သူတို့က မင်းကိုမေးနေတာ။ မကြာပါဘူး ငါးမိနစ်တည်း please please'

ချိုဇော့်ကို တမင်ညစ်ပတ်ပြီး ပေကပ်ထိုင်နေဖို့ ရန်နိုင် စိတ်ကူးထားသော်လည်း မျက်လုံးက မတော်တဆ ဟိုအတွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆီရောက်သွားတော့ နှစ်ယောက်စလုံးနှင့် အကြည့်ချင်းက သွားဆုံနေသည်မို့ မကောင်းတတ်စွာ အီလည်လည်နှင့် ထရပ်လိုက်ရသည်။ ပြီးတော့ ရှည်ကြောထပြီး ကြည့်မိသည့် ကိုယ့်မျက်လုံးကိုလည်း တော်တော်ဒေါကန်သွားမိသည်။

ချိုဇော်နှင့်အတူ သူတို့ဝိုင်းကို ရောက်သွားတော့ ဧည့်ခံနေသော မြူမှုန်က-

'ကိုရန်နိုင်ကြီး ခဏဧည့်ခံပေးထားနော်။ မှုန် မမ မေသီတို့ကို ခဏသွားနှုတ်ဆက်လိုက်ဦးမယ်' ဆိုပြီး သူတို့နှစ်ယောက်ကို ရန်နိုင့်လက်ထဲ ဝကွက်အပ်သွားတော့သည်။ ချိုဇော်ကလည်း ခဏတော့ စကားရောဖောရော အနည်းငယ် လုပ်နေပြီး ပြန်မယ့်ဧည့်သည်တွေကို နှုတ်ဆက်ဖို့ဆိုပြီး ထသွားပြန်သည်။ ရန်နိုင်သည် တစ်ယောက်တည်း အူကြောင်ကြောင်ကျန်နေရင်းမှ ဘာလုပ်ရမှန်းမသိဘဲ နှစ်ယောက်လုံး သိမ်းကျုံးပြုံးပြရင်း ရှေ့မှ စားစရာပန်းကန်များကို တွန်းပေးရင်း 'စားကြပါ' ဆိုပြီး စကားဝိုင်းကို စတင်လိုက်သည်။ သူတို့နှစ်ယောက်က စားဖို့ပြင်ဆင်နေတော့ ရန်နိုင့်မှာ ဘာမှ ပြောစရာစကားမရှိတော့ဘဲ ကြောင်တောင်တောင်နှင့် အသာငြိမ်နေရပြန်သည်။ သောက်လက်စ ခွက်ကလည်း ဟိုဘက်ဝိုင်းမှာ ကျန်နေခဲ့သည်မို့ ခုမှ ထယူပြန်ရင်လည်း မကောင်းပြန်။ ဒီတော့လည်း ချိုဇော်နှင့်မြူမှုန် ဒီဝိုင်းကို ပြန်မလာမချင်း၊ ဒါမှမဟုတ် ဒီအတွဲ ထမပြန်မချင်း



ရန်နိုင်အဖို့ ဒီအတိုင်း ဆက်ထိုင်နေဖို့သာ ရှိတော့သည်။ စိတ်က ကျဉ်းကျပ်နေသည်မို့ လူက နည်းနည်းတောင် အမူးပြေချင်ချင် ဖြစ်သွားရသည်။ ကျေးဇူးရှင် ချိုဇော့်ကိုတော့ တစ်ယောက်တည်း အသံတိတ် ကျိန်ဆဲနေမိလေသည်။

'ကိုရန်နိုင် မမှတ်မိလို့ပါ။ ကျွန်တော် ကိုရန်နိုင်နဲ့ တစ်ခါ ဆုံဖူးတယ်'

ငြိမ်သက်နေရာမှ မိုးစက်က စကားစလာတော့ 'ဟုတ်လား' ဆိုပြီး အံ့သြသလိုဖြစ်သွားရသည်။

'ဆောရီးဗျာ၊ ကျွန်တော် မမှတ်မိဘူး။ အဲဒီတုန်းက ကျွန်တော်တို့ စကားမပြောဖြစ်ကြဘူး ထင်တယ်'

မိုးစက်က ရန်နိုင့်စကားကို ချက်ချင်းမဖြေဘဲ ခပ်တိုးတိုးရယ်လိုက်သည်။ ဘေးနားမှ ခင်နွေးထွေးကတော့ မပြုံးတပြုံး မျက်နှာပေးနှင့် ရန်နိုင့်ကို ကြည့်လို့နေသည်။

'စကားတွေ အများကြီးပြောတာပေါ့။ ဒါပေမယ့် ကျွန်တော်က နားထောင်သူသက်သက်ပါ။ အားလုံး ကိုရန်နိုင်ကချည်း ပြောသွားခဲ့တာ'

မိုးစက်စကားကြောင့် ရန်နိုင့်ခေါင်းထဲ အနည်းငယ် စဉ်းစားရကျပ်သွားပြန်သည်။ မှတ်ဉာဏ်တွေကလည်း ငယ်ငယ်တုန်းကလို မကောင်းတော့ဘူးလား မပြောတတ်။ သေချာတာကတော့ မိုးစက်ဆိုသော ငနဲကို ရန်နိုင် လုံးဝ မမှတ်မိခြင်းပင်။ ဘယ်မှာဆုံပြီး ဘာစကားတွေ ပြောခဲ့မိသဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုလည်း ရန်နိုင် စဉ်းစားလို့မရ။ အဲ… ဒါပေမယ့် စဉ်းစားလို့ရတာတစ်ခုတော့ ရှိပါသည်။ ဘာလဲဆိုတော့ တခြားတော့မဟုတ်ပါ။ ထိုအချိန်က ရန်နိုင် အမှန်တကယ် ရေချိန်ကိုက်နေသည့်အချိန်ပဲ ဖြစ်ရမည်လေ။

'ရှပ်ရှင်ဒါရိုက်တာ ကိုတိုးကျော်နဲ့ သိတယ် မှတ်လား'

ရန်နိုင့် အရင်းနှီးဆုံးမိတ်ဆွေတွေထဲက တစ်ယောက်လို့ ရန်နိုင် သိလိုက်သည်။

'သူတို့နဲ့ ကိုရန်နိုင် ကလပ်လာတော့ ကျွန်တော်နဲ့ ဆုံတာပါ။ အဲဒီညက ကျွန်တော်နဲ့တွေ့တော့ ကိုရန်နိုင် တော်တော်မူးနေပြီ။ ကျွန်တော့်နားလာထိုင်ပြီး စကားတွေ ပြောသွားတာ တော်တော်ကြာတယ်'

မိုးစက် စကားအဆုံးမှာ ရန်နိုင် ဘာမှပြန်မပြောနိုင်တော့ဘဲ ရှက်ရယ်တစ်ချက် ရယ်လိုက်မိသည်။ စိတ်ထဲကလည်း မှားပါတယ်လို့ ရန်နိုင် တွေးလိုက်မိသည်။ ဟုတ်မှာ၊ မူးမူးနှင့် အဲဒီတုန်းက ဘာတွေပြောဖြစ်လဲ ရန်နိုင် စဉ်းစားလို့မရတော့။ တိုးကျော်ရဲ့ ညစာစားပွဲကလည်း သိပ်ကြာသေးတာ မဟုတ်။ ပြီးခဲ့တဲ့ တစ်ပတ်လောက်ကမှ ရှိဦးမည်။ ထိုနေ့က ရန်နိုင်က နိုင်ငံခြားဧည့်သည်တွေကို ဟိုတယ်မှာ ထမင်းသွားကျွေးရင်း တိုးကျော်တို့နှင့် ဆုံခြင်းဖြစ်သည်။ ဧည့်သည်တွေ ပြန်သွားတော့ ရန်နိုင်က အချိန်မသေသေးဘဲ



တိုးကျော်တို့နှင့် ဆက်ဝိုင်းဖွဲ့ပြီး ဟိုတယ်ထဲက ကလပ်ကို မူးမူးနှင့် ရောက်သွားခြင်းဖြစ်သည်။ အဲဒီညက ကလပ်ထဲမှာလည်း ဖက်ရှင်ရှိုးတစ်ခုက ရှိနေတော့ လူတော်တော် များမှန်း ရန်နိုင် မှတ်မိပါသည်။

ထိုအချိန်က မှောင်ထဲမည်းထဲမှာ ရန်နိုင် စကားတွေ များခဲ့သောလူတစ်ယောက်က ကိုယ့်ရဲ့ပါတနာအသစ် ဖြစ်လို့နေခဲ့သည်။ ရန်နိုင့်အဖို့ကတော့ ကိုယ့်ကိုယ်ကို တိုင်နှင့် ခေါင်းဆောင့်ပြီး သေဖို့သာကောင်းတော့သည်။ မိုးစက်ကတော့ ရန်နိုင့်အပေါ် ဘယ်လိုအမြင်ပေါက်သွားမလဲ မပြောတတ်ပေ။ ခက်တာက ရန်နိုင်ကလည်း သိပ်မူးလာပြီဆိုရင် ဘာကိုမှ မမှတ်မိတော့တာ အဆိုးဆုံးပင်။ အဲဒီညက ကားတောင် မမောင်းနိုင်တော့သဖြင့် အိမ်အပြန် တိုးကျော် ကားမောင်းပို့တာကိုတော့ နောက်နေ့မှ သိရသည်။ ဒီကောင်ကလည်း အလုပ်က ခပ်များများ၊ ရန်နိုင်ကလည်း အလုပ်က ခပ်များများဆိုတော့ ဒီကောင်နှင့် အဲဒီကတည်းက အဆက်အသွယ်ပြတ်နေခဲ့သည်။

အခုတော့ မိုးစက်က အကြောင်းအရာကို စလာခဲ့ပြီ။ ဘေးနားမှ ခင်ဇွေးတွေးကတော့ ရန်နိုင့်ကို မူးရှူးတစ်ကောင်လို့ သတ်မှတ်မည်ကတော့ အသေအချာပင်။

'ဆောရီးဗျာ။ ကျွန်တော်က အရက်တော့ သိပ်ကြိုက်တယ်။ ဒါ ကောင်းတော့မကောင်းဘူး။ ကျွန်တော့်အမေ့

www.burmeseclassic.com

www.burmeseclassic.com



ဆို ခဏခဏ တကျက်ကျက်ပဲ’

ရန်နိုင်က ကိုယ်ပြောချင်တဲ့ စကားတွေကိုပဲ အဆီအငေါ်မတည့်စွာ ပြောလိုက်သည်။ ရန်နိုင့်စကားကြောင့် ခင်နွေးထွေးက သွားများပေါ်အောင် တစ်ချက်ရယ်ပါသည်။ သူမအပြုံးကြောင့် ရန်နိုင် မူးနေရာမှ ဇေးခနဲဖြစ်သွားရသည်။ မိုးစက်သောက်ရန်အတွက် ခင်နွေးထွေးက အအေးခွက်လေး လှမ်းပေးတော့ ဘာရယ်မှန်းမသိ ရန်နိုင့်စိတ်ထဲ သိပ်မကြိုက်ချင်။

ထိုညက မိုးစက်နှင့်ရန်နိုင် အချိန်ကြာကြာ စကားပြောဖြစ်လိုက်ပြီး ခင်နွေးထွေးကတော့ ဘေးမှ နားထောင်သူသက်သက်အဖြစ်နဲ့သာ ငြိမ်သက်စွာ ရှိနေခဲ့သည်။ မိုးစက်က ရန်နိုင့်ထက် အသက်ငယ်သလို စကားပြောတာလည်း ယဉ်ကျေးပြီး တည်တည်ငြိမ်ငြိမ် ရှိလှသည်။ ပြီးတော့ ခင်နွေးထွေးကိုလည်း ဦးစားပေး နေရာပေးသည်။

ရန်နိုင်မှာ ထိုညက သူတို့အတွဲနှင့် စကားထိုင်ပြောရင်း ထပ်လည်းမသောက်ဖြစ်၊ ကိုယ့်ဝိုင်းကိုလည်း ပြန်မသွားနိုင်တော့ဘဲ ရေချိန်မကိုက်တကိုက်နှင့် အချိန်ကုန်သွားခဲ့လေသည်။

❁

## အခန်း (၅)

မနေ့ညက ချိုဇော့် ညစာစားပွဲကအပြန် အိမ်ရောက်တော့ မေမေ မအိပ်သေးဘဲ ပုတီးလေးလက်မှာကိုင်ရင်း ရန်နိုင့်ကို စောင့်လို့နေသည်။ မျက်နှာက သိပ်အကြည်အလင်ကြီးမဟုတ်သောကြောင့် သွားဖြီးပြီး ချော့လိုက်သော်လည်း သိပ်အဆင်မပြေဘဲ နာရီဝက်နီးပါး မေမေ့ဩဝါဒတွေကို ကျိတ်မှိတ်ပြီး ခံယူလိုက်လေသည်။

နောက်ဆုံးမှာတော့ ‘မေမေ့ကို မနက်ဖြန်ည ရွှေတိဂုံဘုရား လိုက်ပို့ပေးပါ’ ဟူသော စကားဖြင့် အဆုံးသတ်လိုက်လေသည်။

ဒီတော့လည်း ရန်နိုင်မှာ ကိုယ့်ကတိစကားနှင့်ကိုယ် မေမေ့ကို ဒီည ရွှေတိဂုံဘုရားသို့ လိုက်ပို့ရတော့သည်။ မေမေရယ်၊ ဒေါ်လေးမြိုင်ရယ်၊ ရန်နိုင်ရယ် သုံးယောက် ဘုရားပေါ်ရောက်တော့ ည (၈)နာရီခွဲနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ကျေနပ်အောင် ဘုရားရှေ့မှာ ဦးချပြီး မေမေ့ကို ဓမ္မစေတီဘုရားဘက်ပို့ကာ မေမေ ပုတီးစိပ်နေတုန်း ရန်နိုင် အပြင်ဘက် ပြန်ထွက်လာခဲ့သည်။ ထီးတော်အဟောင်းကြီး ကို ရန်နိုင် စပ်စုနေတုန်း နောက်နားဆီမှ 'ကိုရန်နိုင်' ဆို သော အသံကြောင့် ရန်နိုင် လှည့်ကြည့်မိသည်။

ရန်နိုင် မထင်မှတ်ထားသော လူတစ်ယောက်။ ခင် နွေးထွေးသည် အဖြူရောင်အနွေးထည်လေးကို ဝတ်ထားပြီး ရန်နိုင့်ကို ကြည်ကြည်လင်လင်လေး ပြုံး၍ကြည့်နေလေ သည်။

'ကိုရန်နိုင် ဘုရားလာတာပေါ့'

'ဩော်... ဟုတ်တယ်၊ မခင်နွေးထွေး တစ်ယောက် တည်းလား'

'မေမေနဲ့အတူတူလာတာ ညီမလေးလည်းပါတယ်။ မေမေက ဓမ္မစေတီမှာ ပုတီးစိပ်နေတယ်။ ကိုရန်နိုင် ဝင်လာ ကတည်းက နွေးထွေးတွေ့တယ်။ ကိုရန်နိုင့်မေမေလား'

'ဟုတ်တယ်၊ မေမေက ဘုရားလာချင်တယ်ဆိုလို့ လိုက်ပို့တာ။ ကျွန်တော် မခင်နွေးထွေးကို မမြင်မိဘူး။ ဆောရီးနော်'

'ရပါတယ်၊ ကိုရန်နိုင်ထွက်သွားတာမြင်လို့ နွေးထွေး နှုတ်ဆက်ဖို့ လိုက်လာတာ။ ကိုရန်နိုင် ဘုရားအမြဲလာလား'

'ဗျာ... ဟို... အဲ... ကျွန်တော့်ဟာကျွန်တော်



ဆိုရင်တော့ မလာဖြစ်ပါဘူး။ မေမေ့ကို လိုက်ပို့ရင်တော့ ရောက်ဖြစ်ပါတယ်'

ရန်နိုင့်စကားကြောင့် နွေးထွေးက နှစ်နှစ်ခြိုက်ခြိုက် လေး ရယ်မောလိုက်သည်။ ရယ်လိုက်တိုင်း သွားတက် ဖွေးဖွေးကလေးပေါ်လာသော သူမမျက်နှာလေးက ချစ်စရာ ကောင်းလှသည်လို့ ရန်နိုင် တွေးမိပြန်သည်။

'ဒီနေ့ ကိုရန်နိုင် အရက်မသောက်ဘူးပေါ့'

ခင်နွေးထွေးက မျက်လုံးလေး ထောင့်ကပ်ပြီး နော သလိုပြောတော့ ရန်နိုင် မနေတတ်စွာ ရှက်ပြုံးတစ်ချက်ပြုံး လိုက်ရင်း-

'ကျွန်တော် အမြဲမသောက်ပါဘူးဗျာ။ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ ကြုံမှပါ'

'သူငယ်ချင်းတွေနဲ့က နေ့တိုင်းကြုံနေတာ မဟုတ် ဘူးလား'

ခင်နွေးထွေးစကားအဆုံးမှာ နှစ်ယောက်စလုံး ပြိုင် တူရယ်မောဖြစ်ကြသည်။ အချိန်တိုတိုလေးအတွင်းမှာ ခင် နွေးထွေး၏ ရိုးသားပွင့်လင်းသော ဆက်ဆံရေးကြောင့် နှစ် ယောက်သား ရင်းနှီးသွားရလေသည်။ ခဏနေတော့ ခင်နွေး ထွေးအမေက ပုတီးစိပ်ပြီးသွား၍ အပြင်ထွက်လာသည်။ ခင်နွေးထွေးက သူ့အမေနဲ့ရော၊ သူ့ညီမနဲ့ပါ မိတ်ဆက်ပေး ပြီး နှုတ်ဆက်ကာ ပြန်သွားလေသည်။ ကျစ်ဆံမြီးရှည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တယမ်းယမ်းနှင့် မြန်မာဆန်ဆန် ကျက်သရေရှိစွာလှသော ခင်နွေးထွေးကျောပြင်ကို ရန်နိုင် မျက်စိတဆုံး လိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ရသည်။

ထိုညက ရန်နိုင် တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့ဘဲ မျက်လုံးထဲတွင် ခင်နွေးထွေး၏ လှုပ်ရှားမှုလေးတွေကို မြင်ယောင်နေမိသည်။ နောက်ဆုံး တွေးရင်းတွေးရင်းနှင့် မိုးစက်မျက်နှာ ဖျတ်ခနဲပေါ်လာတော့မှ အိပ်ဆေးနှစ်လုံးသောက်ပြီး အတင်းဇွတ်မှိတ် အိပ်လိုက်ရလေသည်။

❁

## အခန်း (၆)

နံနက်စောစောစီးစီး ရုံးခန်းထဲမှာ အလုပ်များနေတုန်း ချိုဖော့်ဆီက ဖုန်းဝင်လာလေသည်။ ဖုန်းထဲမှာ သူ့ထုံးစံအတိုင်း သူကဦးအောင် စကားတွေပြောတော့သည်။

'မနက်ဖြန်မနက် အစည်းအဝေးရှိတယ်နော်၊ နောက်ကျမနေနဲ့ဦး'

'တစ်ပတ်မှာ သုံးရက် အစည်းအဝေးရှိတယ်ဆိုတာ ငါ သိတယ်'

'မင်း ဒီညသောက်နေမှာစိုးလို့ သတိပေးတာဟ'

'ဟကောင်… ငါ တစ်ပတ်လုံးသောက်နေတဲ့ကောင် မဟုတ်ဘူးကွ'

'အေးပါ၊ မင်းက တစ်ပတ်လုံး မသောက်ပါဘူး။ ခုနစ်ရက်ပဲသောက်တာပါ'

ရန်နိုင်က သူ့စကားကို ပြန်ချေပမနေတော့ဘဲ ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ခွပ်ခနဲချတော့ ငနဲသားက ဖုန်းပြန်ဆက်သည်။ တမင် အမြင်ကတ်ကတ်နှင့် မကိုင်ဘဲထားလိုက်တော့ ဆယ်လူလာ ဖုန်းကို ဆက်ပြန်သည်။ ရန်နိုင်က ဆယ်လူလာဖုန်းကို ပိတ်လိုက်တော့ ရုံးကဖုန်းကို ခေါ်တော့သည်။ ရန်နိုင့်တပည့်လေးက ဖုန်းကိုယူလာပြီး-

'အစ်ကို ကိုချိုဇော်က ပြောချင်လို့တဲ့' ဆိုပြီး လာပေးသည်။ ရန်နိုင် ဖုန်းကိုင်တော့မှ-

'ငါက ကိစ္စရှိလို့ဆက်တာ ဟော့ကောင်။ ဖုန်းကို ချမနေနဲ့ဦး'

'ပြောရင်လည်း မြန်မြန်ပြောကွာ။ ငါ ဒီမှာ စက်ရုံအခြင်းတွေ စစ်နေတယ်'

'မိုးစက်က ငါ့ကိုပြောတယ်။ ငါတို့ project အတွက် gardener တစ်ယောက်ငှားရင် ကောင်းမယ်တဲ့'

'ဘယ်မှာငှားမှာလဲ'

'Singapore က ငှားမယ်ပြောတာပဲ'

'လိုအပ်လို့လား'

'ရရင်တော့ ကောင်းတာပေါ့ကွာ။ အပင်တွေက နည်းတာမဟုတ်ဘူးကွ စိုက်ရမှာ။ သေချာ စနစ်တကျ တတ်ကျွမ်းတဲ့သူဆိုရင်တော့ မြန်မြန်ပေါက်ရောက်တာပေါ့။ နို့မို့ဆိုရင်တော့ အိမ်တွေလည်းပြီးရော အပင်တွေလည်းကျန်မှာမဟုတ်ဘူး။ ခြော်… ပြောရဦးမယ်။ မင်း မှာတာလေ။



မော်လမြိုင်က ဆီအုံးပင်အကြီးတွေ။ အဲဒါ အခု တစ်ပင်မှ မရှင်ဘူး။ အဲဒါ မင်းကိုကြိုပြောတာ။ တစ်ပင်ကို ခြောက်သောင်းလောက်ကျတယ်။ မင်းအပင် (၂၀) ဆယ့်နှစ်သိန်း အားလုံး ပလုံပဲ'

'ဟင်း… ကြားရတာလည်း စိတ်ကို မချမ်းသာဘူး။ အဲဒါဆိုလည်း gardener ငှားဖို့ကိစ္စ မိုးစက် တာဝန်ယူနိုင်ရင်လည်း ပြီးတာပဲ'

'နေ့လယ် ငါ အဲဒီမှာရှိမယ်။ မင်းကိစ္စတွေပြီးရင် လာခဲ့ပေါ့'

ချိုဇော်နှင့် ဖုန်းပြောအပြီးမှာတော့ လုပ်လက်စအလုပ်ကို ခဏပိတ်ထားလိုက်ပြီး သက်ပြင်းမောကို ချမိသည်။ အလုပ်ကြီးကြီးတွေလုပ်ရတာ ကြာရင် အသက်မြန်မြန်တိုနိုင်သည်လို့ စဉ်းစားမိသည်။ အပင်တွေအားလုံး ပလုံဆိုသည့် ချိုဇော့်စကားက မနက်စောစော တော်တော်ကျက်သရေမဲ့လှသည်။ ဒီ project စကတည်းက လူလည်း တစ်ချက်လေးမှကို မနားရသေးတာ ကြာပါပြီ။ ရန်နိုင့်မှာ တစ်ဖက်မှာက စက်ရုံကိစ္စတွေကတစ်မျိုး၊ ဒီဘက်မှာက ဒီ project ကြီးအမြန်ဆုံးပြီးအောင် လုပ်နေရတာကတစ်မျိုးနှင့် ဟိုဖက်ဒီဖက် လုံးချာလိုက်ကာ စိတ်ပန်း၊ လူပန်း၊ ငွေပန်းနှင့် ဘယ်အချိန် လက်ပန်းကျပြီး နိဂုံးချုပ်မည်လဲ မပြောတတ်။

နံနက်ဆို ရုံးလာ၊ စက်ရုံမန်နေဂျာတွေနဲ့တွေ့ တင်ပြ

www.burmeseclassic.com

www.burmeseclassic.com



လာသော ကိစ္စဝိစ္စတွေအားလုံး ဖြေရှင်းစစ်ဆေး၊ စာရင်းဇယားတွေပြန်ကြည့်၊ နေ့လယ်စာစားပြီးတာနဲ့ project ထဲရောက်၊ တစ်နေ့တစ်နေ့ အချိန်က ကုန်မှန်းမသိ ကုန်သွားလိုက်တာ ညမိုးစုန်းစုန်းချုပ်မှပဲ အိမ်ပြန်ရောက်တော့သည်။

ဒီကြားထဲကမှ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ ကြုံလို့ ဝိုင်းလေးတစ်ဝိုင်းဖွဲ့ပြီး အိမ်ပြန်ရင်တော့ သောက်လာသမျှ လိုက်ဖမ်းလို့မရတော့အောင် မေမေ့ဆီက ဆုံးမစကားတွေက တသီတတန်းကြီး ပွက်လာပြန်လေသည်။ ခက်တာက ရန်နိုင့်အသက် (၃၂)နှစ်ထဲ ရောက်နေပြီ။ မေမေက ခုထိ ရန်နိုင့်ကို ကလေးပေါက်စတစ်ယောက်လို မြင်နေတာက အဆိုးဆုံးပင်။

ရန်နိုင်သည် အတွေးတွေ တောင်ရောက်မြောက်ရောက် မရောက်ခင်မှာပင် အလုပ်တွေကို လက်စသတ်လိုက်ပြီး နေ့လယ်စာပင်မစားတော့ဘဲ မန်နေဂျာနှင့်အတူ project ရှိရာကို ထွက်လာခဲ့လိုက်သည်။ ဟိုရောက်တော့ နေ့လယ်ကျရင် ငါရှိမယ်ပြောသွားသည့် သကောင့်သားချိုဇော်က project မြေပုံကြီးရှေ့တွင် ကားကားကြီးရပ်ကာ ရန်နိုင့်ကို ပြုံးဖြီးဖြီးနှင့် ဆီးကြိုနေလေသည်။

'မင်း အမြန်ဆုံးရောက်လာအောင် ငါ ပြောလိုက်တာပါကွာ။ မင်းအပင် (၂၀)လုံး မသေပါဘူး၊ (၂)ပင်တည်း သေတာ။ ငါတစ်ယောက်တည်း ဒီမှာပျင်းလို့။ ဒီအတိုင်း



ခေါ်ရင် မလာမှာစိုးလို့။ ဟဲဟဲ··· ဟဲ···'

ရန်နိုင့်စိတ်ထဲ ချိုဇော့်မျက်နှာ လက်သီးနဲ့သာ စွတ်ထိုးချင်စိတ် ပေါက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အစည်းအဝေးခန်းထဲက ထွက်လာတာနှင့် ဘယ်သူ့ကိုမှ သေချာနှုတ်မဆက်အားတော့ဘဲ ကိုယ့်ရုံးခန်းထဲ မြန်မြန်ဝင်ကာ terlenol နှစ်လုံး အမြန်သောက်ချလိုက်ရသည်။ မနေ့ညက နည်းနည်းလေး အိပ်ရေးပျက်တာနှင့် လူတစ်ကိုယ်လုံး ကိုက်ခဲသေင်းသည်ပြီး ဖျားချင်သလိုလို ဖြစ်သွားရသည်။ အခန်းတံခါးဖွင့်သံကြားလို့ ကြည့်လိုက်တော့ ကိုချိုဇော်။ ရန်နိုင်ကို မှုန်ကုတ်ကုတ်နှင့်ကြည့်ရင်း-

'ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ'

'ဆေးသောက်နေတာ မမြင်ဘူးလား'

'မနေ့က တစ်ရက်လေး မသောက်လိုက်တာနဲ့ ဒီနေ့ဖျားချင်သွားရောမဟုတ်လား'

'သူများကြားရင် ငါက အရက်ချိုးကြီးကျနေတာပဲ'

'မစိုးရိမ်ပါနဲ့၊ ဘယ်သူမှမကြားဘူး။ အားလုံးပြန်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ငါ့သူငယ်ချင်း အကောင်းစား မိန်းမ မရသေးခင် စောစောစီးစီးရှောသွားမှာတော့ စိုးရိမ်သား'

'တော်စမ်းပါကွာ၊ မင်းကတစ်မျိုး'

'မတော်နိုင်သေးဘူး ကိုယ့်လူ၊ ပြောစရာကျန်သေးလို့ ဝင်လာတာ'

ရန်နိုင်က လေကြောရှည်နေသော ချိုဇော်ကို ဘာမှ ပြန်ပြောမနေတော့ဘဲ ဆိုဖာနောက်မှီပေါ်တွင် ခေါင်းတင်ကာ မျက်လုံးကို အသာမှိတ်ထားလိုက်သည်။ တစစ်စစ် ကိုက်ခဲနေသော ခံစားမှုများကြားမှ ကြည်လင်သောမျက်နှာအေးအေးလေးတစ်ခုက အာရုံထဲတွင် ထင်ထင်ရှားရှား ပေါ်လာလေသည်။ ခင်နွေးထွေး··· သူမနာမည်နှင့်လိုက်အောင် နွေးထွေးမှုပေးနိုင်သော မိန်းကလေးတစ်ယောက်ပါပဲ။

'ဟိုတစ်ခါတုန်းက ရိုးရိုးကြည့်တာပါတဲ့။ ဒီနေ့တော့ ဆန်းဆန်းကြည့်တာ မဟုတ်ပါဘူးလို့ ပြောပါဦး'

ချိုဇော့်စကားကြောင့် ရန်နိုင် ရယ်ချင်သွားသည်။ မျက်လုံးမဖွင့်ဘဲ–

'မင်းက အစည်းအဝေးလုပ်နေတာကို စိတ်မဝင်စားဘဲ ငါ့ကို တစ်ချိန်လုံး လိုက်ကြည့်နေရအောင် မင်း ငါ့ကို ကြိုက်နေလား'

'သေပါလား အဲဒီနေရာမှာ။ သူများချစ်သူ ပြစ်မှားမိမှာစိုးလို့ ပြောနေတာ'



'ဟ··· သူများပစ္စည်းလို့ပြောရအောင် အဲဒီကောင်မလေးမှာ ယောကျ်ားမှမရှိတာ'

'ဒါကြောင့်လည်း မင်း မိန်းမမရတာ။ မင်း အဲလောက်ပဲ လူ့ကဲခတ်ညံ့သလား။ ဘေးနားက မိုးစက်က အခု သူ့ယောကျ်ားမဟုတ်တောင် နောင်ကို သူ့ယောကျ်ားဖြစ်မှာ အသေအချာပဲကွ'

ချိုဇော့်စကားကြောင့် ရန်နိုင် အနည်းငယ်ငြိမ်သက်သွားရသည်။ ဘာရယ်ကြောင့်မသိ။ ဒီနေ့ အစည်းအဝေးမှာ ခင်နွေးထွေးနှင့်ရန်နိုင် ခဏခဏ အကြည့်ချင်းတွေ ဆုံနေခဲ့သည်။ ခင်နွေးထွေးမျက်နှာ၊ ခင်နွေးထွေးမျက်လုံးလေးတွေက ကြည်ကြည်လင်လင်ဖြင့် ရှင်းသန့်လို့နေသည်။ သူ့မျက်နှာလေးပေါ်မှာ ဟန်ဆောင်ဖုံးကွယ်ထားမှုဟူ၍ ဘာတစ်ခုမှ မတွေ့ရ။ လောဘ၊ ဒေါသ၊ မောဟကင်းသော သူမမျက်နှာလေးက ရန်နိုင့်စိတ်ကို အေးချမ်းစေသည်။

ဒီအသက်အရွယ်ထိ ရန်နိုင် ဘယ်မိန်းမတစ်ယောက်တလေအပေါ်မှာမှ စိတ်ဝင်တစားမရှိခဲ့ဖူးပါ။ စိတ်ဝင်စားရမယ့် အရွယ်တုန်းကလည်း ရည်းစားထက် သူငယ်ချင်းအပေါင်းအသင်းတွေကို ခင်တွယ်လွန်းနေခဲ့သည်။ အချိန်တန်တော့ သူငယ်ချင်းတွေသာ တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင်တွေကျ၊ သားသမီးတွေရပြီး တိုးတက်သွားကြသော်လည်း ရန်နိုင်က တစ်ယောက်တည်းရှိနေခဲ့သည်။ အဲဒို

www.burmeseclassic.com

www.burmeseclassic.com



ဘင်ဆောက်တည်းရှိနေရခြင်းအပေါ် ရန်နိုင် စိတ်ခါတ်မကျမိသော်လည်း တစ်ခါတစ်ရံတော့ အထီးကျန်ဖြစ်နေသလားလို့ ကိုယ့်ကိုယ်ကို တွေးမိပါသည်။ ဒါပေမယ့် ရန်နိုင် အဲလိုတွေးမိ ခဏပင်။ ကိုယ်ပိုင်အလုပ်နှင့် ဆုံဖြစ်သော သူငယ်ချင်းကျောကြားထဲ ရောက်သွားလျှင် အားလုံးမေ့ကုန်တတ်သည်။ အပေါင်းအသင်း၊ သူငယ်ချင်းတွေ၏ ကိစ္စမှန်သမျှကိုလည်း အမြဲကူညီဖြေရှင်းပေးတတ်လွန်းသောကြောင့်လည်း သူငယ်ချင်းတွေအားလုံးက ရန်နိုင့်ကိုဆို ချစ်ကြပါသည်။ ဒီထဲမှာမှ ချိုဇော်က အဆိုးဆုံးပင်။ နေရာတကာပါလွန်းတာကြောင့် ရန်နိုင် အမြဲစိတ်တိုရသည်။

အခုလည်းကြည့်လေ၊ အစည်းအဝေးလုပ်တာ ရန်နိုင်နှင့် ခင်နွေးတွေကို ဘယ်တုန်းကတည်းက လိုက်ကြည့်နေလည်း မပြောတတ်။ အကြည့်ချင်းဆုံတာကအစ လိုက်သိနေသည်။ ပြီးတော့ သူများသားသမီးကိုလည်း ပျစ်ပျစ်နှစ်နှစ်ပြောထွက်သေးသည်။

'ငြိမ်မနေနဲ့၊ ငြိမ်မနေနဲ့။ မင်းတို့မျက်လုံးတွေကိုမိုးစက်ဆိုတဲ့ကောင်ကရော မမြင်နိုင်ဘူးလို့ ထင်နေလား'

'ချိုဇော်ရာ မင်းနဲ့လည်းခက်ပါတယ်။ မိန်းကလေးတစ်ယောက် ကိုယ့်မျက်စိရှေ့ရောက်လို့ ကြည့်တာပဲ။ တစ်ချိန်လုံး ငေးကြည့်နေတာလည်း မဟုတ်ဘူး။ ရိုးရိုးပါကွာ'

'လာပြန်ပြီ ဒီရိုးရိုး။ မင်းပါးစပ်က ဘယ်လောက်ပဲ



ရိုးပါတယ်ပြောပြော မင်းမျက်လုံးကြီးက မရိုးတာတော့အမှန်ပဲ'

'ဟင်··· ငါက အဲလောက်တောင်ပဲ ရုပ်ပျက်နေလား'

ရန်နိုင်က ဆိုဖာဆက်တီပေါ်မှထရပ်လိုက်ပြီး အလုပ်စားပွဲရှိရာသို့ လျှောက်သွားလိုက်သည်။

'ဟော့ကောင်··· မင်းက ငါတို့အုပ်စုထဲမှာ နောက်ဆုံးလက်ကျန်နော်။ ငါကတော့ မင်းမိန်းမ မယူချင်လို့ တစ်သက်လုံး တစ်ယောက်တည်းနေမယ်ဆိုလည်း ကျေနပ်တယ်။ ပေါက်ကရတွေနဲ့တော့ ပေါက်ကရတွေ မဖြစ်စေချင်ဘူး'

ရန်နိုင်က ချိုဇော့်မျက်နှာကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ရယ်လိုက်မိသည်။ ခင်နွေးထွေးနှင့် ဘုရားမှာဆုံဖူးသည့်အကြောင်းကိုလည်း ချိုဇော့်ကိုပြောပြဖို့ စိတ်မကူးတော့။ အလကားနေရင်း ဘာမှန်းညာမှန်း ရေရေရာရာမသိဘဲ စိတ်ပူပန်နေပုံရသည်။ ဒီကောင့်ပုံစံကိုပဲကြည့်ပြီး ရယ်နေချင်မိတော့သည်။

'အေးပါ၊ ရယ်ပါ ရယ်ပါ၊ ခုတော့ ရယ်ထားပါ။ နောက် ငိုမဲ့မဲ့ဖြစ်တော့မှ ဆရာချိုရယ် ကယ်ပါဦး ဘာဦးလာမလုပ်နဲ့။ သွားတော့မယ်။ မင်းလိုကောင်ကို ဆုံးမစကားပြောရတာလည်း အလကားလေကုန်ပါတယ်။ ပြန်မပြော

www.burmeseclassic.com

www.burmeseclassic.com



အားဆောင်နဲ့

သူပြောချင်ရာပြောပြီး အခန်းထဲမှထွက်သွားသော ချိုဇော်ကျောပြင်ကိုကြည့်ပြီး ရန်နိုင် နေမကောင်းချင်ဖြစ်နေတာတောင် နည်းနည်းပျောက်သွားသလို ဖြစ်သွားသည်။ ချိုဇော်နှင့်ရန်နိုင်က ဟိုးသူငယ်တန်းကတည်းက ခင်လာကြတာမို့ သူငယ်ချင်းဆိုပေမယ့်လည်း သံယောဇဉ်အတိုင်းအတာက ညီအစ်ကိုအရင်းတွေထက်တောင် ပိုချင်ပါသေးသည်။

ချိုဇော်က နေရာတကာ ပွပွပင်ပင်နှင့် သွေးဆူလွယ်သလောက် ရန်နိုင်ကလည်း လိုအပ်တာထက်ပိုပြီး သွေးအေးလွန်းလှသည်။ ဒါကို ချိုဇော်က ရန်နိုင့်ကို ဘယ်တော့မှ အားမရ။ ရန်နိုင်ကလည်း အရာရာကို သည်းညည်းခံတတ်၊ လိုက်လျောတတ်၊ အားနာပေးတတ်တာက သူများတကာထက် ပိုပါသည်။

အခုလည်း ချိုဇော်က မိုးစက်ရဲ့ကောင်မလေးကို ရန်နိုင် စိတ်ဝင်စားသွားမှာ သူက ရှေ့ကနေ အသေအလဲ ပွပန်နေပြန်သည်။

ရန်နိုင်ကလည်း အခုမှ စိတ်ကူးယဉ်မယ်ကြံကာရှိသေး ရန်နိုင့်စိတ်ကူး ချိုဇော် စောစောစီးစီး ဖျက်တာနဲ့ပဲ ပျက်ရချည်သေးရဲ့လို့တွေးပြီး ကိုယ့်စိတ်ကူးကို ရှေ့ဆက်သင့် မဆက်သင့် ပြန်စဉ်းစားရမလို ဖြစ်နေသည်။



သို့သော်လည်း-

တစစ်စစ်ကိုက်နေသည့် ခေါင်းထဲမှာတော့ ခင်နွေးထွေး၏ပုံရိပ်က ကော်ပီဆွဲထားသလို ထင်ထင်ရှားရှား ရှိနေပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဒီနေ့တော့ project ထဲမှာ ချိုဇော်ရော၊ ရန်နိုင်ရော၊ မိုးစက်ပါ သုံးယောက်လုံးဆုံကြသည်။ ကျန်ရှိနေသေးသော မြေကွက်တွေကို အထူးဈေးနှုန်းဖြင့် ရောင်းချဖို့နှင့် ထောင့်ရောက်နေသော မြေကွက်တွေကိုတော့ သတ်မှတ်ဈေးထက် လျှော့ဖို့ စီစဉ်ဖြစ်ကြသည်။

Project မြေပုံရှေ့မှာ မြေကွက်နေရာတွေကိုကြည့်ပြီး project မန်နေဂျာ(၄)ယောက်နှင့် တစ်ညနေလုံး အလုပ်တွေ ရှုပ်နေလိုက်ကြသည်မှာ ည(၇)နာရီထိုးမှပဲ ခေါင်းပြန်ဖော်နိုင်သည်။ Sales မန်နေဂျာမလေးတွေခမျာလည်း အိမ်ပြန်နောက်ကျကုန်ကြသည်။ ချိုဇော်တစ်ယောက်ကတော့ အလုပ်လုပ်နေရင်းကြားထဲကမှ ရန်နိုင်နှင့် ခင်နွေးတွေးကို လှမ်းလှမ်းချက်နေသေးသည်။

အလုပ်ပြီးတော့ မိုးစက်က သူ၏အနက်ရောင် volvo

www.burmeseclassic.com

www.burmeseclassic.com



ဘားကို ကိုယ်တိုင်မောင်းလျက် ခင်နွေးတွေးက ရှေ့ခန်းမှာ ထိုင်လျက် အားလုံးကိုနှုတ်ဆက်ပြီး လိုက်ဖက်ညီစွာ ပြန်သွားကြလေသည်။ မိုးစက်တို့ပြန်သည်နှင့် ချိုဇော်က သူ့မျက်ခုံးကြီးပင့်ပြီး အရင်းမရှိအဖျားမရှိစကားနှင့် စကားစလာတော့သည်။

'တွေ့တယ်မဟုတ်လား'

'ဘာကိုတွေ့ရမှာလဲ'

'ဟိုမှာ အတူတူပြန်သွားကြတာကို တွေ့တယ်မဟုတ်လားလို့ ပြောတာကွ'

'တွေ့သားပဲ'

'ဒါဆိုလည်း မင်း သဘောပေါက်ပေါ့ကွာ'

'လာပြန်ပြီ၊ ငါက ဘာကိုသဘောပေါက်ရဦးမှာလဲ'

'ဟေ့ကောင်… ဘာမှ အူကြောင်ကြောင်လုပ်မနေနဲ့။ မင်း ဒီလောက်တော့ မထူသေးဘူး'

'သူ့ငွေနဲ့ သူ့အတွင်းရေးမှူး အတူတူပြန်တာများ ဆန်းသလားကွာ'

'ဟာ… ယောကျ်ား ယောကျ်ားချင်း၊ မိန်းမ မိန်းမချင်းဆိုရင်တော့ မဆန်းဘူးပေါ့ကွာ။ အခုဟာက ယောကျ်ားနဲ့မိန်းမ စုံတွဲကွ။ သူများတကာတွေအတွက် ဆန်းချင်ဆန်းမဆန်းချင်နေ၊ မင်းအတွက်တော့ ဆန်းသင့်တယ်'

'ခက်တယ်'



'အေး… မင်းကြောင့်တော့ ခက်တယ်'

အလကားနေရင်း မလိုသည်များကို လိုက်ပြီးပုံကြီးချဲ့နေသော ချိုဇော့်စကားများကို ဆက်ပြီး နားထောင်မနေတော့ဘဲ ရန်နိုင် ကားပေါ်သို့ ပြေးတက်လိုက်သည်။ ဒါတောင် နောက်နားဆီမှ ချိုဇော်၏ ပွစိပွစိအသံကို ခပ်သဲ့သဲ့ကြားလိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

တစ်ခုသောမနက်ခင်း ရန်နိုင် စက်ရုံထဲရောက်နေစဉ် ရန်နိုင်၏ဆယ်လူလာဖုန်းက အသံမြည်လာခဲ့သည်။ ဆက်သူမှာ ရန်နိုင် ထင်မထားသည့် ခင်နွေးထွေး ဖြစ်နေခဲ့သည်။

'ကိုရန်နိုင်လား မသိဘူး'

'ဟုတ်ပါတယ်။ ကျွန်တော် ရန်နိုင်ပါ'

'သြော်… ဟုတ်ကဲ့ ကျွန်မ ခင်နွေးထွေးပါ'

'မခင်နွေးထွေး ပြောပါခင်ဗျား၊ ဘာကိစ္စရှိလို့ပါလဲ'

'မိုးက ဆက်ခိုင်းလို့ပါ'

မိုးက ဆက်ခိုင်းလို့ပါလို့ပြောသည့် ခင်နွေးထွေးအသံလေးက ရန်နိုင့်စိတ်ကို အနည်းငယ် နောက်ကျိသွားစေသည်။ 'မိုး' လို့ ခင်နွေးထွေးခေါ်သော နာမ်စားလေးကလည်း အင်မတန်မှ ရင်ခုန်ချင်စရာကောင်းနေပါသည်။ သို့ပေမယ့်လည်း ခက်နေတာက 'မိုး'ဟု ဆိုနေခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



'ညနေ site ထဲမှာ သုံးယောက်ဆုံဖို့ ပြောထားတာ အဲဒါ မိုးက ဒီနေ့ သိပ်နေမကောင်းလို့ မလာနိုင်ဘူးဆိုတာ ခွင့်တောင်းတာပါ။ ကိုမျိုးအေးတော့ ရှိနေပါလိမ့်မယ်'

'ကောင်းပါပြီ ခင်ဗျာ'

'ကိုချိုဇော်ဆီ ဆက်သေးတယ်။ ရုံးမှာလည်း မရှိဘူး။ ဆယ်လူလာပိတ်ထားလို့ ကိုရန်နိုင့်ဆီ ဆက်လိုက်ရတာ။ အလုပ်များနေလား မသိဘူး'

'သြော်... မများပါဘူး ရပါတယ်။ ဒါနဲ့ မခင်နွေးထွေး ဘုရားထပ်ရောက်ဖြစ်သေးလား'

စကားကို အကြောင်းမရှိ အကြောင်းရှာပြီး ရန်နိုင် ဆက်လိုက်သည်။ ဘဝမှာ ဒါ ပထမဦးဆုံးအကြိမ် မိန်းမတစ်ယောက်ကို မလိုအပ်သည့် စကားတစ်ခွန်း စပြောမိခြင်းဆိုတာ ကိုယ့်ကိုယ်ကို ရိပ်မိလိုက်သည့်အတွက်လည်း စိတ်ထဲက ရှက်သလိုလို ဘာလိုလို ခံစားလိုက်ရသေးသည်။ သို့ပေမယ့်လည်း-

'နွေးတို့က မေမေ့မွေးနေ့ ကြာသာပတေးနေ့တိုင်း ဘုရားတက်ဖြစ်တယ်'

'အင်း... အရမ်းကောင်းပါတယ်'

'ကိုရန်နိုင်ကော ရောက်လို့လား'

'အဟဲ... အဲဒီနေ့ကနောက်ပိုင်း အခုထိထပ်မရောက်ဖြစ်သေးဘူး။ မခင်နွေးထွေး ဘယ်ကဆက်နေတာလဲ။ အိမ်



ကလား၊ ရုံးကလား'

'နွေး အိမ်က ဆက်နေတာပါ'

'မခင်နွေးထွေးဖုန်းနံပါတ် ကျွန်တော့်ဆီမှာ မရှိသေးဘူး'

ပြောမယ့်ပြော မထူးဘူးဆိုပြီး ရန်နိုင် မျက်နှာပြောင်ပြောင်နှင့်ပင် အရဲစွန့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ရန်နိုင့်စကားကြောင့် ခင်နွေးထွေးက သဘောကျဟန်ဖြင့် ဖုန်းထဲတွင် ချိုချိုလွင်လွင်လေး ရယ်မောလိုက်ပါသည်။

ဖုန်းထဲမှာ ဖြစ်သောကြောင့် ခင်နွေးထွေးမျက်နှာကို ရန်နိုင် မမြင်ရသော်လည်း အေးချမ်းစွာဖြင့် ကြည်လင်နေလိမ့်မည်ဟု ရန်နိုင် ခန့်မှန်းလို့ ရပါသည်။

ဘာပဲဖြစ်ဖြစ်-

အဲဒီနေ့က ခင်နွေးထွေး၏ ဖုန်းနံပါတ်လေးကို ရန်နိုင် ရလိုက်ပါသည်။

✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အခန်းထဲမှာ တစ်ယောက်တည်း ငြိမ်သက်စွာထိုင်ရင်း ခင်နွေးထွေးဖုန်းနံပါတ် ရေးထားသော စာရွက်ကလေးကို ကိုင်ပြီး ငေးနေမိသည်။ ဆက်သင့် မဆက်သင့် ခုချိန်ထိ ရန်နိုင် ဝေခွဲလို့မရဖြစ်နေတုန်းပင်။

ခင်နွေးထွေးကို ရန်နိုင် စိတ်ဝင်စားနေပြီလားလို့လည်း ကိုယ့်ကိုယ်ကို အကြိမ်ကြိမ် မေးနေမိသည်။ ရန်နိုင့်အသက် မငယ်တော့မှန်းလည်း သိပါသည်။ ဒါပေမယ့် ခင်နွေးထွေးနှင့်မတွေ့ခင်အချိန်ထိ ဘယ်မိန်းကလေးကမှ ရန်နိုင့်စိတ်ကို ဆွဲဆောင်နိုင်စွမ်းမရှိခဲ့တာတော့ အမှန်ပင်။ ကျောင်းတုန်းကတော့ ရန်နိုင့်ကိုစိတ်ဝင်စားသည့် မိန်းကလေးတချို့ ရှိခဲ့ဖူးသည်ပဲ။ ရန်နိုင့်ဘက်ကတော့ အားလုံးကို သူငယ်ချင်းအဆင့်ထက် မပိုခဲ့ပါ။ ဒီ့အတွက် မိန်းကလေးအများစုက ရန်နိုင့်ကို ဘဝင်မြင့်သည်၊ ကြီးကျယ်သည်လို့ ကွယ်

www.burmeseclassic.com

www.burmeseclassic.com



ရာမှာ အတင်းပြောတာ ခံခဲ့ရသည်။ ရန်နိုင့်အကြောင်း နားလည်သောမိန်းမဆိုလို့ အိမ်ကမေမေရယ်၊ ချိုဇော့်မိန်းမ မြမှန်ရယ်လောက်ပဲ ရှိမည်။ မသိသည့်လူတွေအတွက်က တော့ ရန်နိုင်ဆိုတဲ့ကောင်က တကယ့်ကို အူတိအူကြောင် ကောင်တစ်ကောင် ဖြစ်ခဲ့ရသည်။

ခင်နွေးထွေးကို စတွေ့တုန်းကတော့ ဘာရယ်မဟုတ် ပါ။ ကိုယ်နှင့်ချိုဇော် စီးပွားရေးလုပ်လာတာ ကြာပြီ။ တစ် ခါမှ အတွင်းရေးမှူးမလေးတစ်ယောက်ထားဖို့ စိတ်ကူးမရှိ ခဲ့ကြပါ။ နောက်မှဝင်လာသည့် ပါတနာအသစ်က အတွင်း ရေးမှူးမလေးနှင့်ဆိုတော့ ရူးစမ်းကြည့် သတိထားမိခြင်း ဖြစ်သည်။ အဲဒီကမှတစ်ဆင့် အေးချမ်းသော သူမရုပ်အသွင် က ရန်နိုင့်ကို ဆွဲဆောင်နိုင်စွမ်းရှိခဲ့သည်။

နောက် ဘုရားမှာ သူမ လာနှုတ်ဆက်တော့ ဟန် ဆောင်မှုကင်းပြီး ရိုးသားသော သူမဆက်ဆံရေးကို စိတ်ထဲ မှာ သဘောကျနှစ်ခြိုက်သွားမိပြန်သည်။ 'ခင်နွေးထွေး' ဆိုသော မိန်းကလေးသည် အေးချမ်းသိမ်မွေ့သည့်အပြင် လျှို့ဝှက်ချက်ကင်းသော၊ ပွင့်လင်းမှုရှိသော မိန်းကလေးတစ် ယောက်လို့ ရန်နိုင် ကောက်ချက်ချမိသည်။

တို့အပြင် ခင်နွေးထွေးကို ဘယ်သူနှင့်မှမပတ်သက် ဘဲ သူမတစ်ယောက်တည်းကိုသာ သီးသန့် ခင်မင်သိကျွမ်း ခွင့်ရခဲ့မည်ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲလို့ တစ်



ဆက်တည်း တွေးမိပြန်သည်။ ယခုတော့ သူမန်ဘေးမှာ ချိုဇော်ပြောသလို 'မိုးစက်' ဆိုသော ယောက်ျားတစ်ယောက် က ယှဉ်တွဲရှိနေခဲ့ပြီ။ သူတို့နှစ်ယောက်၏ ဆက်ဆံရေး၊ သူတို့နှစ်ယောက်၏ ရင်းနှီးမှုအတိုင်းအတာ ဘယ်အထိရှိ သလဲ ရန်နိုင်လည်း မခန့်မှန်းတတ်ပါ။

ဒါပေမယ့်လည်း-

အပေါ်ယံအမြင်မှာတော့ သူတို့နှစ်ယောက်က တစ် ယောက်ကိုတစ်ယောက် သိပ်ကို ဂရုတစိုက်ရှိလွန်းသည်လို့ ရန်နိုင်ထင်မိသည်။ သို့ပေမယ့်လည်း လောလောဆယ် အခြေ အနေမှာတော့ ရန်နိုင့်ရင်ထဲ ဘယ်တုန်းကမှ မပေါ်ပေါက်ခဲ့ဖူး သော စိတ်ခံစားမှုတစ်ခုဖြင့် ခင်နွေးထွေးကို သဘောကျ သည်လို့ တစ်ယောက်တည်း ဝန်ခံနေမိသည်။ ခင်နွေးထွေး၏ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်လေးတွေက ရန်နိုင့် အတွက် စိတ်ဝင်စားစရာ၊ ကြည်နူးစရာ ဖြစ်နေခဲ့ပြီ။

ရန်နိုင်သည် ရှေ့ဆက်ချင်နေသေးသည့် တောင်စဉ် ရေမရ အတွေးတွေကို ကြိုးစားကာ ဖြတ်ချလိုက်ရင်း လက် ထဲမှာ အဆင်သင့်ရှိနေသော ဖုန်းမှန်ပါတ်လေးများကို တစ် ခုချင်း ဖြည်းညှင်းစွာ နှိပ်လိုက်မိလေသည်။

❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

'မခင်နွေးထွေးနဲ့ ပြောချင်လို့ပါ ခင်ဗျာ'

'နွေးထွေးပါ၊ ဘယ်သူပါလဲ'

'ကျွန်တော် ရန်နိုင်ပါ'

'သြော်… ကိုရန်နိုင် ဘာကိစ္စများရှိလို့ပါလဲ'

ခင်နွေးထွေးက ဘာကိစ္စရှိလို့လဲလို့ ပြန်မေးတော့ ရန်နိုင့်မှာ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဖြစ်သွားရသည်။

'ဟို… ဘာကိစ္စမှတော့ မရှိပါဘူး။ ကျွန်တော် ဒီအတိုင်း မခင်နွေးထွေးနဲ့ စကားပြောချင်လို့ ဆက်လိုက်တာပါ'

ရန်နိုင့်စကားအဆုံးမှာ ခင်နွေးဘက်က ရုတ်တရက် ဘာအသံမှပြန်မလာဘဲ ခဏငြိမ်သက်သွားသည်။ ပြီးတော့မှ ခင်နွေးထွေးက တိုးညင်းစွာ စကားစလေသည်။

'ကိုရန်နိုင့်ကို မိုးပြောတယ် မဟုတ်လား။ ကိုတို့

www.burmeseclassic.com

www.burmeseclassic.com



ကျော်နဲ့ ကလပ်မှာဆုံတဲ့အကြောင်းလေ။ မိုးက အရက်သောက်တဲ့သူတွေဆို သိပ်အဆင်ပြေတာ မဟုတ်ဘူး။ ဒါပေမယ့် အဲဒီနေ့က ထူးထူးဆန်းဆန်း ကိုရန်နိုင်ပြောတဲ့ စကားတွေကို စိတ်ရှည်လက်ရှည် နားထောင်ပေးခဲ့တယ်တဲ့’

ခင်နွေးထွေး ဘာကိုဆိုလိုချင်လဲ ရန်နိုင် မသိသေးပါ။ သို့သော် ခင်နွေးထွေး၏ စကားသံလေးထဲတွင် ရယ်သံလေး မသိမသာစွက်နေသည်လို့တော့ ရန်နိုင် ထင်မိသည်။

‘အဲဒီနေ့က ကလပ်ကအပြန် မိုးက နွေးထွေးကို ဖုန်းဆက်ပြောပြလို့ နွေးထွေးသိရတာ။ ကိုရန်နိုင်က မိုးကို သိမနေခဲ့ပေမယ့် မိုးကတော့ ကိုရန်နိုင့်ကို သူနဲ့အတူတူ အလုပ်လုပ်ရမယ့်သူမှန်း အဲဒီထဲက ကြိုသိသွားခဲ့တာတဲ့’

မှားပြီလို့ ဖုန်းနားထောင်ရင်းနဲ့ ရန်နိုင် ခပ်ပြုံးပြုံး တွေးမိသည်။ ဖုန်းစဆက်တုန်းကတော့ အကြောင်းမရှိ အကြောင်းရှာပြီး ကြံဖန်စကားပြောချင်ခဲ့တာ ရန်နိုင် ဖြစ်သည်။ တကယ်တမ်း ပြောဖြစ်တော့ ခင်နွေးထွေးချည်း ဖြစ်လို့နေတော့သည်။ သူမ ပြောတိုင်းလည်း ရန်နိုင့်မှာ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ ရေငုံနှုတ်ပိတ်နေနေရသည်။ အဲဒီညက ရန်နိုင် တော်တော်မူးသွားမှန်း နောက်မှသိရပေမယ့် အစဖော်သူက ဖော်လာတော့ ရန်နိုင့်မှာ ကျဉ်းထဲကျပ်ထဲရောက်လို့နေရတော့သည်။

‘အခုတော့ ကျွန်တော် အရက်မသောက်ထားပါဘူး မခင်နွေးထွေး’



ရန်နိုင့်စကားကြောင့် ခင်နွေးထွေးက ဟက်ဟက်ပက်ပက်ကလေး ရယ်ပါသည်။ ပြီးတော့မှ -

‘နွေးထွေးကို သူများတွေခေါ်သလို ရင်းရင်းနှီးနှီး နွေးထွေးလို့ခေါ်လို့ ရပါတယ်။ နာမည် အပြည့်အစုံကြီးကို ‘မ’ တပ်ပြီး ခေါ်နေတော့ ကိုရန်နိုင် မောမှာစိုးလို့ပါ’

‘အင်း… ကျွန်တော့်မှာက မိန်းကလေးမိတ်ဆွေ သိပ်မရှိဘူးဗျ။ အဲဒီတော့ ကျွန်တော် စကားမှားမှာလည်း ကြောက်ရသေးတယ်။ မခင်နွေးထွေးဆိုတာထက်စာရင် နွေးထွေးလို့ခေါ်ရတာကို ကျွန်တော်ကလည်း ပိုပြီးသဘောကျပါတယ်’

ရန်နိုင်က စကားလုံးတွေကို သွယ်ဝိုက်မနေတော့ဘဲ ကိုယ် ပြောချင်တာကိုသာ ရှင်းရှင်းနှင့်တိုတိုပဲ ပြောလိုက်သည်။

‘ကိုရန်နိုင်နဲ့နွေးထွေး သိတာ ဘာမှမကြာသေးပေမယ့် နွေးထွေး ကိုရန်နိုင့်ကို မြင်မြင်ချင်းခင်မိပါတယ်။ ဒါကြောင့်လည်း ဘုရားမှာတွေ့တော့ နွေးထွေးက အရင်လာနှုတ်ဆက်တာပေါ့’

နွေးထွေးစကားကြောင့် ရန်နိုင့်ရင်ထဲ တော်တော်ပီတိဖြစ်သွားရပြန်သည်။

‘ကိုရန်နိုင်နဲ့နွေးထွေး အသက် ဘယ်လောက်ကွာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ် ထင်သလဲ'

'ဗျာ… အင်း… နွေး… နွေးထွေးက ကျွန်တော့်ထက်တော့ ငယ်မှာပေါ့'

'ဟုတ်ရဲ့လား၊ တော်ကြာ ကြီးချင်ကြီးနေမှာနော်'

ခင်နွေးထွေးက ရွှတ်နောက်နောက်ကလေးပြောတော့နှစ်ယောက်သား ရယ်မောမိကြပြန်သည်။

'ကိုရန်နိုင့်ထက် နွေးထွေးက ဆယ်နှစ်ငယ်တယ်သိလား'

ခင်နွေးထွေးစကားကြောင့် ရန်နိုင် ကိုယ့်ခေါင်းကဆံပင် ကိုယ်မှန်ထဲ ပြေးကြည့်ရမလိုလို ဖြစ်သွားသည်။ ခေါင်းမှာ ဆံပင်ဖြူတွေ သိပ်များနေပြီလားလို့ပါ။

'အေးဗျာ… ကျွန်တော်လည်း ကိုယ့်အသက် ဘယ်အချိန်က ကြီးကြီးသွားမှန်းတောင် မသိလိုက်ပါဘူး။ နေပါဦး၊ နွေးထွေးက အဲလိုပြောရအောင် ကျွန်တော့်အသက်ဘယ်လိုသိနေလဲ'

'မိုးပြောတာ ကိုတိုးကျော်နဲ့ ကိုရန်နိုင်နဲ့က မွေးနေ့အတူတူပဲတဲ့။ အဲဒီညက ကိုရန်နိုင်မူးပြီး မိုးကို မွေးနေ့ဘယ်နေ့ဆိုတာတောင် ပြောပြလိုက်သေးတယ်တဲ့'

'သြော်'

ရန်နိုင့်နှုတ်က မသက်မသာထွက်လာသော လေသံဖြစ်ပါသည်။ ဒါကလွဲ၍လည်း ရန်နိုင် ဘာမှ ထပ်မပြော



တတ်တော့။ ကိုယ့်ကိုယ်ကို တော်တော်ကြောင်တဲ့ကောင်ပဲလို့လည်း ရှုတ်ချမိသည်။ အဲဒီညက ချိုဖော်ကလွဲ၍ သူငယ်ချင်းတွေ ပြန်ဆုံကြတာမို့ ရန်နိုင် ဘယ်လောက်တောင်သောက်ဖြစ်လိုက်လဲ ပြန်လည်း မစဉ်းစားချင်တော့။ အပြန်ကို တိုးကျော်လိုက်ပို့ရသည်ဆိုတော့ ကိုယ့်အခြေအနေကိုယ်ခန့်မှန်းကြည့်ရင်တော့ သိနိုင်ပါသည်။

'အဲဒီညက ကျွန်တော် တော်တော်မူးနေတာတော့ အမှန်ပါပဲ။ ဘာမှကို မမှတ်မိတော့ဘူး။ ကလပ်ဆိုတော့နည်းနည်းလည်း မှောင်နေတယ်မဟုတ်လား။ လူတွေလည်းဘယ်သူဘယ်ဝါ ကျွန်တော် သေချာ မသိတော့ဘူး။ ကိုမိုးစက်ကို မမှတ်မိတာကတော့ ကျွန်တော် တကယ်အားနာနေပါတယ်'

'ဘာမှ အားနာစရာ မရှိပါဘူး ကိုရန်နိုင်ရယ်။ မိုးကလည်း ကိုရန်နိုင် မူးနေတာကိုကြည့်ပြီး ခင်သွားတာ။ မမူးတဲ့အချိန်ဆို ကိုရန်နိုင့်မျက်နှာက ရှုတည်တည်နဲ့ ခင်စရာမကောင်းဘူးတဲ့။ မိုးက အဲလိုပြောတယ်'

ခင်နွေးထွေးပြောပုံအရဆိုရင်တော့ ရန်နိုင်တို့ အမြဲသောက်နေရမလို ဖြစ်တော့မည်။ ဒါဆိုရင် ရန်နိုင့်အကြိုက်ဖြစ်နေဦးမှာပေါ့။ အင်း… ဒါလည်း မဖြစ်သေးပါ။

'နွေးထွေး အားကောအားရဲ့လား၊ ကျွန်တော်နဲ့စကားပြောရတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုအချိန်တွေဆို နွေးထွေး အားပါတယ်'

'အဲဒါဆို နောက်နေ့မှပဲ ကျွန်တော် ဆက်တော့မယ်။ ဖုန်းပြောတာလည်း နည်းနည်းကြာသွားပြီ။ ကျေးဇူးပဲဗျာ ကျွန်တော့်ကို လက်ခံစကားပြောတဲ့အတွက်။ ဒါပဲနော် နွေးထွေး'

ဆက်ခွင့်ရှိလား ဘာညာ ရန်နိုင် ဆက်မမေးတော့ပါ။ စိတ်ထဲရှိတာပြောပြီး ဖုန်းကို ချလိုက်မိသည်။ ဖုန်းချအပြီး အိပ်ရာပေါ် ခေါင်းအုံးနှင့်မျက်နှာ အပ်မိသည့်အချိန်မှာတော့ နွေးထွေးနှင့် စကားပြောလိုက်ရခြင်းအပေါ် ရန်နိုင်တစ်ယောက်တည်း ကျိတ်ပြီး ကျေနပ်စွာဖြင့် ကြည်နူးပီတိဖြစ်နေရလေတော့သည်။

## အခန်း (၁၂)

ဒုတိယအကြိမ် နွေးထွေးနှင့် ဖုန်းပြောဖြစ်သည့်အချိန်မှာတော့ နွေးထွေး၏ ဘဝတစ်စိတ်တစ်ဒေသကို ရန်နိုင် သိခွင့်ရခဲ့ပါသည်။ နွေးထွေးက သူ့ဘဝအခြေအနေကို ရန်နိုင့်အား စိတ်ရှည်လက်ရှည် ပြောပြခဲ့သည်။

'နွေးထွေးတို့က ဆင်းရဲပါတယ်။ ဖေဖေက နွေးထွေး ဆယ်တန်းရောက်တဲ့နှစ်မှာပဲ ဆုံးတယ်။ ဖေဖေမရှိတော့ပေမယ့် နွေးထွေးတို့မိသားစုကို မိုးတို့မိသားစုက ဒီနေ့ဒီအချိန်ထိ စောင့်ရှောက်နေခဲ့တုန်းပါပဲ'

'မိုးစက်နဲ့ နွေးထွေးက ငယ်ငယ်ကတည်းက သူငယ်ချင်းတွေလား'

'နွေးထွေး မိုးတို့ခြံထဲ စရောက်ကာစက မိုးက ကိုးနှစ်၊ နွေးထွေးက ခြောက်နှစ်၊ နွေးထွေးညီမလေးက တစ်နှစ်သမီးလောက်ပဲ ရှိဦးမယ်။ မိုးက နွေးထွေးထက် သုံးနှစ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးသာယ်။ အဲဒီအချိန်ကတည်းက မိုးနဲ့နွေးထွေးက အတူတူ ကျောင်းတက်၊ အတူတူကစားနဲ့ နေခဲ့ကြတာပေါ့'

'ဪ... ဒါဆို နွေးထွေးတို့နှစ်ယောက်က တကယ့်ငယ်သူငယ်ချင်းတွေပေါ့'

'မိုးက အဖော်မရှိတော့ နွေးထွေးကို သိပ်ခင်ခဲ့တာ။ နိုင်လည်းနိုင်ပါတယ်။ နွေးထွေးက သူ့ထက်ငယ်ပေမယ့် အမြဲတမ်း သူ့ကို အလျှော့ပေးခဲ့ရတာချည်းပါပဲ'

'မိုးစက်က တခြားမောင်နှမ မရှိဘူးလား'

'ဟင့်အင်း... သူတစ်ယောက်တည်းရှိတာ။ ဘဘကြီးနဲ့ မေမေကြီးကလည်း မိုးကို သိပ်အလိုလိုက်တာ။ ဒါပေမယ့် မိုးက ဟိုးငယ်ငယ်လေးကတည်းက ဟောဟောရမ်းရမ်း မဆိုးရှာပါဘူး။ နွေးထွေးမိဘတွေဆိုရင်လည်း သူ့ဆွေမျိုး အရင်းအချာတွေလို ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါတယ်'

'နွေးထွေးတို့က အခု ဘယ်မှာနေတာလဲ။ မိုးစက်တို့ခြံထဲမှာပဲလား'

'ဟုတ်ဘူး။ ဖေဖေဆုံးတော့ မေမေက သူ စုထားတဲ့ ပိုက်ဆံလေးနဲ့ ဒဂုံမြို့သစ်ဘက်က တိုက်ခန်းလေးကို ဝယ်လိုက်ပြီး ပြောင်းနေကြတယ်။ မိုးမိဘတွေကတော့ တားပါတယ်။ ဒါပေမယ့်လည်း မေမေက ဖေဖေမရှိတော့ အဲဒီခြံထဲမှာ မနေချင်တော့ဘူး ထင်ပါရဲ့။ အခုတော့လည်း နွေးထွေးတို့



ညီအစ်မ နှစ်ယောက်က မေမေ့ကိုလုပ်ကျွေးပြီး မေမေလည်း ဘုရားသွားကျောင်းတက်နဲ့ပဲ အချိန်ကုန်နေတော့တာပေါ့'

'နွေးထွေးက မိုးဆီမှာမလုပ်ခင် တခြားမှာ လုပ်ဖူးသေးလား'

'နွေးထွေး ကျောင်းပြီးပြီးချင်း ကုန်သွယ်ရေးရုံးမှာ အလုပ်ရတယ်။ အဲဒီကမှ မိုးပြန်လာတော့ အလုပ်ထွက်ပြီး မိုးဆီမှာ လုပ်ဖြစ်တာပဲ'

'မိုးစက်က အရင်ဘာလုပ်လို့လဲ'

'မိုးက ဆယ်တန်းအောင်ပြီးတော့ ဩစတြေးလျမှာ ကျောင်းသွားတက်တယ်လေ။ နွေးထွေးတို့ခြံထဲကရွှေ့တော့ သူတောင် မသိဘူး။ ကျောင်းပိတ်လို့ ပြန်လာတော့ နွေးထွေးတို့ ခြံထဲမှာမရှိမှန်းလည်းသိရော နွေး တော်တော်နားပူသွားတယ်'

နွေးထွေးက ရှင်ရှင်ပျပျလေးနှင့် စကားတွေပြောနေပေမယ့် ရန်နိုင့်မှာ နွေးထွေးစကားတွေကို နားထောင်ပြီး နွေးထွေးအပေါ် ကရုဏာသက်နေမိသည်။ နွေးထွေးတို့က ဆင်းရဲတယ်ဆိုသော စကားကလည်း ဦးနှောက်ထဲစွဲနေပြီး မိုးစက်ကျေးဇူးတွေ နွေးထွေးအပေါ် ရှိနေသလားဆိုတာကိုလည်း ရေရေရာရာ သိချင်နေမိပြန်သည်။

'ဒါဆို မိုးစက်က ဟိုမှာ ကျောင်းပြီးတာပေါ့'

'ဟုတ်တယ်။ ဩစတြေးလျက University of

www.burmeseclassic.com

www.burmeseclassic.com



Melbourne မှာ M.B.A နဲ့ပြီးတာ'

'သြော်...'

မိုးစက်က နယ်နယ်ရရတော့ မဟုတ်ပါလားလို့ ရန်နိုင် တွေးလိုက်မိသည်။ အဘယ့်ကြောင့်ဆိုသော် မိုးစက် ပြီးခဲ့သောကျောင်းက သြစတြေးလျမှာ နာမည်ကြီးကျောင်း တစ်ကျောင်းမှန်း ရန်နိုင် သိထားသောကြောင့် ဖြစ်ပါသည်။

''နွေးထွေးတို့မိသားစုအပေါ်မှာ မိုးတို့ကျေးဇူးတွေ အများကြီးရှိပါတယ်။ ပြန်ဆပ်ရမယ်ဆိုရင် ဒီတစ်သက် ဆပ်လို့ကုန်မယ် မထင်ပါဘူး ကိုရန်နိုင်ရယ်'

ရန်နိုင် သိချင်နေသော အကြောင်းအရာကို နွေးထွေး နှုတ်က ဖွင့်ပြောလိုက်သည့်အချိန်တွင် ရန်နိုင့်ရင်ထဲ အနည်းငယ်မောသွားရသည်။ နွေးထွေး မကြားအောင် သက်ပြင်းမောကို အသာခိုးချမိသည်။

'ဖေဖေက နွေးထွေးတို့ မမွေးခင်ကတည်းက မိုးမိဘတွေဆီမှာ အလုပ်လုပ်တာ။ မိုးမိဘတွေအတွက်တော့ ဖေဖေက ဒရိုင်ဘာဆိုရင်လည်း ဟုတ်တယ်။ လူယုံဆိုရင်လည်း ဟုတ်တယ်ပေါ့လေ။ နောက် နွေးထွေးတို့မိသားစု နေထိုင်ရေး အခက်အခဲကိုသိလို့ ဘဘကြီးက နွေးထွေးတို့ကို ခြံထဲကအိမ်လေးတစ်ခုမှာ နေရာပေးခဲ့တာ။ မေမေဆိုရင်လည်း မိုးတို့အိမ်ရဲ့ စားဖိုမှူးတစ်ယောက် ဖြစ်သွားခဲ့ပေမယ့် တန်ရာတန်ကြေးလခအပြင် နွေးထွေးတို့ ကလေးတွေအတွက် ကျောင်းစားရိတ်ကအစ လိုလေသေးမရှိအောင် ဘဘကြီးတို့က ထောက်ပံ့ပေးခဲ့ကြတယ်။ နွေးထွေးနဲ့ ညီမလေး ကျောင်းပြီးတဲ့အထိ ဘဘကြီးတို့ကပဲ ကျောင်းထားပေးခဲ့ကြတယ်လေ'



မိုးစက်မိဘတွေက တော်တော်ကြီးကို သဘောထားပြည့်ဝကြမည့်သူများပဲလို့ ရန်နိုင် ကောက်ချက်ချမိသည်။

'မိုးစက် မိဘတွေက အခုရှိသေးလား'

'ရှိသေးတယ်။ မိုးတို့က (၇)မိုင်မှာ နေကြတယ်လေ'

'မိုးက အလုပ်သိပ်လုပ်တယ် ကိုရန်နိုင်ရဲ့။ သူ့မိဘတွေ လက်ထက်ထဲကလုပ်တဲ့ Export, Import ကိုလည်း အခုထိလုပ်တုန်းပဲ။ ဒီအိမ်ရာ project ကိုလည်း သူ ဘာကြောင့်လုပ်လဲ နွေးထွေးဖြင့် စဉ်းစားလို့မရပါဘူး။ စားမယ့်သူလည်းမရှိဘဲနဲ့ ပိုက်ဆံတွေ နင်းကန်ရှာနေတယ်'

နောက် ရှိချင်ရှိလာမှာပေါ့လို့ ရန်နိုင် စိတ်ထဲမှ အဆိုးတိတ် ရေရွတ်မိသည်။ မိုးစက်အကြောင်း နွေးထွေးက တွေးတွေးဆဆလေး ပြောနေတာကို ရန်နိုင်ကလည်း စိတ်ဝင်စားပါသည်။ ဦးအေးဝင်းနှင့် မိုးစက် ဘယ်လိုပတ်သက်လဲဆိုတာကို ရန်နိုင် သိချင်သေးသော်လည်း မမေးတော့ပါ။ နွေးထွေးနှင့် စကားပြောဖြစ်သည့်အထဲမှာ မိုးစက်အကြောင်းတွေဘာ အကုန်အကောင်းတွေချည်း ဖြစ်သည်။

ပြီးတော့-

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးစကားအရဆိုလျှင် နွေးထွေးနှင့်မိုးစက်က သာမန်ငယ်သူငယ်ချင်းအဆင့်မှာပဲ ရှိပါသည်။ သို့သော်လည်း မိုးစက်လို အစစအရာရာ ပြည့်စုံကြွယ်ဝသည့် ထူးချွန်သောလူငယ်တစ်ယောက်နှင့် ရန်နိုင့်လို ပိုက်ဆံကလည်းမပေါများ၊ ရုပ်ရည်ကလည်း စိတ်ဝင်စားစရာမရှိ၊ အသက်ကလည်း သုံးဆယ်ကျော်နေသည့် လူတစ်ယောက်က ဘယ်လို ပုံသဏ္ဍာန်နှင့် ယှဉ်ပြိုင်လို့ နိုင်နိုင်ပါလိမ့်မလဲ။ စိတ်မာတ်မကျပေမယ့် အနည်းငယ်တော့ အားငယ်မိပါသည်။

'ကိုရန်နိုင်ကကော ဘာနဲ့ ကျောင်းပြီးတာလဲဟင်'

'ကျွန်တော် civil နဲ့ ပြီးတာပါ။ အခုအချိန်မှာတော့ ကျွန်တော်ရထားတဲ့ဘွဲ့က ကျွန်တော့်အလုပ်နဲ့ အင်း… နည်းနည်းတော့ နီးစပ်တယ်ပေါ့ဗျာ။ ဒါပေမယ့်လည်း ကျွန်တော် ခုချိန်ထိ ကြိုးစားနေရတုန်းပါပဲ'

'ကိုရန်နိုင်လည်း တော်တော် အလုပ်လုပ်နိုင်တာပဲ။ မိုးကပြောတယ်။ ကိုရန်နိုင့်မှာတဲ့၊ အထည်ချုပ်စက်ရုံတစ်ခုလည်း ရှိသေးတယ်တဲ့'

မိုးစက်က ရန်နိုင့်အကြောင်း သိလှချည်လားလို့ ရန်နိုင် တွေးမိသည်။ ဒါမှမဟုတ် ဟိုညကပဲ ရန်နိုင် မူးမူးနှင့် ပြောပြခဲ့မိလား မပြောတတ်။

'ဒီလိုပါပဲဗျာ။ အစတုန်းကတော့ နိုင်ငံခြားသားတစ်ယောက်နဲ့ ဖက်စပ်လုပ်တာပါ။ အခုမှ ကျွန်တော် တစ်ယောက်တည်းပိုင် ဖြစ်သွားတာ။ ကျွန်တော်လည်း ရုန်းကန်ခဲ့ရတာပါပဲ နွေးထွေးရယ်။ ဒါပေမယ့်လည်း ကျွန်တော်ကိုယ်တိုင်ကိုက အဲဒီလို ခက်ခက်ခဲခဲရတဲ့ ရလဒ်ကို ပိုပြီး သဘောကျမိတယ်'

'ကိုရန်နိုင်နဲ့မိုးက ခယူချက်ချင်းတွေ ခပ်ဆင်ဆင်ပဲ'

ကျွန်တော်ကတော့ မတူချင်ပါဘူးဗျာလို့ စိတ်ထဲမှာကျိတ်ပြီး ထပ်ပြောမိသည်။ ဘာပဲဖြစ်ဖြစ် ထိုညက ရန်နိုင်နှင့်နွေးထွေး ရောက်တတ်ရာရာ သူ့အကြောင်း၊ ကိုယ့်အကြောင်း စကားတွေ အများကြီးပြောဖြစ်ကြရင်း တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးမှုက ပိုတိုးတက်လာခဲ့လေသည်။

ရန်နိုင့်အတွက်ကတော့ အိပ်မက်လှလှ မက်ခဲ့ရသည့် နေ့ရက်များပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ည(၇)နာရီအထိ site ထဲမှာ ချိုဇော်နှင့်အတူ မပြန်နိုင်ကြသေးဘဲ အလုပ်တွေရှုပ်နေကြစဉ် ရန်နိုင့်ဆယ်လူလာဖုန်းက မြည်လာသည်။ နံပါတ်ကိုကြည့်လိုက်တော့ နွေးထွေး ဖုန်းနံပါတ်ဖြစ်နေသဖြင့် ချိုဇော့်ရှေ့မှာ မင်သေသေနှင့် 'ကျွန်တော် ပြန်ဆက်ပါ့မယ်' လို့ပဲပြောပြီး ဖုန်းချလိုက်ရသည်။ ဒါတောင် ချိုဇော်က ရန်နိုင့်မျက်နှာကို သင်္ကာမကင်းသည့်ပုံစံဖြင့် လိုက်ကြည့်နေသေးသည်။ ရန်နိုင် ခပ်တည်တည်ဖြင့် အလုပ်အကြောင်း ဆက်ပြောတော့မှ ကိုယ်တော်က အလုပ်ထဲပြန်ပြီး ရှာနဝင်သွားသည်။

အိမ်အပြန် ကားမောင်းရင်း နွေးထွေး ဘာကြောင့် ရန်နိုင့်ဆီ ဖုန်းဆက်သလဲ ရန်နိုင် စဉ်းစားနေမိသည်။ ခါတိုင်းဆို ဖုန်းက ရန်နိုင်ကပဲ အမြဲဆက်နေကျ။ ဒီနေ့ည နွေးထွေးဆက်လာသည်ဆိုတော့ နွေးထွေး တစ်ခုခုပြောစရာ

www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ပဲလို့ ရန်နိုင် သိလိုက်သည်။ ကားပေါ်မှ ပြန်ဆက်ရင်ရသော်လည်း အေးအေးဆေးဆေး စကားပြောလို့ရအောင် အိမ်ကျမှပဲ ဆက်တော့မည်လို့တွေးပြီး အိမ်ကို မြန်မြန်ရောက်အောင်သာ ကားကိုမောင်းလာခဲ့သည်။ အိမ်ရောက်တော့ ရေမိုးချိုး၊ အဝတ်အစား မြန်မြန်လဲပြီးတာနှင့် ထမင်းတောင်မစားဘဲ နွေးထွေးဖုန်းနံပါတ်ကို အရင်ဆုံးကောက်နှိပ်ဖြစ်မိသည်။ နွေးထွေး ဖုန်းလာကိုင်ပါသည်။

'နွေးထွေး ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး ကိုရန်နိုင်ရယ်၊ စိတ်ထဲမှာ ကိုရန်နိုင် site ထဲက ပြန်သွားလောက်ပြီအောက်မေ့ပြီး ဆက်လိုက်မိတာ'

'ဟုတ်တယ်၊ ကျွန်တော်လည်း ဘေးနားမှာ ချိုဇော်ရှိနေတာနဲ့ ပြန်ဆက်မယ်ပြောလိုက်ရတာ အားနာတယ်'

'အို... ဘာမှ အားနာစရာ မဟုတ်ပါဘူး။ နွေးထွေးက ပြောစရာလေးရှိလို့ ဆက်လိုက်တာပါ'

'ဘာများလဲ'

'မနက်ဖြန်နေ့လယ် နွေးထွေး တောင်ကြီး ခဏသွားရမယ်'

'ဟင်... ဟုတ်လား၊ ဘာကိစ္စလဲ'

'ကိစ္စက ထွေထွေထူးထူးတော့ မဟုတ်ဘူး။ ဘဘကြီးနဲ့ မေမေကြီး သွားမှာလေ။ အဲဒါ မိုးက လိုက်ပို့မှာဆို



တော့ နွေးထွေး ခဏလိုက်သွားရမယ်။ လေယာဉ်နဲ့ သွားမှာပါ။ သုံးရက်ပဲ ကြာမယ်။ မိုးကလည်း သူ ခရီးသွားမယ့်အကြောင်း ကိုရန်နိုင်တို့ကို ပြောပါလိမ့်မယ်'

မိုးစက်နှင့်အတူတူ ခရီးသွားမည်ဆိုသဖြင့် ရန်နိုင်စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားရသည်။ ဖြစ်နိုင်ရင်တော့ 'မသွားပါနဲ့လား နွေးထွေးရယ်၊ ဘယ်လောက်ပဲ ခင်မင်ပါတယ်ပြောပြော သွေးသားမတော်တဲ့ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ ညအိပ်ညနေခရီးကြီး သွားရမှာကို ကျွန်တော်စိတ်မချပါဘူး' လို့ ပြောလိုက်ချင်ပါသည်။ ဒါပေမယ့်လည်း ရန်နိုင့်မှာ ဒီအခွင့်အရေးက မရှိသေး။ ဒီတော့လည်း ပါးစပ်ကြီးပိတ်ပြီး သက်ပြင်းရှည်ကြီးပဲခိုးချ ဒါပဲရှိသည်ပေါ့။

'နွေးထွေး ပြန်ရောက်ရင် ကိုရန်နိုင့်ဆီ ဖုန်းဆက်မယ်လေ'

နွေးထွေးက ထိုစကားကို ခပ်တိုးတိုးလေးပဲ ပြောပါသည်။

'ကျွန်တော် ညဘက်အားတိုင်း နွေးထွေးဆီ ဖုန်းဆက်နေမိတယ်။ နွေးထွေးကလည်း အားနာနာနဲ့ နားထောင်ရတယ်။ ဒီဒုက္ခက နွေးထွေး သုံးရက်လောက်တော့ သက်သာသွားမှာပေါ့'

'အို... မဟုတ်တာ ကိုရန်နိုင်ရယ်။ နွေးထွေး ကိုရန်နိုင့်ကို တကယ်ခင်ပါတယ်။ ကိုရန်နိုင်နဲ့ စကားတွေပြောရ

www.burmeseclassic.com

www.burmeseclassic.com



တာကိုလည်း ‘နွေးထွေး ပျော်ပါတယ်’

အဲဒီနောက် နှစ်ယောက်သား စကားမဆက်ဖြစ်ဘဲ အနည်းငယ်ငြိမ်သက်သွားကြပြန်သည်။ ပြီးတော့မှ ရန်နိုင်ကပဲ စကားစလိုက်သည်။

‘ကဲ… နွေးထွေးလည်း ခရီးသွားရမှာဆိုတော့ မနက်ဖြန်အတွက် လုပ်စရာရှိတာ၊ ပြင်ဆင်စရာရှိတာ ပြင်ဆင်လေ။ ပြန်လာမှ တွေ့ကြတာပေါ့၊ ဟုတ်ပြီလား’

‘ဟုတ်ကဲ့… တောင်ကြီးကို ကိုရန်နိုင် ဘာမှာစရာရှိသေးလဲဟင်’

‘မရှိပါဘူးဗျာ။ နွေးထွေးသာ ကျန်းမာရေး ဂရုစိုက်ပါ။ ဟိုမှာက ရာသီဥတုအေးတယ်မဟုတ်လား။ နွေးနွေးထွေးထွေးနေပေါ့’

‘ဟုတ်ကဲ့’

ပြောပြီး နွေးထွေးက ဖုန်းကိုမချသေးဘဲ ကိုင်ထားတော့ တစ်ဖက်မှ ရန်နိုင်ကလည်း ဖုန်းကို ဆက်ကိုင်ထားရပြန်သည်။ နွေးထွေး ရန်နိုင့်ကို တစ်ခုခုပြောချင်နေသေးတာလား။ ခဏနေတော့ နွေးထွေးဆီက အသံလေးထွက်လာပါသည်။ ရင်ခုန်ချင်စရာ လှုပ်လှုပ်ခတ်ခတ် အသံလေးတစ်ခု။

‘ကိုရန်နိုင်’

‘အင်း… နွေးထွေး ဘာပြောချင်သေးလို့လဲ’

‘ဟို… အဲ… အဟင်း… တခြားတော့ မဟုတ်ပါ



ဘူး။ နွေးထွေးနဲ့ စကားမပြောဖြစ်လို့ဆိုပြီး ညဘက် သူငယ်ချင်းတွေနဲ့ အရက်တွေသောက်မနေနဲ့ဦးလို့ ပြောမလို့။ ဒါပဲ သိလား’

နွေးထွေးက ရှက်တက်တက်ကလေးပြောပြီး ဖုန်းချသွားသည့်အချိန်မှာတော့ ရန်နိုင်တစ်ယောက် ပြုံးပြုံးကြီး ကျေနပ်နေမိပါသည်။ ရင်ထဲမှာလည်း နွေးထွေးနှင့်ပတ်သက်သည့် ရင်ခုန်ကြည်နူးမှုတစ်ခုက လှုပ်ရှားယိမ်းထိုးကာ ဖွဲ့ဖွဲ့ထင်ထင် ကျန်နေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ချိုဇော်က အစကတည်းက ကြိုတော့ပြောပါသည်။ နောက်တော့မှ ငိုမဲ့မဲ့မျက်နှာနှင့် ချိုဇော်ရေ ကယ်ပါဦးလို့ မပြောနဲ့ဆိုတာလေ။ ဟုတ်တော့လည်း ဟုတ်ပါသည်။ တကယ်တမ်းကျတော့ ရန်နိုင့်အတွက် ကိုယ်ရေးကိုယ်တာ ကိစ္စတိုင်ပင်ဖို့ တိုးတိုးဖော်ဆိုလို့ ပြေးကြည့်မှ ချိုဇော် တစ်ယောက်သာ ရှိပါသည်။

နွေးထွေး တောင်ကြီးကိုသွားပြီဆိုတဲ့နေ့ကတည်းက ရန်နိုင်တစ်ယောက် နေမထိထိုင်မသာနှင့် အထီးကျန်ဝေဒနာပဲ စွဲကပ်လာသလို ဘာလိုလို ညာလိုလို ခံစားခဲ့ရသည်။ ညဘက် ဖုန်းပြောနေကျအချိန်တွေဆိုရင်တော့ အဆိုးဆုံးပင်။ နွေးထွေးကို ဘယ်လိုမှ မေ့ထားလို့မရအောင် သတိတွေ စွတ်ရနေမိသည်။ ဒါမျိုး တစ်ခါမှလည်း မခံစားဖူးတာမို့ ရန်နိုင့်မှာ တော်တော့်ကို ကသိကအောင့် ဖြစ်နေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နွေးထွေးက အရက်မသောက်နဲ့လို့ မှာသွားခဲ့တာကိုလည်း အတိအကျ လိုက်နာဖြစ်ပြန်သည်။ နွေးထွေးပြောသွားသော သုံးရက်ဆိုသောအချိန် ကုန်လွန်သွားသည့်နေ့မှာတော့ ရန်နိုင်တစ်ယောက် ဖင်တကြွကြွနှင့်၊ ဆယ်လူလာဖုန်းကိုလည်း အရိပ်တကြည့်ကြည့်နှင့် နွေးထွေး ဖုန်းဆက်လာမည့်အချိန်ကို မျှော်လင့်နေမိတော့သည်။

သို့သော် ညမိုးချုပ်သွားသည့်အထိ နွေးထွေးဆီက ဖုန်းမလာသည့်အခါ ဘယ်လိုမှ မနေနိုင်တော့တာနှင့် နွေးထွေးအိမ်ကို ဖုန်းဆက်လိုက်မိသည်။ နွေးထွေးညီမလေး ဖုန်းလာကိုင်ပြီး နွေးထွေး ပြန်မရောက်သေးကြောင်း၊ ဘယ်နေ့ ပြန်လာမယ်ဆိုတာကိုလည်း ဖုန်းမဆက်သေးကြောင်း သတင်းရသည်။ အဲဒီနောက် ရန်နိုင်သည် ဖုန်းခွက်ကိုကိုင်ပြီး မလှုပ်ရှားနိုင်ဘဲ အချိန်တော်တော်ကြာကြာ ငြိမ်သက်နေခဲ့သည်။ ရင်ထဲမှာ တောက်လောင်နေသော အပူမီးက နွေးထွေးမျက်နှာလေးကို တွေ့ရမှပဲ ငြိမ်းအေးနိုင်တော့မည်ထင်ပါသည်။ သုံးရက်ပဲကြာမယ် ပြောသွားခဲ့သော နွေးထွေးကို ကတိမတည်ဘူးလို့ စွပ်စွဲမိသည်။ တောင်ကြီးမှာ မိုးစက်နှင့်နွေးထွေး ပျော်နေကြပြီလားလို့လည်း မတွေးချင်တွေးချင် တွေးမိပြန်သည်။

နွေးထွေးနှင့်ပတ်သက်၍ ဒီလောက် အချိန်တိုတိုအတွင်းမှာ ဒီလောက်လှုပ်လှုပ်ရှားရှား ဖြစ်သွားလိမ့်မည်လို့



ရန်နိုင် မထင်ထားခဲ့သောကြောင့် ဘဝကယ်တမ်း ရင်ဆိုင်ကြုံတွေ့ရသောအခါ ရန်နိုင့်ရင်ထဲ မခံစားနိုင်အောင်ကို ရုပ်ပျက်ခဲ့ရသည်။ အဆိုးဆုံးကတော့ ကိုယ့်ရင်ထဲကအပူကို ဘယ်သူ့ကိုမှ ဖွင့်ဟတိုင်ပင်လို့ မရနိုင်ခြင်းပင်။

နွေးထွေးမရှိသောအချိန်ကျမှ ရန်နိုင်သည် နွေးထွေးအပေါ် စိတ်ဝင်စားနေရုံအဆင့် မဟုတ်တော့ဘဲ မြတ်မြတ်နိုးနိုး ချစ်လာမိပြီဆိုတာကို ပီပီပြင်ပြင် သိလာခဲ့ရပြီ ဖြစ်သည်။

ဒါပေမယ့်လည်း ဒါတွေကို ဖွင့်ပြောပြဖို့အတွက် ရန်နိုင့်မှာ တိုင်ပင်စရာအဖော်ကလည်း မရှိ။ နောက်ဆုံးတော့ ဘယ်လိုမှ မအောင့်အည်းနိုင်တော့တဲ့အဆုံး ချိုဇော်ကိုပဲ သတိရမိသည်။ ချိုဇော်ကတော့ သူ့ခွင်ထဲဝင်လာပြီမို့ ရန်နိုင့်ကို ကောင်းကောင်းကြီး ဆုံးမတော့မည်ဆိုတာကို ရန်နိုင်ကြိုတင်သိနေပါသည်။ သို့ပေမယ့်လည်း ချိုဇော် ဘယ်လောက်ပဲ ပညာပြပြ ကိုယ့်ဝေဒနာက ဖွင့်ပြောပြလျှင် သက်သာသွားစေနိုင်တာမို့ ချိုဇော်ကိုပဲ တိုင်ပင်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၆

## အခန်း (၁၅)

'မင်း အဲဒီကောင်မလေးကို ချစ်နေတယ်ဆိုတာ သေကော သေချာလို့လား ရန်နိုင်ရာ'

ရှုံ့မဲ့ပြီး ပြောနေသော ချိုဇော့်မျက်နှာကိုကြည့်ပြီး ရုတ်တရက် ရန်နိုင် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရသည်။ ဒီမေးခွန်းက ချိုဇော် မမေးခင်ကတည်းက ရန်နိုင် ကိုယ့်ကိုယ်ကို အကြိမ်ကြိမ်ပြန်မေးကြည့်ခဲ့ဖူးသော မေးခွန်းဖြစ်ပါသည်။ နွေးထွေးအပေါ်မှာ ရန်နိုင် သာယာနေတာလား၊ ခဏတာဖြုတ် စိတ်ဝင်စားမိခြင်းလား၊ ဘဝတစ်လျှောက်လုံး အတူတူ လက်တွဲသွားရမည်ဆိုရင်ကော တကယ်ပဲ ရန်နိုင် လက်တွဲရဲသလား၊ ချစ်မိတာကော တစ်ခဏအတွက်လား၊ တစ်ဘဝလုံးအတွက်လား… စုံလို့ပါပဲ။ ရန်နိုင် ကိုယ့်ကိုယ်ကို ပြန်မေးခဲ့သည့် မေးခွန်းများကို မရေတွက်နိုင်ပါ။ နောက်ဆုံးတော့လည်း [illegible]ဖြေက ဘယ်ယောက်ပဲ[illegible] မာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပဲ အွက်လာပါသည်။ သေချာပါသည်တဲ့။

'မင်းနဲ့ ခင်နွေးထွေးက အပြင်မှာလည်း တစ်ခါပဲ ဆုံဖူးတာ။ ကျန်တာက ဖုန်းထဲမှာပဲ စကားပြောဖြစ်ကြတာ။ ဟုတ်မှလည်းလုပ်ပါ ရန်နိုင်ရာ'

'မင်းကလည်း ဖုန်းထဲမှာ စကားပြောဖူးရုံလေးနဲ့ ရော မကြိုက်ရတော့ဘူးတဲ့လား'

'ရန်နိုင်… သူငယ်ချင်း၊ ချစ်တယ်ဆိုတဲ့စကားကို မင်းက အခုမှ စသုံးဖူးတာပါကွာ။ ငါက သိတတ်တဲ့အရွယ် ကတည်းက ရေလဲသုံးလာတာ။ အခုထိလည်းသုံးလို့ကောင်း တုန်း။ မင်း ငါ့လောက် အချစ်ဆိုတဲ့အရာကို ဝေဖန် မခွဲခြား တတ်သေးပါဘူးကွာ'

အရေးထဲ စိတ်ညစ်ရသည့်ကြားထဲမှာ ဒီသေနာ ကောင်က ဝင်ပြီး ပဏ္ဏာယူနေပြန်ပြီလို့ အမြင်ကတ်ကတ် တွေးလိုက်မိသည်။ သူ့ကိုယ်သူ ဆရာကြီးလိုလို အထာနှင့် ပိုက်ပေးနေတာကို စိတ်ထဲမှာ တော်တော်အူယားနေမိသည်။ ကိုယ့်ကိစ္စ တိုင်ပင်နေရခြင်းမို့ အောင့်သက်သက်နှင့် ငြိမ် နေရခြင်းကို ဒီကောင်က သူ့ကိုယ်သူ အဟုတ်ကြီးထင်နေ ပုံရသည်။ နေနှင့်ဦးပေါ့ကွာလို့ပဲ စိတ်ထဲမှာ အသာတေးထား လိုက်ရသည်။ ပါးစပ်ကတော့ လောလောဆယ် ဖွင့်မပြော ရဲသေး။

'ငါ့အသက်အရွယ်[illegible]က စိတ်ကူးယဉ်ပြီး ပေါက်တတ်



ကရတွေလုပ်တတ်တဲ့အရွယ်လည်း မဟုတ်တော့ဘူး ချီဖော်။ ငါ အခု မင်းကိုတိုင်ပင်တာက နွေးထွေးကို ငါ ချစ်နေမိပြီ ဆိုတာ သေချာတယ်။ တစ်ဘဝလုံးအတွက် လက်တွဲရမယ် ဆိုရင်လည်း ငါ့ဘက်ကအဆင်သင့်ပဲ။ တစ်ခုပဲ ရှိတယ်…'

'မိုးစက်ကိစ္စမလား'

ဒီလိုတော့လည်း ချီဖော်တို့က ဆရာကြီးခေါ်ထိုက် စွာ အကွက်ကြိုမြင်တတ်ပြီး တယ်တော်ပါလားလို့ စိတ်ထဲ မှ အမှတ်တစ်မှတ် ပေးလိုက်သည်။

'ဟုတ်တယ်၊ နွေးထွေးစကားအရ ဆိုရင်တော့ ခု လောလောဆယ်မှာ သူတို့နှစ်ယောက်က သိပ်ခင်တဲ့သူငယ် ချင်းအဆင့်မှာပဲ ရှိပါတယ်။ ဒါပေမယ့်ကွာ သူတို့ အခုလို အမြဲတတွဲတွဲရှိနေတဲ့ကိစ္စက နောင်တစ်ချိန်မှာ ငါတို့နှစ် ယောက်ကြားထဲ ပြဿနာဖြစ်မလာနိုင်ဘူးလို့ မပြောနိုင်ဘူး'

'မင်း ခင်နွေးထွေးကို မေးဖူးလား'

'ဘာကိုလဲ'

'မိုးစက်က ခင်နွေးထွေးကို ချစ်တယ်လို့ပြောဖူးလား၊ ဘာညာပေါ့'

'အာ… အဲလိုမေးလို့တော့ ဘယ်ကောင်း[illegible]ပါ့မလဲကွ'

'ဟင်… မင်းကလည်းပြောင်ပေါ့ကွ။ အစကတည်း က ရှင်းရှင်းလင်းလင်းပြောထား မေးထားတာ အကောင်း ဆုံးပဲ'

www.burmeseclassic.com

www.burmeseclassic.com



'နေစမ်းပါဦးကွာ၊ ခုလောလောဆယ်မှာ ငါက နွေးထွေးကို ဘာမှ စကားစရသေးတာ မဟုတ်ဘူး။ သူက ဝဲ ငါ့ကို လက်ခံပါစေဦး'

'ကောင်မလေးပုံစံလေးကတော့ မဆိုးပါဘူး။ မိုးစက်နဲ့သာ မပတ်သက်နေဘူးဆိုရင် ငါတို့ကလည်း ဘာ ကန့်ကွက်စရာရှိလဲကွာ။ ပိုင်းပြီးတော့တောင် မင်္ဂလာဆောင်ပေးလိုက်ဦးမှာ။ ခုဟာက မင်းလည်းမြင်နေတာပဲ။ သူတို့နှစ်ယောက်ဆက်ဆံရေးက ပြောရခက် မပြောရခက်'

'အင်း… ငါလည်း နွေးထွေးနဲ့ စကားပြောကြည့်ရသလောက်တော့ မိုးစက်အပေါ် သိပ်လွှမ်းဆန်နိုင်တဲ့ပုံတော့ မဟုတ်ဘူး'

'ဒါပေမယ့်လည်း မိုးစက်က နွေးထွေးအပေါ်မှာ အနိုင်ယူချင်တဲ့ပုံစံတော့ မတွေ့ရပါဘူး။ ငါ့မျက်လုံးထဲတော့ တစ်ယောက်ကိုတစ်ယောက် ဂရုတစိုက်နဲ့ ကြင်နာနေကြတာပဲတွေ့တယ်။ မိုးစက် ကြည့်ရတာလည်း လူကောင်းတစ်ယောက်ပါ'

ရန်နိုင့်မျက်လုံးများထဲတွင် မိုးစက်ရုပ်သွင်က ထင်ရှားလာပြန်လေသည်။ ဆံပင်တိုတို၊ မျက်မှန်ကြည်ကြည်လေးနှင့် မိုးစက်ပုံသဏ္ဍာန်သည် တကယ့်ကို ငြိမ်းငြိမ်းချမ်းချမ်းပါပဲ။ ပညာတတ်သလို အနေအထိုင်၊ အပြောအဆိုကလည်း အသက်ငယ်ငယ်နှင့် လူကြီးလူကောင်းပုံစံ ပီသပါသည်။



သူ့ကို လေ့လာကြည့်ရသလောက် အသောက်အစား၊ အပျော်အပါးလည်း ရှိမည့်ပုံမပေါ်ပါ။

ဒါပေမယ့်လည်း စဉ်းစားစရာရှိတာက မိုးစက်ရဲ့ စိတ်ကူးထဲမှာ ခင်နွေးထွေးဆိုသော သူ့သူငယ်ချင်းမလေးသည် တစ်နေ့ သူ၏အိမ်ရှင်မ ဇနီးလေးတစ်ယောက်ဖြစ်လာဖို့ ရည်မှန်းထားလား၊ စိတ်ကူးထားလားဆိုတာ ဘယ်သူက သိနိုင်မှာတဲ့လဲ။ ဘာပဲဖြစ်ဖြစ် ရန်နိုင့်ဘဝမှာ ပထမဆုံးပတ်သက်ဖို့ ကြံရွယ်မိသော မိန်းကလေးတစ်ယောက်ကိုတွေ့မှ မ-ပိုလားအပ်သော အခြေအနေများကို ထည့်စဉ်းစားရသော အဖြစ်ကိုတော့ ရန်နိုင် မစဉ်းစားချင်တာ အမှန်ပင်ဖြစ်သည်။

'မင်း စဉ်းစားလေ ရန်နိုင်၊ ငါသာ မင်းနေရာမှာဆိုရင်တော့ ခင်နွေးထွေးကို မိုးစက်နဲ့ကိစ္စ ပွင့်ပွင့်လင်းလင်း မေးပြီး do or die ပေါ့ကွာ။ မဟုတ်ဘူးဆိုရင်လည်း မင်း ဖွင့်ပြောပေါ့။ သူက လက်ခံတယ်ဆိုရင် လက်ထပ်ခွင့်တောင်း၊ ဒါမှမဟုတ် သူက ဟုတ်ပါတယ်လို့ ဝန်ခံလာရင်တော့ မင်း ဘာဆက်လုပ်ရမယ်ဆိုတာ အဖြေက အဆင်သင့်ရှိပြီးသားပဲ။ သဘောပေါက်တယ်မဟုတ်လား သူငယ်ချင်း'

ချိုဇော်ပြောသော စကားသည် အကောင်းဆုံးနှင့် အမှန်ဆုံးနည်းလမ်းတစ်ခုလို့ ရန်နိုင် လက်ခံလိုက်ပါသည်။ သို့ပေမယ့်လည်း နွေးထွေးကို ဒီအကြောင်းအရာတွေပြောဖို့ဆိုတာက ရန်နိုင့်မှာ အင်အားတွေ၊ သတ္တိတွေမွေးဖို့ လိုအပ်

www.burmeseclassic.com

www.burmeseclassic.com



နေသေးသည်။ ဒီအတွက် အချိန်ဘယ်လောက်ကြာကြာ သုံးဦးမလဲ ရန်နိုင် မစဉ်းစားရသေးပါ။

ကစဉ့်ကလျားဖြစ်နေသော အတွေးတွေ ပျက်ပြယ်သွားအောင် ရန်နိုင့်ဆယ်လူလာဖုန်းက မြည်လာသောကြောင့် ရန်နိုင် ဖုန်းကို ကောက်ကိုင်လိုက်သည်။ ပေါ်နေသော နံပါတ်ကိုကြည့်လိုက်တော့ နွေးထွေး၏အိမ်ဖုန်းနံပါတ်လေး ဖြစ်နေလေသည်။

ရန်နိုင်သည် ရင်ထဲမှာ ထိတ်ခနဲဖြစ်အောင် ပျော်သွားရင်း ချိုဇော်ကို အစွမ်းကုန်ပြုံးပြပြီး ဝမ်းသာအားရ အော်ပြောလိုက်မိသည်။

'နွေးထွေးဆီက ဖုန်းကွ'

❁

## အခန်း (၁၆)

'ကိုရန်နိုင်အတွက် နွေးထွေး ဆွယ်တာတစ်ထည် လက်ဆောင်ဝယ်လာတယ်' လို့ပြောတော့ ရန်နိုင်ကားမောင်းနေရာမှ လမ်းဘေးသို့ ထိုးရပ်လိုက်သည်။ နွေးထွေး ကိုယ့်အပေါ်မှာ သတိတရရှိနေပါလားဆိုသော ကြည်နူးမှုက နှလုံးသားထဲအထိ အရည်ပျော်စီးဝင်သွားစေပါသည်။

'ကိုရန်နိုင် ကားမောင်းနေတာလား'

'ဟုတ်တယ်၊ ချိုဇော့်ဆီက ပြန်လာတာ'

'နွေးထွေးအကြောင်း သွားတိုင်ပင်တာ' ဆိုတာကိုတော့ ရန်နိုင် ဆက်မပြောတော့။ နောင်တစ်ချိန်ကျရင်တော့ နွေးထွေးလက်ကလေးကို ဆုပ်ကိုင်ပြီး အဲဒီတုန်းက နွေးထွေးအကြောင်း သွားတိုင်ပင်တာလို့ ရင်ခုန်ကြည်နူးစွာ ပြောဖြစ်ချင် ပြောဖြစ်မည် ထင်ပါသည်။

'အင်း… ကားမောင်းရင်း ဖုန်းပြောတာတော့

www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူး။ နွေးထွေးပြန်ရောက်ပြီဆိုတဲ့အကြောင်းပဲ ပြောတာပါ။ ညကျမှပဲ နွေးထွေး ဖုန်းပြန်ဆက်မယ်လေ'

'ညကျရင် နွေးထွေး ဘုရားသွားဦးမှာလား'

'ဒီနေ့ ကြာသာပတေးနေ့မှ မဟုတ်တာ'

'ဒါဆို ည (၇)နာရီလောက် ကျွန်တော် ဖုန်းဆက်မယ်နော်'

'ဟုတ်ကဲ့'

နွေးထွေး ဖုန်းချသွားတော့မှ ရန်နိုင် ဆယ်လူလာကို ပိတ်ပြီး ကားကို ပြန်မောင်းထွက်ခဲ့သည်။ နာရီကိုကြည့်လိုက်တော့ အခုမှ ညနေ (၃)နာရီပဲ ရှိသေးသည်။ ည(၇)နာရီ မြန်မြန်ရောက်ပါစေဆိုပြီး အချိန်တွေကို ကုန်စေချင်မိသည်။ ထိုအချိန်တွင် ဆယ်လူလာဖုန်းက ထပ်မြည်လာပြန်သည်။ နံပါတ်ကြည့်တော့ ချိုဇော်။ ရန်နိုင် ဖုန်းကိုင်လိုက်သည်။

'အဟမ်း··· အဟမ်း··· ဘာတွေပြောနေကြပါသလဲကွယ်'

အသံသေးအသံကြောင်နှင့် ပြောလိုက်သော ချိုဇော့်အသံကြောင့် ရန်နိုင့်ကြည်နူးမှုလေးတွေတောင် ပျောက်ချင်ချင် ဖြစ်သွားရသည်။

'ဘာလဲကွ၊ မင်းကလည်း ရှုပ်လိုက်တာ'

'မရှုပ်နဲ့ ကိုယ့်လူ၊ ကိုယ်ဆက်နေတာ ကြာလှပြီ။ ဆယ်လူလာကို မင်း အဲလောက်ကြာကြာပြောရင် မင်းနား



တွေကန်းကုန်မှာပဲ'

'အပိုတွေ လျှောက်ပြောမနေနဲ့ ဟေ့ကောင်၊ ငါ စကားပြောတာ ငါးမိနစ်တောင် မကြာဘူး'

'အေးပါ၊ ထားပါတော့။ ဒီမှာ ခုလေးတင် ငါ့ဆီကို မိုးစက် ဖုန်းဆက်တယ်'

'ဘာတဲ့လဲ'

'Sample ဆောက်ပြထားတဲ့ အိမ်ခုနစ်လုံးက ပြီးသလောက်ရှိပြီ မဟုတ်လား။ အဲဒါ အထဲမှာ decoration လုပ်ဖို့ကိစ္စ စကားပြောချင်လို့တဲ့ ညနေ (၅)နာရီလောက် site ထဲမှာ ဆုံကြမယ်'

Site ထဲရောက်သွားလို့ကတော့ ဒီတစ်သက် အိမ်ကို ပြန်ရောက်မှာ မဟုတ်တော့။ နွေးထွေးနဲ့ကလည်း ဖုန်းပြောဖို့ ချိန်းထားပြီးပြီ။ ဒီနေ့တော့ မသွားတော့ဘူးလို့ ရန်နိုင် ချက်ချင်း ဆုံးဖြတ်လိုက်သည်။

'ချိုဇော်··· ဒီကိစ္စက မင်းနဲ့မိုးစက် ပြောရင် ပြီးပါတယ်။ ငါ မလာတော့ဘူးကွာ။ စက်ရုံမှာ အလုပ်တစ်ခု ရှိသေးတယ်။ ဒါပဲ ဟေ့ကောင်'

ချိုဇော့်ဆီက နားပူနားဆာအသံတွေ ဆက်ပြီးထွက်လာခင်မှာဘဲ ရန်နိုင်က ဆယ်လူလာဖုန်း၏ power ကိုပါ ပိတ်လိုက်တော့သည်။ နို့မို့လို့ကတော့ ဖုန်းကို တတီတီခေါ်ဦးတော့ ဂျီကျလို့ကိုပြီးမှာ မဟုတ်တော့။ ဒီကောင့်ကို ဒီ

www.burmeseclassic.com

www.burmeseclassic.com



နည်းနှင့် အနိုင်ပိုင်းခွင့်ရသွား၍ ရန်နိုင် တော်တော်အူမြူး သွားလေသည်။ ညကျရင်လည်း နွေးထွေးနှင့် ဖုန်းပြောရဦးမှာ မဟုတ်လား။

❁

## အခန်း (၁၇)

'နွေးထွေး… သုံးရက်ပြောသွားပေမယ့် လေးရက် ကြာတယ်နော်'

'မိုး မပြန်သေးတာနဲ့ နွေးထွေးလည်း မပြန်ရတာ ပေါ့။ ဘဘကြီးနဲ့ မေမေကြီးက ဟိုမှာကျန်ခဲ့တယ်လေ။ တောင်ကြီးမှာ မိုးတို့ခြံတစ်ခြံ ရှိသေးတယ်။ အဲဒီမှာ အေး တော့ အရမ်းအေးတယ် သိလား။ ဒါနဲ့ပဲ ကိုရန်နိုင့်အတွက် ဆွယ်တာလေးတစ်ထည်ဝယ်ဖို့ သတိရသွားတာ'

'ကျေးဇူးပါပဲ နွေးထွေးရယ်၊ ကျွန်တော့်ကို သတိ တရရှိတဲ့အတွက်ပေါ့။ အပြန် နွေးထွေးတို့နှစ်ယောက်တည်း ပြန်လာကြတာလား'

'ဟုတ်တယ်'

အတူတူသွားကြပါသည်ဆိုတာကို သိသိလျက်နှင့် အေးမိတာကိုက ရန်နိုင့်အမှား ဖြစ်သွားသည်။ နွေးထွေးဆီက

www.burmeseclassic.com

www.burmeseclassic.com



ဟုဘာတယ်လို့ အဖြေရပြန်တော့ ရင်ထဲမှာ မကောင်းပြန်။

'ကိုရန်နိုင့်ဆွယ်တာကို ဘယ်တော့ ပေးရမလဲဟင်'

'နွေးထွေး အဆင်ပြေတဲ့အချိန်ပေါ့'

'ကိုရန်နိုင် ဘုရားမတက်တော့ဘူးလား'

'ဘာဖြစ်လို့လဲ'

'ကြာသာပတေးနေ့ မေမေ ဘုရားသွားရင် နွေးထွေး လိုက်သွားရဦးမှာလေ။ အဲဒီနေ့ ကိုရန်နိုင် ဘုရားလာတယ်ဆိုရင် နွေးထွေး ဆွယ်တာလေး ယူလာခဲ့မလို့ပါ'

ကောင်းသော အစီအစဉ်ပဲလို့ ရန်နိုင် စဉ်းစားမိပါသည်။

'ဒီနေ့ ဘာနေ့ပါလိမ့်'

'မနက်ဖြန် ကြာသာပတေးနေ့ပါရှင်'

နွေးထွေးက အလိုက်တသိ အဆင်သင့်ပြန်ဖြေတော့ ရန်နိုင် ပြုံးမိရသည်။

'ဘယ်အချိန်လောက်ဆို နွေးထွေး ဘုရားပေါ်ရောက်လဲ'

'ရှစ်နာရီလောက်ဆို ရောက်ပါပြီ'

'ညနေက မိုးစက် site ထဲသွားတယ် ပြောတယ်။ နွေးထွေး လိုက်သွားသေးလား။ ကျွန်တော် စက်ရုံရောက်နေတာနဲ့ မဆုံလိုက်ဘူး'

ရန်နိုင် စကားကို ကြည့်ကောင်းအောင် ပြောလိုက်



ခြင်း ဖြစ်သည်။

'ဟင့်အင်း… မိုး နွေးထွေးကို ဘာမှမပြောဘူး။ ခရီးက ပြန်လာလာချင်းမို့လို့နဲ့ တူတယ်။ နွေးထွေးကို ထားသွားတာ။ ကိုမျိုးအေးတော့ ပါသွားမှာပေါ့'

ဘာပဲဖြစ်ဖြစ် ညနေက site ထဲကို နွေးထွေး မပါသွားဘူးဆိုသည့်အဖြေကို ရလိုက်သည့်အတွက် ရန်နိုင်စိတ်ထဲ နည်းနည်းတော့ ကျေနပ်သွားမိသည်။ သကော : ချိဇော်ကတော့ နွေးထွေးကော ရန်နိုင်ပါ အတူတူပျောက်နေသည့်အတွက် တော်တော့်ကို မရိုးမရွဖြစ်နေမှာပဲလို့တွေးရင်း ရန်နိုင် ပြုံးလိုက်မိသည်။

✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

နွေးထွေးပေးထားသော ဆွယ်တာထုပ်လေးကို ရင်ခွင်မှာပိုက်ရင်း နှစ်ယောက်သား ဘာစကားမှမပြောဖြစ်ဘဲ ဓမ္မစေတီဘုရား၏ အနောက်ဘက်လက်တန်းမှနေ၍ ရန်ကုန်မြို့၏ ညဘက်အလှကို ငေးမောနေမိကြသည်။ နွေးထွေးမေမေကပုတီးစိပ်နေပြီး နွေးထွေးညီမကတော့ သူ့မေမေနှင့် ခပ်လှမ်းလှမ်းမှာ ငြိမ်သက်စွာ ထိုင်နေပါသည်။ ဓမ္မစေတီဘုရားဘက်မှာ လူကရှင်းနေသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်းငြိမ်သက်မှုက ရန်နိုင့်စိတ်ကို ကြည်လင်နေစေပါသည်။

'ဒီဘက်နားမှာသာ လူရှင်းပေမယ့် ဘုရားနားမှာတော့ လူများတယ်နော်'

'အင်း… ဟုတ်တယ်။ ကျွန်တော် အိမ်ကထွက်လာတော့ ဘုရားရောက်ရင် နွေးထွေးနဲ့အတူတူ ဘုရားကို တစ်ပတ်ပတ်ပြီး လမ်းလျှောက်မယ်လို့ စိတ်ကူးထားခဲ့တာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဟုတ်လား၊ ဒါဆို မေမေ ပုတီးစိပ်ပြီးရင် ဆွဲလျှောက်ချင်လျှောက်လေ'

'တော်ပါပြီ၊ မလျှောက်တော့ပါဘူး'

'ဘာလဲ၊ လူများလို့လား'

'ဟုတ်တယ်'

ရန်နိုင် ဝန်ခံချက်ကြောင့် နွေးထွေးက ခပ်တိုးတိုး ရယ်မောလိုက်သည်။

'နွေးထွေးတို့က မင်းသားမင်းသမီးမှ မဟုတ်တာ။ လူများလည်း ဘာဖြစ်လဲ။ နွေးထွေးတို့ကို ဘယ်သူမှ မကြည့်ပါဘူး'

'အင်း… ကျွန်တော့်ကိုတော့ မကြည့်ပေမယ့် နွေးထွေးကိုတော့ လူတွေက ကြည့်မှာသေချာတယ်။ အဲဒီအခါကျတော့ နွေးထွေး အသိတစ်ယောက်နဲ့ဆုံလို့ မတော်တဆ နွေးထွေးရဲ့သက်ဆိုင်သူ သိသွားခဲ့ရင်…'

'ဟင်… ကိုရန်နိုင် ဘာကိုဆိုလိုတာလဲ'

'ခင်ဗျာ… ဟို… ဘာမှမဟုတ်ပါဘူးဗျာ'

အရှိန်ကောင်းကောင်းနှင့် ပြောတုန်းကပြောလိုက်ပြီးမှ နွေးထွေးက ထိတ်ထိတ်ပျာပျာလေး ပြန်မေးတော့ ရန်နိုင်မှာ ရုတ်တရက် ဆွံ့အသွားရကာ နွေးထွေးကိုလည်း အနည်းငယ် အားနာသွားရသည်။

'ဘယ်နှယ် ဘာမှမဟုတ်ရမှာလဲ။ ဘာလဲ နွေးထွေးမှာ ချစ်သူရှိနေတယ်လို့ ကိုရန်နိုင် ပြောချင်တာမဟုတ်လား'



နွေးထွေးအသံလေးက ထောင့်တောင့်တောင့်မို့ နွေးထွေးနှုတ်ခမ်းစူနေတာလား ရန်နိုင် သိချင်ပါသည်။ ဒါပေမယ့် ရန်နိုင် ဘာပြောရမှန်းလဲမသိ နွေးထွေးမျက်နှာကိုလည်း လှည့်မကြည့်ဖြစ်ဘဲ ငြိမ်သက်နေမိသည်။ အတော်ကြာကြာ နွေးထွေးဆီက ဘာစကားသံမှ ထွက်မလာတော့မှ နွေးထွေးမျက်နှာကို တည့်တည့်မကြည့်ဘဲ -

'နွေးထွေး စိတ်မဆိုးပါနဲ့။ မိုးစက်နဲ့နွေးထွေးက ချစ်သူတွေ မဟုတ်ဘူးလား'

ရန်နိုင် အရဲစွန့်မေးခြင်း ဖြစ်သည်။ နားထဲမှာလည်း ချိုဇော်ရဲ့ မြောက်ထိုးပင့်ကော်အသံကလည်း ကြားတစ်ချက်၊ မကြားတစ်ချက် ဖြစ်နေရသည်။ ရန်နိုင့်မေးခွန်းကို နွေးထွေးက ချက်ချင်းပြန်မဖြေပါ။ ရန်နိုင် နွေးထွေးကို လှည့်ကြည့်မိတော့ နွေးထွေးက ရန်နိုင့်ကို မျက်လုံးဝိုင်းဝိုင်းလေးနှင့် ခုံးရှုံးစိုက်စိုက် ကြည့်နေလေသည်။ အတန်ကြာတော့မှ -

'အိမ်ပြန်ရောက်ရင် ကိုရန်နိုင် နွေးထွေးဆီ ဖုန်းဆက်ဦးမှာ မဟုတ်လား။ အဲဒီတော့မှပဲ စကားတွေ ထပ်ပြောကြတာပေါ့' တဲ့။

❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

'မိုးနဲ့နွေးထွေးကို ကိုရန်နိုင်က အဲလိုထင်တယ်နော်'

ကျွန်တော်တစ်ယောက်တည်းထင်တာ မဟုတ်ပါဘူး ဗျာ။ အနီးပတ်ဝန်းကျင်ကလူတွေအားလုံးကလည်း ဒီလိုပဲ ထင်ကြတာပဲလို့ ရန်နိုင် ပြောမိလျှင် နွေးထွေး ထအော်မလား မပြောတတ်။

'မိုးက နွေးထွေးအပေါ် အဲလိုစိတ်မျိုး မရှိရှာပါဘူး'

ဘာနဲ့ အခိုင်အမာ သက်သေပြနိုင်လဲလို့ စိတ်ထဲမှာ ဘိုက်ပြောမိပြန်သည်။

'ဒါပေမယ့်လည်း မိုးနဲ့နွေးထွေးနဲ့က ဒီတစ်သက် ဘယ်တော့မှ လက်တွဲဖြုတ်ဖြစ်မှာ မဟုတ်ဘူး။ မိုး အိမ်ထောင်ကျသွားရင်ပဲဖြစ်ဖြစ်၊ နွေးထွေး အိမ်ထောင်ကျသွားရင်ပဲဖြစ်ဖြစ်ပေါ့'

'ကျွန်တော့်စကားကို ဘယ်လိုမှ မအောက်မေ့ပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေး။ နွေးထွေးတို့နှစ်ယောက်က အမြဲတတွဲတွဲမဟုတ်လား။ ပြီးတော့ အင်း… လိုက်ဖက်လည်းညီတယ်လေ။ ဒါကြောင့်ပါ'

'အမှန်အတိုင်းပြောရရင် မိုးကို နားလည်ပေးနိုင်တဲ့သူဆိုလို့ နွေးထွေးတစ်ယောက်တည်းရှိတာ။ ပြီးတော့ မိုးက နွေးထွေးကိုလည်း သိပ်အားကိုးတယ်။ မိုးရဲ့ပြဿနာ၊ မိုးရဲ့ကိစ္စတိုင်းဟာ နွေးထွေးပြဿနာ၊ နွေးထွေးကိစ္စတွေပါပဲ။ မိုးရဲ့ ကိုယ်ရေးကိုယ်တာပိုင်းနဲ့ ပတ်သက်လို့လည်း နွေးထွေး ဖွင့်ပြောလို့မဖြစ်တာတွေ အများကြီးရှိပါတယ်။ အင်း… ထားပါတော့၊ ဒါတွေက ခု နွေးထွေးပြောပြလည်း ကိုရန့်နိုင် နားလည်ဦးမှာ မဟုတ်ပါဘူး'

'မိုးစက်မှာ ချစ်သူရှိလား'

'ဒါတော့ နွေးထွေးလည်း မပြောတတ်ဘူး။ မိုးက အဲဒီကိစ္စမှာတော့ သိပ်လျှို့ဝှက်တာပဲ။ တခြားဟာတွေသာ အကုန်တိုင်ပင်ချင် တိုင်ပင်မယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့က တော့ သူ တစ်ခါမှ နွေးထွေးကို မပြောဖူးဘူး'

တစ်မျိုးပဲလို့တွေးရင်း ရန့်နိုင် မျက်မှောင်ကုပ်မိသည်။

'နွေးထွေးပြောတဲ့စကားထဲမှာ ပါတယ်နော်။ မိုးစက်နဲ့ ဘယ်တော့မှလက်တွဲမဖြုတ်ဘူးဆိုတာ ဘာကိုဆိုလိုတာလဲ'

'လူတွေ ဘယ်လိုပဲထင်ထင်၊ ဘယ်လိုပဲမြင်မြင် အဲဒီ ပတ်ဝန်းကျင်ဆိုတဲ့ အရာကြီးကြောင့် နွေးထွေးတို့ဆက်ဆံ



ရေး ဘယ်တော့မှမပြောင်းဘူး။ ဒီအတိုင်းပဲရှိနေမယ်ဆိုတာကို ပြောတာပါ'

'အဘိုးကြီး၊ အဘွားကြီးတွေ ဖြစ်တဲ့အထိ ဆိုပါတော့'

ယောကျ်ားကြီးတန်မဲ့ ရန့်နိုင့်လေသံက ခပ်ငေါ့ငေါ့များ ဖြစ်သွားမလား မပြောတတ်။

'မိုးအကြောင်းမသိတဲ့လူတွေကတော့ မိုးကို ဘယ်နားလည်နိုင်မှာလဲ။ ဒါပေမယ့်လည်းလေ အင်း… မိုးအကြောင်းကိုသိဖို့ကလည်း ခဲယဉ်းပါတယ်'

နွေးထွေး တောင်ကြီးကပြန်လာသော်လည်း ထိုညက ကြည်နူးရင်ခုန်ချင်စရာကောင်းသည့် စကားများ မပြောဖြစ်ကြဘဲ မိုးစက်၏အကြောင်းအရာတစ်ခုတည်းကိုသာ လုံးလည်ပတ်ချာလိုက်ကာပြောရင်း အချိန်တွေ ကုန်ခဲ့ရသည်။

သို့သော်-

နွေးထွေးက သူနှင့်မိုးစက်သည် အလွန်ခင်မင်ရင်းနှီးသော ငယ်သူငယ်ချင်းမိတ်ဆွေများသာ ဖြစ်ပါသည်လို့ ဘရားဝင်ပြော ဖြေကြားခဲ့သည့်အတွက် ရန့်နိုင့်အဖို့ စိတ်ချမ်းသာမှုရလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အိမ် decoration ပြင်မည့်ကိစ္စနှင့် ပတ်သက်၍ site ထဲတွင် ရန်နိုင်တို့သုံးဦးစလုံး ညနေကတည်းက ရောက်ရှိနေကြသည်။ အိမ်ထဲ ပစ္စည်းထားသိုမှုပုံစံများနှင့် လိုအပ်သော စာရင်းများကို ချိုဇော်နှင့်မိုးစက်က တက်ကြွစွာဖြင့် စိတ်ဝင်တစား ပြောဆိုနေသည့်အချိန်တွင် ရန်နိုင်ကတော့ ဘေးနားမှာ အသာငြိမ်သက်ရင်း မိုးစက်ဆိုသောလူကို မသိမသာ အကဲခတ်နေမိသည်။

မိုးစက်အရပ်က ယောကျ်ားတွေထဲမှာတော့ သိပ်အမြင့်ကြီးမဟုတ်လှ။ ရန်နိုင့်ထက် မိုးစက်က အနည်းငယ်နိမ့်မည့်ပုံပေါက်သဖြင့် မိုးစက်အရပ် အလွန်ဆုံးရှိ ငါးပေငါး၊ ခြောက်လောက်သာ ရှိမည်။

သို့ပေမယ့်လည်း မိုးစက်က ပိန်ပိန်ပါးပါး ကျစ်ကျစ်လျစ်လျစ်မို့ သူ့အရပ်နှင့်သူ ကြည့်လို့တော့ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးစက်၏ထူးခြားချက်က သူ၏မျက်လုံးများပင် ဖြစ်သည်။ မျက်ခုံးကြည်ကြည်အောက်က သူ့မျက်ဝန်းများက အရာရာကို ထိုးထွင်းပေါက်ရောက်ပြီး အလုံးစုံကို သိရှိနေသယောင် စူးစူးရှရှနှင့် တောက်ပလှသည်။

ရန်နိုင်နှင့်မိုးစက် မျက်လုံးချင်းဆုံမိသည့်အခါတိုင်းမှာ မိုးစက်မျက်လုံးများက အရောင်တစ်ခုပဲ တောက်ပသွားသလိုလို၊ တစ်ခုခုကိုပဲ ကြိုတင်သိရှိနေသလိုလို၊ တစ်စုံတစ်ရာပဲ ပြောတော့မလိုလို ရန်နိုင်မဝေခွဲတတ်သော ပြောင်းလဲမှုတစ်ခု ဖြစ်ဖြစ်သွားတတ်ပြီး ထိုပြောင်းလဲမှုကိုလည်း မိုးစက်က ချက်ချင်းပင် ဖုံးကွယ်ပစ်တတ်သည်။ ရန်နိုင်လည်း အစတုန်းက ဒါကို သတိမထားမိ။ နောက်ပိုင်း နွေးထွေးနှင့်ပတ်သက်လာမှ မိုးစက်၏ထူးခြားချက်ကို သတိထားမိလာခြင်း ဖြစ်သည်။

တောင်ကြီးကပြန်လာပြီးသည့်နောက်ပိုင်း မိုးစက်က ပိုတောင်ပိန်သွားသည် ထင်ရသည်။ ရန်နိုင်နှင့် စကားပြောသည့်အချိန်တွင် စကားမဆုံးခင် အကြည့်လွှဲလွှဲသွားတတ်သော သူ့ပုံစံကြောင့် ရန်နိုင့်စိတ်ထဲ အနည်းငယ်တော့ ကသိကအောင့် ဖြစ်ဖြစ်သွားရသည်။ ဒါပေမယ့်လည်း မိုးစက်ပုံစံက ရန်နိုင့်အပေါ် မကြည်မလင်ဖြစ်နေခြင်းလည်း မဟုတ်။ မနှာလိုဝန်တိုသည့် အမူအရာလည်း မရှိပြန်ဆိုတော့ ဘာမှန်းကို ရန်နိုင် ရေရေရာရာ မသိနိုင်ဖြစ်နေရသည်။ ထိုသို့မသိရ



ခြင်းအတွက်လည်း ရန်နိုင့်စိတ်ထဲ နိုးလိုးခုလု ဖြစ်ရပြန်လေသည်။

ဒီနေ့လည်း ရန်နိုင် မိုးစက်ကိုလိုက်ပြီး အကဲခတ်နေခြင်းကို ချိုဇော်လည်း သိသည်။ နွေးထွေးလည်း သိသည်။ မိုးစက်ကိုယ်တိုင်လည်း သိချင်သိလိမ့်မည်။ (မသိချင်ယောင်ဆောင်နေတာလို့ ရန်နိုင်ကတော့ ထင်သည်) အားလုံးထဲမှာ ဒီနေ့ ရန်နိုင် စကားနည်းနေခြင်းကို သူတို့အားလုံး ရိပ်မိတာတော့ အသေအချာပင်။

မိုးစက် စကားပြောနေတာကိုကြည့်လိုက်၊ ချိုဇော့်မျက်နှာကို မကြည့်ချင်ကြည့်ချင်နှင့် ကြည့်လိုက် နောက်ဆုံးရန်နိုင့်မျက်လုံးတွေက နွေးထွေးဆီမှာ အဆုံးသတ်တော့ နွေးထွေးက ဘာဖြစ်နေတာလဲဆိုသည့်ပုံစံဖြင့် မျက်မှောင်လေးကုတ်ပြသည်။ ရန်နိုင်က ခေါင်းကို မသိမသာ ခါယမ်းပြရင်း နွေးထွေး၏နှစ်လိုဖွယ်ရာမျက်နှာလေးကိုပဲ ခပ်ငေးငေးကြည့်နေလိုက်မိသည်။

အလုပ်တွေအားလုံးပြီးတော့ ည(၇)နာရီတောင် ကျော်နေပြီ ဖြစ်သည်။ သူတို့တွေတော့ မပြောတတ်။ ရန်နိုင့်စိတ်ထဲမှာတော့ တဗွီဗွီနှင့် ဆန္ဒတွေပြနေကြသည်။ ပြန်ဖို့ပြင်ဆင်နေကြသည့် အချိန်မှာ ရန်နိုင်က နွေးထွေးကို နှုတ်ဆက်သည့်သဘောနှင့် တစ်ချက်လှမ်းကြည့်လိုက်သည်။ ရန်နိုင် ကြည့်လိုက်တုန်းကတော့ တကယ့်ကို ဘုရားစူး

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးကိုပါ။ ဒါပေမယ့် တကယ်တမ်း အကြည့်ချင်းသွားဆုံသူက မိုးစက် ဖြစ်နေလေသည်။

❁

## အခန်း (၂၁)

'ကိုရန်နိုင်က ဘာလို့လိုက်ကြည့်ရတာလဲ'

'အင်း… ဘာရယ်တော့ မဟုတ်ပါဘူး။ နွေးထွေးနဲ့ ပတ်သက်နေတဲ့လူတစ်ယောက်ဆိုတော့ စိတ်ဝင်စားလို့ ကြည့်မိတာပါ။ ဘာဖြစ်လို့လဲ'

'စိတ်ဝင်စားလို့'

'ဟုတ်တယ်'

နွေးထွေးမေးခွန်းကို ပြန်မဖြေဘဲ ကိုယ်ကပြန်ပြီး မေးခွန်းထုတ်လိုက်လို့လား မသိ။ နွေးထွေးအသံက ခဏ ငြိတ်သွားလေသည်။

'မိုးက အိမ်အပြန် ကားပေါ်မှာ နွေးထွေးကိုမေးတယ်'

'ဘာမေးလဲ'

'ကိုရန်နိုင် သူ့ကို ဘာလို့ကြည့်တယ် ထင်လဲတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'နွေးထွေး ဘာပြန်ပြောလိုက်လဲ'

'မသိဘူးလို့ပဲ ပြောလိုက်တာပေါ့။ တကယ်လည်း နွေးထွေးမှမသိတာ'

ရန်နိုင် သက်ပြင်းတစ်ချက် ချမိသည်။ နွေးထွေးနှင့်တောင် ဘာမှမပတ်သက်ရသေး။ ကြားထဲမှာ လူတစ်ယောက်က ကန့်လန့်ကန့်လန့်ပါနေတာ တော်တော်တော့ စိတ်ပျက်ဖို့ကောင်းသည့် ကိစ္စတစ်ခုပဲ ဖြစ်သည်။ အဲဒီလူက ယောကျ်ားတစ်ယောက်ဖြစ်နေသည်ဆိုတော့ ပိုလို့တောင် စိတ်ကုန်ဖို့ ကောင်းနေသေးသည်။ ဒါပေမယ့်လည်း ရန်နိုင်သည် တစ်ချိန်တည်းမှာပင် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်သည်။ ပြီးတော့ အဆုတ်ထဲသို့ လေကို ဝအောင် ရှူသွင်းလိုက်ပြီး စကားကို တစ်လုံးချင်းစပြောလိုက်ပါသည်။

'နွေးထွေး'

'ရှင်'

'ကျွန်တော် အလေးအနက်ထားပြီး နွေးထွေးကို စကားတစ်ခွန်း ပြောချင်ပါတယ်။ နွေးထွေးလည်း အလေးအနက်ထားပြီး နားထောင်ပေးပါ'

'ဟုတ်ကဲ့'

'ကျွန်တော် နွေးထွေးကို မြတ်မြတ်နိုးနိုးနဲ့ ချစ်နေမိပါတယ်။ ဒီအတွက် ကျွန်တော့်ဘဝရဲ့ တစ်သက်လုံးလက်တွဲဖော်အဖြစ် ကျွန်တော် ရွေးချယ်ထားပါတယ်။ နွေးထွေးဘက်



က ကျွန်တော့်ရဲ့ ကမ်းလှမ်းမှုကို သေချာအလေးအနက်ထားပြီး စဉ်းစားပေးဖို့ပါပဲ'

မိန်းကလေးတစ်ယောက်ကို ရန်နိုင် ချစ်ခွင့်ပန်ပုံက နားထဲမှာ နားထောင်လို့ကောင်းချင်မှ ကောင်းပေလိမ့်မည်။ ရန်နိုင်ကတော့ ကိုယ်ပြောချင်တာကို ကိုယ်ပြောတတ်သလို အရိုးဆုံးနှင့် အတိုဆုံး၊ အရှင်းဆုံးပြောလိုက်ခြင်း ဖြစ်သည်။

နွေးထွေးနားထဲကို အလိုက်တသင့် အဆင်ပြေပြေ ဝင်သွားပါစေလို့ ရန်နိုင်စိတ်ထဲမှာ ကျိတ်ပြီး ဆုတောင်းလိုက်သည်။ နွေးထွေးဘက်က ရန်နိုင့်စကားကို ချက်ချင်း တုံ့ပြန်ချက်မလာပါ။ နွေးထွေး ရှက်နေတာလား၊ ဒါမှမဟုတ် စဉ်းစားနေတာလား၊ မမြင်ရသော နွေးထွေးမျက်နှာကို ရန်နိုင် ခန့်မှန်းကြည့်နေမိသည်။

'ကျွန်တော်နဲ့နွေးထွေး ရင်းနှီးတာ ဘာမှမကြာသေးခင် ဒီလိုစကား ပြောဖြစ်တယ်ဆိုပေမယ့် ကျွန်တော် သေချာစဉ်းစားပြီးမှ အလေးအနက်ထားပြောတဲ့အတွက် ကျွန်တော့်စကားက အပြည့်အဝ တန်ဖိုးရှိနေလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ နွေးထွေးဘက်က ထိုက်သင့်သလောက် အချိန်တစ်ခု လိုအပ်တယ်ဆိုရင်လည်း ကျွန်တော် စောင့်ပါ့မယ်'

ဒီတစ်ခါ သက်ပြင်းဖွဖွကို စတင်ချသူက နွေးထွေး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'နွေးထွေး ဘာစဉ်းစားနေတာလဲ။ နွေးထွေး ပွင့်ပွင့်လင်းလင်း ပြောတာကို ကျွန်တော် နားထောင်ချင်တယ်'

ငြိမ်သက်နေသော နွေးထွေးသည် ထိုအခါမှ စကားစတင်လာပါသည်။

'ကိုရန်နိုင်လိုလူတစ်ယောက်က နွေးထွေးလို ဘာမဟုတ်တဲ့ သာမန်မိန်းကလေးတစ်ယောက်ကို စိတ်ဝင်တစားနဲ့ မြတ်နိုးတယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီတစ်ခါ ကိုရန်နိုင့်မေးခွန်းကို နွေးထွေးမဖြေခင် နွေးထွေးက အရင်ပြန်မေးပါရစေ။ လူနှစ်ယောက် ပေါင်းစည်းပြီး ဘဝတစ်ခုကို အောင်မြင်စွာတည်ဆောက်တဲ့နေရာမှာ အဓိက အရေးကြီးဆုံးက နားလည်မှုလို့ နွေးထွေးတော့ ယုံကြည်ထားတယ်။ ကိုရန်နိုင် နွေးထွေးကို ဘဝတစ်လျှောက်လုံးအတွက် လက်တွဲဖော်အဖြစ် စဉ်းစားရွေးချယ်ထားတယ်ဆိုတော့ နွေးထွေးအပေါ်မှာ ဘယ်အတိုင်းအတာထိ နားလည်ပေးနိုင်မှာလဲ'

နှုတ်ဆိတ်နေသော နွေးထွေးက ပြောမယ့်ပြောတော့ စကားတွေ အရှည်ကြီးပြောလာပါသည်။ နွေးထွေးကို မမြင်နိုင်သော်လည်း ရန်နိုင် နွေးထွေးကို ပြုံးပြမိသည်။

'ဘဝတစ်ခုကို အောင်မြင်အောင် တည်ဆောက်ဖို့အတွက် နားလည်မှုက အရေးကြီးဆုံးဖြစ်သလို 'သစ္စာရှိမှု' ဆိုတာကလည်း မပါမဖြစ်ကဏ္ဍကနေ အရေးကြီးပါတယ်။



နားလည်မှုနဲ့ သစ္စာရှိမှု ပေါင်းစပ်ပြီး တည်ဆောက်ထားတဲ့ ဘဝတစ်ခုကို ဘယ်အရာနဲ့မှ ထိုးဖောက်ဖျက်ဆီးဖို့ မလွယ်ပါဘူး နွေးထွေး။ နောက်တစ်ခု ခွင့်လွှတ်တယ်၊ နားလည်ပေးနိုင်တယ်ဆိုတာ သူ့အတိုင်းအတာနဲ့သူ ရှိပြီးသားပါ။ ဒါကို ထိန်းသိမ်းတတ်ဖို့ပဲ လိုပါတယ်။ ဒါမှမဟုတ် မထိန်းသိမ်းနိုင်ဘဲ ကျော်လွန်သွားခဲ့တယ်ဆိုတော့ 'လျစ်လျူရှုခြင်း' ဆိုတဲ့ ခံစားမှုတစ်ခုနဲ့ပဲ ပြိုင်ဆိုင်ရတော့မှာပါ။ ကျွန်တော် ယုံကြည်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ အဲလို လျစ်လျူရှုရလောက်တဲ့ အကြောင်းအချက် ရှိမလာနိုင်ဘူးလို့...'

ရန်နိုင့်စကားအဆုံးမှာ နွေးထွေးက ဦးအောင် သက်ပြင်းချပါသည်။ နွေးထွေး တစ်ခုခုကို ချင့်ချိန်စဉ်းစားနေသလားလို့ ရန်နိုင် ထင်မိသည်။ နွေးထွေးမှာ ရန်နိုင် သိခွင့်ရှိသည့် လျှို့ဝှက်ချက်တစ်ခုခုများ ရှိနေသလား။ ထို လျှို့ဝှက်ချက်သည်လည်း မိုးစက်နှင့်ပတ်သက်နေသလား တွေးမိတော့ ရန်နိုင့်ရင်ထဲ ပူရပြန်သည်။

'နွေးထွေး ကိုရန်နိုင့်ကို ခင်လည်းခင်တယ်။ အခုဆိုပြီးလည်း လေးစားရပါတယ်။ အမှန်ဆို နွေးထွေးအနေနဲ့ ကိုရန်နိုင့်ကို ငြင်းစရာအကြောင်း မရှိပါဘူး။ ဒါပေမယ့်လည်း...'

နွေးထွေးက စကားကို ပြောနေရင်း ရပ်ထားပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရန့်နိုင်က မွန်းကျပ်လာသောအခြေအနေကို သည်း မခံနိုင်တော့ဘဲ အသက်ရှူချောင်သွားအောင် အသံတွက် ရယ် မောလိုက်ရင်း-

'ပွင့်ပွင့်လင်းလင်းပြောပါ နွေးထွေး။ ကျွန်တော့်ကို အားနာစရာ မလိုပါဘူး။ နွေးထွေးမှာ ငဲ့ညှာရမယ့်အကြောင်း တရားတွေ ရှိနေသလား'

'ကိုရန့်နိုင်… ဒီအကြောင်းကို ဒီနေရာမှာပဲ ခဏ ရပ်ထားလိုက်ရအောင်။ နောက်သုံးရက်လောက်နေရင် ကိုရန့် နိုင့်အတွက် အကောင်းဆုံးအဖြေတစ်ခု ပေးနိုင်ဖို့ နွေးထွေး ကြိုးစားပါ့မယ်။ အဲလောက်တော့ နွေးထွေးကို အချိန်ပေး နိုင်တယ် မဟုတ်လား'

ရန့်နိုင် ခပ်ဖွဖွပြုံးရင်း နွေးထွေး မမြင်နိုင်မှန်း သိနေ သော်လည်း အသာအယာ ခေါင်းညိတ်ပြလိုက်မိပါသည်။

❁

အခန်း (၂၂)

ဒီတစ်ခါတော့ နွေးထွေး ကတိတည်ပါသည်။ ကြား နှစ်ရက်လုံး ရန့်နိုင်တို့နှစ်ယောက် site ထဲမှာ ဆုံဖြစ်ကြပေ မယ့် ညဘက်တွေမှာတော့ ဖုန်းမပြောဖြစ်ကြပါ။ ရန့်နိုင်က လည်း နွေးထွေးဆီ ဖုန်းမဆက်ဖြစ်အောင် ကိုယ့်စိတ်ကိုယ် ချုပ်တီးထားခဲ့သလို နွေးထွေးကလည်း ရန့်နိုင့်ဆီ ဖုန်းဆက် မလာပါ။ သုံးရက်မြောက်သောညမှာတော့ ရန့်နိုင် နွေးထွေး ဆီ ဖုန်းဆက်လိုက်ပါသည်။ မျှော်လင့်ခဲ့ရသော အချိန်တွေ အကျိုးရှိပါစေလို့တွေးရင်း နွေးထွေးအသံလေးကြားရတော့ ရင်ထဲမှာ စူးခနဲတစ်ချက် ဖြစ်လေသည်။

'ဒီနေ့ သုံးရက်ပြည့်ပြီ ထင်တာပဲ'

ရန့်နိုင်က ရွတ်နောက်နောက်လေသံနှင့် ပြောတော့ နွေးထွေးက တစ်ချက်ရယ်သည်။ ပြီးတော့ ခဏငြိမ်သက် သွားပြီးမှ-

www.burmeseclassic.com

www.burmeseclassic.com



'ကိုရန်နိုင့်ကို နွေးထွေး ချစ်ပါတယ်'

နွေးထွေးအသံလေးက တိုးလျနေသော်လည်း တည်တည်ငြိမ်ငြိမ်လေး ရှိလှသည်။ ကြားလိုက်ရသော ရန်နိုင့်အတွက်တော့ ရင်ထဲမှာ တုန်တုန်ရီရီကြီးဖြစ်သွားရင်း တစ်ကိုယ်လုံးမှာရှိသော သွေးကြောများက သွေးတိုးနှုန်း ပိုမြန်သွားကာ ထူထူပူပူကြီး ခံစားလိုက်ရသည်။ မိန်းမတစ်ယောက်နှင့် ဘယ်တုန်းကမ ဒီလိုစကားတွေ မပြောဖူးတာလည်း ပါပါလိမ့်မည်။ ကိုယ် ချစ်မြတ်နိုးနေသော မိန်းမတစ်ယောက်က ကိုယ့်ကို ပြန်လည်ချစ်မြတ်နိုးပါသည်ဆိုတော့ ရင်မှာ ခံစားရသည့် ကြည်နူးပီတိဖြစ်တည်မှု အရှိန်အဟုန်က ဘာနဲ့မှ နှိုင်းယှဉ်ပြလို့မရတာကတော့ အမှန်။ ထို့အပြင် ပူပူနွေးနွေး ချစ်သူတစ်ယောက်ရပြီဆိုသော အသိကလည်း နှလုံးသားကို ပိုလို့ရင်ခုန်လှိုက်မောစေကာ နုပျိုသွားစေပါသည်။

'ကျွန်တော် ဝမ်းသာတယ်။ အင်း... အမှန်တော့ ကျွန်တော့်ရင်ထဲမှာ ခံစားနေရတဲ့ ကြည်နူးပီတိက ဒီစကားလုံးလေးနဲ့တော့ မလုံလောက်ဘူး။ ဒါပေမယ့်လည်း ကျွန်တော် ဒီလောက်ပဲပြောတတ်တယ် နွေးထွေးရယ်။ ကျွန်တော် အရမ်းဝမ်းသာတာပဲ'

အတတ်နိုင်ဆုံး ကိုယ့်ကိုယ်ကို တည်ငြိမ်အောင် ကြိုးစားထားသော်လည်း ရန်နိုင့်အသံတွေက အနည်းငယ်



တော့ တုန်ရီနေပါလိမ့်မည်။

'နွေးထွေး သေချာစဉ်းစားကြည့်တယ်။ သုံးရက်လုံးလုံး စဉ်းစားတာပါ။ အဖြေကလည်း တစ်ခုပဲထွက်တယ်။ အဲဒါကတော့ ကိုရန်နိုင့်ကို နွေးထွေးချစ်နေတယ် ဆိုတာပါပဲ'

နွေးထွေးချစ်တာထက် ကျွန်တော်က ပိုချစ်နေပါ ဘယ်လို့ ပြန်မပြောနိုင်လောက်အောင် နွေးထွေး၏ ချိုမြိန်သော စကားသံလေးက နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာထဲထိ တိုးဝင်ရောက်ရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဆံပင်များကို နောက်နားမှနေ၍ သပ်ရပ်စွာ စည်းနှောင်ထားသော်လည်း နဖူးပေါ်နှင့် နားသယ်စပ်လေးများပေါ်မှာတော့ ဆံနွယ်လေးများက ကပိုကရိုကျနေကြသည်။ မျက်နှာပေါ်မှာ ဘာမိတ်ကပ်အရောင်မှ လိမ်းချယ်မထားသော်လည်း မျက်ခုံးမွေးထူထူ နှာတံချွန်ချွန်လေးနှင့် ဆေးဆိုးထားသော ပန်းနုရောင်နှုတ်ခမ်းဖူးဖူးလေးမှ ရယ်မောလိုက်လျှင် သွားစွယ်လေးတွေ ထွက်လာတတ်သော၊ မြန်မာဆန်ဆန် ကျက်သရေရှိလှသော၊ ယဉ်ကျေးပွင့်လင်းသော၊ ရိုးသားဖြူစင်သော… ပြီးတော့ ရန်နိုင့်ထက် အသက်ဆယ်နှစ်နီးပါးငယ်သော ထိုမိန်းကလေး။ ခင်နွေးထွေးဆိုသော မိန်းကလေးသည် ယခုတော့ ရန်နိုင့်၏ တရားဝင်ချစ်သူလေး တစ်ယောက် ဖြစ်လာခဲ့ပြီ။

မနက်မိုးလင်း အိပ်ရာမှနိုးသည်နှင့် ငါ့မှာ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရှိနေပြီဆိုသော အသိက လူကို ချက်ချင်းလန်းဆန်းတက်ကြွစေသည်ကတော့ အမှန်ပင်။ ဘဝမှာ ဘယ်မိန်းကလေးကိုမှ မက်မောစွဲလမ်းခြင်းမရှိခဲ့သော ရန်နိုင့်အတွက် နွေးထွေးနှင့် ချစ်သူဖြစ်ရသည်မှာ အတွေ့အကြုံအသစ်တစ်ခုနှယ် ခံစားရပြီး စိတ်ဝင်တစားနှင့် ပျော်ရွှင်ကြည်နူးရသည်။ ထို့ကြောင့် ဒီလိုပျော်ရွှင်မှုမျိုး၊ ဒီလို လန်းဆန်းတက်ကြွမှုမျိုးကို ဖန်တီးဆောင်ကျဉ်းပေးနိုင်သည့် နွေးထွေးကိုလည်း ကျေးဇူးတင်ရလေသည်။ ပြီးတော့ ပိုပိုပြီးလည်း အချစ်တိုးရလေသည်။

ဒီနေ့က ရန်နိုင်နှင့်နွေးထွေး ချစ်သူဖြစ်သော အထိမ်းအမှတ်ဖြင့် ညနေစာအတူတူစားကြခြင်း ဖြစ်သည်။ ထမင်းစားပွဲမှာ နှစ်ယောက်အတူတူ မျက်နှာချင်းဆိုင်ထိုင်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဘာပြောရမှန်းမသိ ရှက်ကိုးရှက်ကန်း ဖြစ်နေကြသည်။ ကားပေါ်မှာတုန်းကလည်း ဘာစကားမှ မပြောဖြစ်ကြ။ စားစရာတွေ ရောက်လာတော့မှပဲ ပြောစရာစကားရတော့သည်။

'စားနော် နွေးထွေး၊ နွေးထွေးကြိုက်မယ် ထင်တာပဲ'

ရန်နိုင်က နွေးထွေးပန်းကန်ထဲ အရင်ထည့်ပေးပါသည်။ နွေးထွေးက ရန်နိုင့်ပန်းကန်ထဲ ပြန်ထည့်ပေးတော့ ရန်နိုင့်ရင်ထဲ ကြည်နူးရပြန်သည်။



'ကိုရန်နိုင်က နွေးထွေးထက် အသက်ကြီးလို့ ဦးချတာ'

'အင်း… ကျွန်တော်က ဟုတ်တယ်။ အသက်တော့ကြီးနေပြီ။ နွေးထွေးနဲ့ကျွန်တော့်ကိုဆို တူဝရီးများထင်ကြမလား မသိဘူးနော်'

'အိုး… မဟုတ်တာ'

ပြောပြီး နွေးထွေးက ရယ်သည်။ နွေးထွေးနဲ့ ဒီလိုတစ်သက်လုံး အတူတူ အမြဲထမင်းစားရရင် သိပ်ကောင်းမှာပဲလို့ တွေးမိပြန်သည်။ ထမင်းတူတူစားဖြစ်သော အချိန်လေးကလည်း တိုတောင်းလွန်းလှသည်။ ဟင်းတွေ တစ်ယောက်တစ်လှည့် ထည့်ပေးကြရင်း တစ်ယောက်နဲ့တစ်ယောက် ခိုးကြည့်ကြရင်း မိသွားရင် ရှက်ရယ်လေးတွေ ရယ်လိုက်ကြရင်း အချိန်က ကုန်မှန်းမသိ ကုန်သွားခဲ့သည်။ အချိုပွဲလာချတော့မှ စားရင်း စပြီး စကားပြောဖြစ်သည်။

'ကျွန်တော် ညကတွေးမိတယ် သိလား နွေးထွေး။ ကျွန်တော်က ရုပ်မချောဘူးဗျာ။ ပြီးတော့ နွေးထွေးထက်လည်း အသက်ကကြီးသေးတယ်။ ပိုက်ဆံ… အင်း… ငွေကြေးကလည်း အသင့်အတင့်လောက်ပါပဲ။ ဒါပေမယ့်လည်း နွေးထွေး ကျွန်တော့်ကိုလက်ခံတယ်။ အဲ… ဘယ်လိုပြောရမလဲ၊ ဟို… 'ရွေးချယ်တယ်ဆိုတော့ ကျွန်တော် သိပ်ကံကောင်းပါလားလို့ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကိုရန်နိုင့်မှာ ထူးခြားတဲ့စိတ်ကလေးတစ်ခု ရှိသေးတယ်။ ဒါကော ထည့်မပြောတော့ဘူးလား'

'ကျွန်တော့်စိတ်ကို နွေးထွေးက ဘယ်လိုသိလဲ'

'ဒီလိုပဲ သတိထားမိတာပေါ့။ ကိုရန်နိုင် လူတစ်ဖက်သားကို အားနာလိုက်လျှောတတ်တာ၊ ဂရုတစိုက် ကူညီတတ်တာ၊ ပြီးတော့...'

'ဘာဖြစ်လဲ'

'စိတ်ရှည်သလိုလိုနဲ့ တစ်ခါတစ်ခါ ဘာမဟုတ်တာလေးတွေကို စိတ်တိုတတ်တာလေ'

'ဟာဗျာ... ဒါက တစ်ခါတလေမှပါ'

'အင်းပါ၊ နွေးထွေးကလည်း တစ်ခါတလေလို့ ထည့်ပြောပါတယ်'

နွေးထွေးက စကားနိုင်လုသလိုလေးပြောတော့ ရန်နိုင်က ဘာမှပြန်မပြောတော့ဘဲ ငြိမ်ပြီးပြုံးနေလိုက်သည်။ နွေးထွေးမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ရင်ထဲမှာ ကြည်နူးနေသောကြောင့် စကားတောင် သိပ်များများ မပြောချင်တော့။ နွေးထွေးကို ရန်နိုင် သိပ်ချစ်သွားပါလားဆိုသော အသိစိတ်ကလည်း ရန်နိုင့်နှလုံးသွေးများကို ပူနွေးသွားစေပါသည်။ ပြီးတော့ ဒီမိန်းကလေးနှင့်ပတ်သက်လို့ တစ်ဘဝလုံးစာ တာဝန်ယူနိုင်ဖို့ကိုလည်း ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချမိပြန်သည်။



'နွေးထွေး... ကျွန်တော် အသက်ကြီးနေပြီ။ ကျွန်တော်တို့နှစ်ယောက် အမြဲတမ်း အခုလို ထမင်းအတူတူစားဖို့အတွက် ကျွန်တော် အချိန်တွေ အကြာကြီး မစောင့်ချင်တော့ဘူး'

ရန်နိုင့်စကားကြောင့် နွေးထွေးက မျက်လုံးလေးပြူး၍ လှမ်းကြည့်ရင်း နှစ်နှစ်ခြိုက်ခြိုက် ရယ်မောပါသည်။

'အံ့သြစရာပဲ ကိုရန်နိုင်ရယ်၊ သေချာစဉ်းစားပါဦး'

'တဆိတ်ရှိ နွေးထွေးက ကျွန်တော့်ကိုပဲ စဉ်းစားခိုင်းနေတာပဲ။ ဒီကိစ္စက နွေးထွေး စဉ်းစားရမှာ'

'သိပ်မလောပါနဲ့ဦး ကိုရန်နိုင်ရယ်။ နွေးထွေးတို့နှစ်ယောက်အတွက် သုံးတတ်မယ်ဆိုရင် အချိန်တွေ အများကြီးကျန်ပါသေးတယ်'

နွေးထွေးက တည်တည်ငြိမ်ငြိမ်လေးပြောရင်း စကားကို အဆုံးသတ်ပါသည်။ ထိုနေ့က ရန်နိုင့်အတွက် နွေးထွေးဆီက လက်ထပ်ခွင့်အတိအကျ မရခဲ့သော်လည်း အပျော်ရွှင်ဆုံးနေ့တစ်နေ့တော့ ဖြစ်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ချစ်သူဘဝကို ရောက်ကြသောအခါတွင် ရန်နိုင်နှင့် ခင်နွေးထွေး အခေါ်အဝေါ်များ ပြောင်းလဲခဲ့ပါသည်။ ရန်နိုင်က နွေးထွေးကို 'နွေး'လို့ တစ်လုံးတည်းခေါ်ဖြစ်သွားပြီး နွေးထွေးကတော့ ရန်နိုင့်ကို 'ကိုကို'လို့ ခေါ်ခဲ့သည်။ ရန်နိုင့်ဘဝမှာ ကိုယ့်ကို ဘယ်သူမှ ကိုကိုလို့ မခေါ်ခဲ့ကြသည့်အတွက် နွေးထွေး တစ်ခွန်းခေါ်တိုင်း နားထဲမှာ ရှက်သလိုလို၊ ကြောက်သလိုလို ဘာမှန်းမသိ တစ်မျိုးကြီးဖြစ်သွားကာ ရင်တွေတုန်သွားရင်း နားထဲမှာတော့ သာယာချိုမြိန်နေခဲ့ပါသည်။ ဒါကို နွေးထွေးကို ရန်နိုင်က ပြန်ပြောပြဖြစ်တော့ နွေးထွေးက လူကြီးလေသံလေးနှင့် စကားများကို ဝေဝေဆာဆာ ပြောတော့သည်။

'ဟင်း… ကိုကိုနဲ့တော့ ခက်ပါတယ်။ ဒါကြောင့်လည်း ခုချိန်ထိ မိန်းမမရသေးတာ။ ကဲ… ဒါဆို ပြော။

www.burmeseclassic.com

www.burmeseclassic.com



အဲလိုခေါ်တာမကြိုက်ရင် ဦးလေးလို့ ပြောင်းခေါ်ရမလား'

'ဟာ... နွေးကလဲ၊ မဟုတ်တာ'

ပြောပြီး ရန်နိုင်က ထရယ်တော့ နွေးထွေးကပါ လိုက်ရယ်သည်။ နွေးထွေး၏ နှစ်ခြိုက်စွာရယ်မောသံလေး များကြားရတိုင်း ရန်နိုင့်ရင်ထဲ အေးချမ်းသွားရကာ ကြည်နူး မိသည်ကတော့ အမှန်။

'နွေး'

'ဟုတ်'

'ကိုယ် ညအိပ်ရာဝင်တိုင်း စဉ်းစားဖြစ်တာတစ်ခု ရှိတယ်'

'ဘာလဲ၊ သွားမတိုက်ဖြစ်တာကိုလား'

'အာ... ဟုတ်ပါဘူး၊ သေချာနားထောင်။ စကား အကောင်းပြောမလို့'

'ဘွာတေး... နွေးက စတာ။ ကဲ... ပြော ပြော ဘာလဲ'

'တခြားတော့ မဟုတ်ပါဘူး။ နွေးနဲ့ကိုယ် ဘာဖြစ် လို့ အစောကြီး မတွေ့ကြရတာလဲလို့ပါ'

'အံမယ်... ဘာများလဲလို့၊ ကဲ... ပြောပါဦး။ ကိုကို က ဘယ်လောက်စောစော တွေ့ချင်တာလဲ'

'ဟင်... အဲ... လွန်ခဲ့တဲ့ ဆယ်နှစ်လောက် ကတည်းကပေါ့'



'ဖြစ်မှဖြစ်ရလေ၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကဆို နွေးက ဆယ့်နှစ်နှစ်ပဲရှိဦးမှာ။ ဘယ်လိုလုပ် ရည်းစားထား တတ်မှာလဲ။ အဲဒါကိုရော စဉ်းစားမိရဲ့လား'

'အင်း... ဒါလည်း ဟုတ်သားပဲ'

ရန်နိုင်တို့နှစ်ယောက် လွတ်လပ်ပေါ့ပါးစွာ ထပ်ပြီး ရယ်မောမိကြပြန်သည်။

'နွေး'

'ရှင်'

'မနက်ဖြန် နေ့လယ်စာတစ်ခုခုသွားစားရအောင်လေ'

'နေ့လယ်စာ'

'အင်း...'

နွေးထွေးက စဉ်းစားနေဟန် ခဏငြိမ်သက်သွားသည်။

'နေ့လည်စာ... က...'

'ဘာဖြစ်လို့လဲ နွေး၊ အလုပ်ရှိနေလို့လား'

'ဟို... နေ့လယ်စာတော့ မစားပါနဲ့ ကိုကိုရယ်။ ညနေမှစားပါလား'

'နေ့လယ်က ဘာဖြစ်လို့လဲ'

'နေ့လယ်စာက မိုးက အမြဲတမ်း နွေးနဲ့အတူတူ စားနေကျ ကိုကိုရဲ့။ တော်ကြာ နွေးပျောက်နေရင် မိုးက ပြောနေမှာစိုးလို့ပါ'

နွေးထွေးစကားကြောင့် ရန်နိုင် မျက်မှောင်ကုတ်သွား

www.burmeseclassic.com

www.burmeseclassic.com



ရင်း တစ်ဆက်တည်းမှာပဲ အဖြေကို မကျေမနပ် ဖြစ်သွားရသည်။ နေလယ်စာကို မိုးစက်က နွေးထွေးနှင့်အတူ အမြဲစားနေကျဆိုတော့ နွေးထွေး၏ စက္ကူထရီအလုပ်တွင် ထမင်းအတူစားရသည့် အလုပ်က ပါနေသတဲ့လား။ အဓိပ္ပာယ်မရှိလိုက်တာလို့ ရန်နိုင် ခါးခါးသီးသီး တွေးမိလိုက်သည်။

'ကိုကို စိတ်ဆိုးသွားလားဟင်။ မိုးက အဲဒီတစ်ချိန်လေးပဲ နွေးကို သူ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စလေးတွေ တိုင်ပင်တတ်လို့ပါ။ ပြီးတော့ နွေးတို့နှစ်ယောက်က အလုပ်ရှင်နဲ့ အလုပ်သမားဆိုပေမယ့် ငယ်သူငယ်ချင်းတွေ မဟုတ်လား။ နွေးကို နားလည်ပါ ကိုကို'

နားလည်ပါဆိုသော စကားသုံးလုံးက ရန်နိုင့်ရင်ထဲကစကားတွေ အပြင်ကိုထွက်ကျမလာခင် လည်ချောင်းထဲမှာပင် ရပ်တန့်သွားစေသည်။ ချစ်သူဖြစ်တာမှ မကြာသေး။ မိုးစက်ဆိုသော လူတစ်ယောက်သည် ရန်နိုင်နှင့်နွေးထွေးကြားမှာ တံတိုင်းတစ်ခုလို ဖြစ်တည်နေပြီလား။ အဲဒီတံတိုင်းကို ဖြိုဖျက်ပိုင်ခွင့်ရှိသော်လည်း ရန်နိုင်တစ်ယောက်အားနှင့်တော့ မလုံလောက်။ နွေးထွေးကိုယ်တိုင်ပါဝင်ဖို့ လိုအပ်သည်ဆိုတာ နွေးထွေး နားလည်အောင် ရန်နိုင် ဘယ်လိုရှင်းပြရပါ့မလဲ။ ထိုညက ရန်နိုင့်ရင်ထဲ ဝမ်းနည်းသလိုခံစားခဲ့ရလေသည်။

❁

## အခန်း (၂၅)

'ဒါက ဘာဖြစ်နေရပြန်တာလဲ။ မျက်နှာကိုက မကြည်မသာ ငူငူငိုင်ငိုင်နဲ့၊ အရက် ခုနစ်ရက်လောက် မသောက်ရတဲ့ မျက်နှာမျိုး'

ချိုဇော်ကို ဘာမှပြန်မပြောနိုင်လောက်အောင် ရန်နိုင့်ရင်ထဲ နုံးချည့်နေလေသည်။ ချိုဇော် ရိပ်မိလောက်အောင် ရုပ်ပျက်နေသည့် ကိုယ့်ကိုယ်ကိုလည်း စိတ်တိုမိသည်။ ဒါပေမယ့်လည်း နွေးထွေးက မိုးစက်နဲ့ နေ့လယ်စာ အတူတူစားတယ်ဆိုသည့် စကားက ရန်နိုင့်နားထဲမှာ တဝဲလည်လည်ဖြင့် တိုးသွားလိုက်၊ ကျယ်လာလိုက် ကြားကြားနေရသည်။ ရန်နိုင် အလုပ်လုပ်ရတာကိုတောင် စိတ်မပါတော့တာ အမှန်။ အလုပ်ကိုချစ်သည့် ရန်နိုင် အလုပ်ထက်ချစ်ရမည့်သူ တွေ့ရသည့်အခါမှာတော့ ကြည်နူးရတာလေးနှင့် မကာမိအောင် စိတ်ကို လေးလံသွားစေခဲ့သည်။ ရန်နိုင့်အတွက် ဒါကိုမတွေး

www.burmeseclassic.com

www.burmeseclassic.com



ဘဲနေလျှင် အကောင်းဆုံးဖြစ်နိုင်သော်လည်း ခံနိုင်ရည်မရှိသည့် ကိုယ့်ကိုယ်ကို အံ့ဩမိပါသည်။ ရန်နိုင် ဆက်မတွေးဖြစ်တော့အောင် ခေါင်းကို အသာခါယမ်းလိုက်မိသည်။

'ခေါင်းတယမ်းယမ်း လုပ်မနေနဲ့ ဟေ့ကောင်။ အိမ်အထဲပိုင်း decoration ကိစ္စတွေက ပြီးသလောက်ရှိပြီ။ အဲဒါဖွင့်ပွဲလုပ်ဖို့ကိစ္စ လုပ်ရတော့မယ်။ ခေါင်းထဲထည့်ထားဦး။ လူကြီးတွေနဲ့လုပ်ရမှာ။ ပေါ့နေလို့မရဘူး။ oppointment ယူဖို့ ချိန်းရတော့မယ်'

'ငါ သိပါတယ်ကွာ'

'ဒီ project လည်း မြန်မြန်ပြီးကာမှပဲ။ ရောင်းစရာမြေကွက်လည်း သိပ်မကျန်တော့ပါဘူး'

ချိုဇော်က ရန်နိုင့်ကို ပြောသလိုလိုနှင့် သူ့ဟာသူ ညည်းညည်းညူညူ ပြောနေပြန်သည်။

'ကဲ… ကြုံတုန်းပြောပါဦး၊ မင်းနဲ့ ဟိုကောင်မလေး ကိစ္စ ဘယ်လိုလဲ'

ရန်နိုင်က ဘာမှပြန်မဖြေဘဲ သက်ပြင်းတစ်ချက်ကိုသာ လေးလေးပင်ပင် ချမိသည်။ ချိုဇော့်ကို နွေးထွေးကိစ္စ ဖွင့်ဟတိုင်ပင်ရမှာလည်း ခပ်လန့်လန့်။ ဒီကောင်က နဂိုကတည်းက နွေးထွေးအပေါ် အမြင်က သိပ်ကြည်လင်တာမဟုတ်တော့ ပြောပြလိုက်မှ သူက ဝူးဝူးဝါးဝါးတွေ ထလုပ်နေရင် ရန်နိုင်ပဲ ပိုစိတ်ဆင်းရဲရဦးမည်။ ပြီးတော့ နွေးထွေးကို



လည်း ဒီထက်ပိုပြီး ချိုဇော်တို့ အမြင်မစောင်းစေချင်ပါ။ ကိုယ်ချစ်ရတဲ့သူလေးကိုတော့ သိက္ခာမကျစေချင်တာ အမှန်ပင်ဖြစ်သည်။

✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

စနေနေ့ မနက်စောစောမှာတော့ နွေးထွေးက ရန်နိုင့်ဆီ ဖုန်းဆက်လာပါသည်။ အဓိကအကြောင်းအရင်းကတော့ ရန်နိုင် မေ့လို့မရနိုင်သေးသည့် နေ့လယ်စာကိစ္စပင်ဖြစ်သည်။

'ဒီနေ့ နေ့လယ် ၁၂ နာရီလောက်ပေါ့။ ကိုကိုစားချင်တဲ့ဆိုင် ပြောလေ'

'စနေ၊ တနင်္ဂနွေမှာတော့ နွေးက ဟိုတစ်ယောက်နဲ့ ထမင်းအတူတူစားစရာ မလိုဘူးပေါ့'

'ကိုကိုကလဲ'

နွေးထွေး၏ တုံ့ပြန်မှုက ခပ်တိုးတိုးဖြစ်သွားသည်။ [illegible]ဆို ရန်နိုင်လည်း ယောကျ်ားတန်မဲ့ ဒီလိုစကားလုံးတွေ [illegible]ချင်ပါ။ သို့သော်လည်း ချစ်သူအပေါ် အားမရသည့် [illegible] အလိုမကျသည့်စိတ်တွေက မနှစ်မြို့စရာ စကားလုံး [illegible]ကို ဖန်တီးပေးပြီးသား ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဆိုးနေတုန်းလား ကိုကိုရယ်၊ တစ်နေ့နေ့ကျရင်တော့ ကိုကို နွေးကို နားလည်လာမှာပါ။ အခုတော့ နွေးလည်း…'

နွေးထွေးက စကားကိုမဆက်ဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်ထားပြန်လေသည်။ ဆက်ပြောပါ နွေးလို့ မပြောနိုင်လောက်အောင် ရန်နိုင့်စိတ်ထဲ မွန်းကျပ်လာမိသည်။ ချစ်သူနှင့်ပတ်သက်၍ ဒီလိုဝေဒနာမျိုး ခံစားလာရလိမ့်မယ်လို့ ဘယ်တုန်းကမှ ရန်နိုင် တွေးမထားမိပါ။ နွေးထွေးကိုလည်း စိတ်နာစိတ်ပျက်ရမည့် ခံစားမှုမျိုး ရန်နိုင် မခံစားချင်ပါ။ ဒါပေမယ့် ခုလောလောဆယ်မှာတော့ ရန်နိုင့်စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိနေတာတော့ အမှန်ပင်။

'ကဲ…ကိုကို နေ့လယ်(၁၂)နာရီလောက် RAMADA မှာ ဆုံကြမယ်။ အဲဒီတော့မှပဲ ထမင်းစားရင်း ကိုကို မကျေနပ်တာတွေကို ပြောပြပေါ့။ ဒါပဲနော် ကိုကို'

ငြိမ်သက်မှုကို နွေးထွေးကပဲ စတင်ဖြိုခွဲလိုက်ပြီး စကားလမ်းကြောင်းကိုဖြတ်ကာ ဖုန်းကိုအရင်ချသွားခဲ့သည်။ ရန်နိုင်သည် ဖုန်းခွက်ကို အတန်ကြာကိုင်ထားရင်း ကိုယ်မလာနိုင်ဘူးနွေးလို့ မငြင်းနိုင်ခဲ့သည့် ကိုယ့်စိတ်ကို ကိုယ်မကျေမနပ် ဖြစ်နေမိသည်။

## အခန်း (၂၇)

မနက်ဖြန် ရန်နိုင်တို့၏ 'ပိတောက်ခွာညို' အိမ်ယာစီမံကိန်းဖွင့်ပွဲ ပြုလုပ်မည်ဖြစ်သောကြောင့် ဒီနေ့တစ်နေ့လုံး SIIC ထဲမှာ ရန်နိုင်တို့အားလုံး အလုပ်ရှုပ်နေကြကာ လူစုံတက်စုံလည်း ရှိနေကြသည်။ ရန်နိုင်သည် အလုပ်လုပ်နေရင်းမှ ခပ်လှမ်းလှမ်းမှာရှိနေသော နွေးထွေးနှင့်မိုးစက်ကို မသိမသာ အကဲခတ်နေမိသည်။

မိုးစက်နောက်မှာ ရိုကျိုးစွာရပ်နေသော နွေးကလည်း ရန်နိုင့်ကို ခိုးခိုးကြည့်ရှာပါသည်။ ရန်နိုင့်ရင်ထဲ ကသိကအောင့်ဖြစ်ရသည်ကတော့ အမှန်။ အဘယ်ကြောင့်ဆိုသော် ရန်နိုင့်မှာ ရှားရှားပါးပါးရလာခဲ့သော ချစ်သူလေးသည် သူ၏အလုပ်ရှင်ကို လိုအပ်တာထက် အလိုက်သိမှု၊ လိုက်လျောမှုတွေ ပိုနေခဲ့သည်။ မိုးစက်ရှေ့မှာဆိုလျှင် ရန်နိုင့်ကို စကားဆောင် ဟာဟာမပြောရဲသောနွေးသည် မိုးစက်ကိုတော့ အရို

www.burmeseclassic.com

www.burmeseclassic.com



ဇကြည့်ကြည့်နှင့် ရှိနေတတ်သည်။

နွေးနှင့် သိကျွမ်းခါစက လျှို့ဝှက်ချက်ကင်းသော မိန်းကလေးလို့ ရန်နိုင်ယူဆခဲ့ပေမယ့် ခုတော့ နွေးမှာ မိုးစက်နှင့် ပတ်သက်သည့် လျှို့ဝှက်ချက်တွေ များစွာရှိနေခဲ့ပြီဆိုတာကို ရန်နိုင် ရိပ်မိခဲ့ရပြီဖြစ်သည်။ ရန်နိုင်သည် နွေးထွေး၏ချစ်သူပါလို့ ဖွင့်ပြောနိုင်ဖို့ဝေးစွ မိုးစက် တစ်ခုခုသိသွားမှာကို ကြိုတင်စိုးရိမ်နေဟန်ရှိသော နွေးမျက်နှာကိုမြင်ရသည်မှာ ရန်နိုင့်ရင်ထဲ ခံပြင်းဝမ်းနည်းရသည်။ သို့ပေမယ့်လည်း နွေးကို ချစ်လွန်းသည့်စိတ်ကလေးဖြင့် ရန်နိုင့်မှာ ခံစားနေရတာတွေကို အောင့်အည်းမျိုချနေခဲ့ရသည်။ ဒါတွေသည် တစ်ချိန်မှာ အရှိန်ပြင်းပြင်းနှင့် မပေါက်ကွဲနိုင်ဘူးလို့ ဘယ်သူမှ အာမ မခံနိုင်။ ချစ်သူနှင့်ပတ်သက်၍ ခံစားရသော ဝေဒနာဆိုးသည် ရန်နိုင့်အသည်းအိမ်ထဲဝယ် ခါးသီးလို့နေနေပါသည်။

'ရန်နိုင် အလုပ်တွေပြီးရင် ငါတို့ တစ်နေရာရာမှာ တစ်ခုခု သွားစားရအောင်'

'ငါတို့ဆိုတာ မင်းနဲ့ငါ နှစ်ယောက်တည်းပဲလား'

'မဟုတ်ဘူး၊ မိုးစက်တို့လည်း ပါတယ်။ ခုနက မိုးစက်က ငါတို့အားလုံး နေ့လယ်စာမစားရသေးဘူးဆိုလို့ တစ်ခုခုသွားစားဖို့ လာပြောတယ်'

နေ့လယ်စာကို မိုးစက်တို့နဲ့ အတူတူသွားစားရမယ်ဆိုသော စကားကြောင့် ရန်နိုင့်ရင်ထဲ တင်းခနဲတစ်ချက်ဖြစ်သွားကာ မျက်လုံးတွေက မိုးစက်တို့ဆီ ရောက်သွားရသည်။ ရန်နိုင်နှင့်မိုးစက် တစ်ခဏအကြည့်ချင်းဆုံသွားသည့်အချိန်တွင် မိုးစက်သည် ရန်နိုင်တို့ဘက်ကို လျှောက်လာသည်။

'ကိုရန်နိုင်ကော ချိုဇော်ပါ နေ့လယ်စာ မစားရသေးဘူး မဟုတ်လား။ ကျွန်တော်တို့လည်း မစားရသေးဘူး။ အဲဒါ တစ်ခါတည်း အတူတူစုပြီး သွားစားကြရင် ကောင်းမလားလို့'

မျက်မှန်အောက်က မိုးစက်မျက်လုံးတွေက အေးစက်စက်နှင့် တောက်ပစူးရှလို့နေသည်။ ရန်နိုင်က မိုးစက်ဆီမှ မျက်လုံးကိုခွာပြီး နွေးထွေးဘက်ကို ခပ်တည်တည်ပင် ကြည့်လိုက်သည်။ ရန်နိုင်နှင့် မျက်လုံးချင်းမဆုံခင်မှာပင် နွေးထွေးက လျင်မြန်စွာ ခေါင်းကိုငုံ့ထားပြီး ဖြစ်နေလေသည်။ နွေးထွေး၏ အပြုအမူကြောင့် ရန်နိုင့်နှုတ်ခမ်းထောင့်တွင် မဲ့ပြုံးတစ်ခု ဖြစ်သွားစေပါသည်။

'ဆောရီးပဲ ကိုမိုးစက်၊ အခုနေ့လယ် ကျွန်တော် ညှော်ဒ္ဓည်တစ်ယောက်နဲ့ ချိန်းထားတာရှိနေတယ်။ ချိုဇော်နဲ့ပဲ သွားလိုက်ကြပါ'

ပြောပြီး ရန်နိုင်သည် သူတို့အားလုံးရှေ့မှ ချာခနဲလှည့်ထွက်လာခဲ့သည်။ ရန်နိုင့်အပြုအမူက အနည်းငယ်ရိုင်းသလို၊ ကြီးကျယ်သလိုဖြစ်သွားမှာတော့ သေချာပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမယ့်လည်း ဒါကို ရန်နိုင် ဂရုမစိုက်ချင်တော့။ နွေးထွေးနဲ့ပတ်သက်၍ အားမလိုအားမရမှုတွေက ရန်နိုင့် ရင်ဘတ်ထဲမှာ တစ်စစနှင့် များပြားနေခဲ့ပြီ။ ဒီအတိုင်း ရှေ့ဆက်သွားနေလို့ကတော့ ဘယ်လိုမှမဖြစ်နိုင်တော့။ နွေးထွေးနှင့် ပြတ်ပြတ်သားသား စကားတွေပြောဖို့ လိုအပ်ပြီလို့ ရန်နိုင် ဆုံးဖြတ်ချက်ချလိုက်သည်။

● ● ●

## အခန်း (၂၈)

BURMESE CLASSIC .com

ရန်နိုင်တို့ project ဖွင့်ပွဲက မနက်(၈)နာရီမှာ စဖွင့်လိုက်သော်လည်း ရန်နိုင့်မှာ ညနေ (၄)နာရီမှ ကုလားထိုင်မှာ ထိုင်ရလေသည်။ နေ့လယ်စာထမင်းမစား၊ ဗိုက်ထဲမှာ မျော့ရည်မျိုးစုံက ဝှီဝှမ်နှင့် ဆန္ဒပြနေကြသည်။ ဒီနေ့ကတော့ ရန်နိုင့်အတွက် လူမောစိတ်မောရသောနေ့ပါပဲ။ ရန်နိုင့်လိုပဲ ချိုဇော်နှင့်မိုးစက်လည်း မအားကြပါ။ အလုပ်ကိုယ်စီနှင့် ရှုပ်ယှက်ခတ်လို့နေနေတော့သည်။ နွေးထွေးခမျာလည်း မိုးစက်နောက်နားမှ ကျစ်ဆံမြီးရှည်ကြီး တယမ်းယမ်းနှင့် ပင်ပန်းလို့နေရှာသည်။ ဒီနေ့ ပင်ပန်းလှသော်လည်း မြေကွက်တော်တော်များများ အရောင်းထွက်သွားသည့်အတွက် ရန်နိုင့်မှာ နည်းနည်းတော့ စိတ်ချမ်းသာရပါသည်။ အိမ်ပြန်ခါနီး နွေးထွေးနားကိုကပ်ပြီး ည(၇)နာရီလောက် ဖုန်းဆက်မယ်လို့ ရန်နိုင် ပြောခဲ့လိုက်သည်။ ရန်နိုင်အိမ်ပြန်ရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ညနေ(၅)နာရီခွဲနေပြီ။ ခဏနားပြီး ရေမိုးချိုး၊ မေမေနှင့် အတူတူထမင်းစားကာ စကားဝိုင်းသိမ်းတော့ ည(၇)နာရီ ထိုးကာနီးနေပြီ။ ငါးမိနစ်လောက်လိုသေးသော်လည်း ရန်နိုင် မစောင့်တော့ဘဲ နွေးထွေးဆီ ဖုန်းခေါ်လိုက်မိသည်။

တစ်နေ့လုံး ပင်ပန်းခဲ့ရသော မောပန်းမှုတို့သည် နွေးထွေးညီမလေး၏ အဖြေစကားအောက်တွင် ရင်ထဲနင့်ခနဲ ဖြစ်သွားရလေသည်။ မမနွေး ပြန်မရောက်သေးပါတဲ့။ ဒီအချိန်ထိတောင် ပြန်မရောက်နိုင်ရအောင် နွေးထွေး ဘယ်တွေ လမ်းများနေသလဲ၊ မျက်စိရှေ့မှာ ချစ်သူကို မိုးစက်နှင့် အတူ တတွဲတွဲတွေ့နေရသည်ကို စိတ်မချမ်းသာရသည့်ကြား ထဲကမှ ပြောမထွက်သဖြင့် မသိချင်ယောင်ဆောင်နေရသည့် နှုတ်ဆိတ်နေရသည့် ကိုယ့်ဒုက္ခကိုယ် ရန်နိုင် ရင်နာမိသည်။ ဒီညတော့ နွေးထွေးနှင့်ရန်နိုင် စကားသေသေချာချာ၊ ပြတ်ပြတ်သားသားပြောဖို့ တကယ်ကို လိုအပ်နေပြီဆိုတာ သေချာသည်ထက် သေချာသွားခဲ့ပြီ ဖြစ်သည်။

ည(၇)နာရီ လေးဆယ့်ငါးမိနစ်လောက်မှာ နွေးထွေးဆီက ဖုန်းပြန်လာပါသည်။

'ဘာလို့ နောက်ကျနေတာလဲ နွေး၊ နွေးကို ကိုယ် လေးဆယ့်ငါးမိနစ် စောင့်ရတယ်'

'တောင်းပန်ပါတယ် ကိုကိုရယ်၊ မိုးအဖေနဲ့အမေ တောင်ကြီးက ပြန်လာတာနဲ့ စားစရာတွေပါလာတယ်ဆိုလို့



နွေး သူတို့အိမ် ခဏဝင်ယူတာပါ။ ဟိုရောက်တော့ ချက်ချင်း ထပြန်လို့မကောင်းတာနဲ့ နည်းနည်းကြာသွားတာပါ'

နွေးထွေးစကားကြောင့် ရန်နိုင့်ရင်ထဲ မောသွားရသည်။ မိုးစက်နှင့် ပတ်သက်လာလျှင် နွေးထွေး အရာရာကို ဦးစားပေးတတ်ပါလားဆိုသော အသိကလည်း လှုကို အားကုန်သွားစေသည်။

'နွေး ကိုယ်စောင့်နေမယ်ဆိုတာ သတိမရဘူးလား'

'ရတာပေါ့ ကိုကိုရယ်၊ ဘယ့်နှယ်ပြောပါလိမ့်။ နွေး လည်း ပြီးပြီးချင်း အိမ်ကိုအမြန်ဆုံး ပြန်လာတာ။ ရောက်ရောက်ချင်း အဝတ်အစားတောင် မလဲရသေးဘူး။ ကိုကို့ဆီ ဖုန်းတန်းဆက်တာပါ'

'နွေး'

'ရှင်'

'နွေး ကိုယ့်ကို တကယ်ကောချစ်ရဲ့လား'

'ကိုကို နွေးကို မယုံတော့ဘူးလားဟင်၊ ကိုကို့ကို နွေး ဘယ်လောက်ချစ်တယ်ဆိုတာ နွေးကိုယ်တိုင်ပဲ သိတယ်။ ကိုကို့စိတ်ထဲမှာရှိနေတဲ့ သံသယတွေကိုလည်း တစ်နေ့တော့ နွေး ကုစားပေးနိုင်မှာပါ'

'အဲဒီ နွေးပြောတဲ့တစ်နေ့ဆိုတာကို ကိုယ်က ဘယ်လိုပုံသဏ္ဌာန်၊ ဘယ်လိုခံစားမှုမျိုးနဲ့ စောင့်ရမှာလဲ။ နွေး ဒါကိုပဲ အရင် ကိုယ့်ကို အကြံပေးပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ထိန်းထားသော်လည်း ရန်နိုင့်အသံက ဆါသံ အနည်းငယ်စွက်နေမှန်း ရန်နိုင် ရိပ်မိပါသည်။ ချစ်သောစိတ်နှင့် နွေးအပေါ် စိတ်ရှည်ထားသော်လည်း အဲဒီချစ်သောစိတ်နှင့်ပင် နွေးအပေါ် စိတ်မရှည်ချင်တော့။

'ကိုကိုရယ် မိုးနဲ့နွေးနဲ့က အလုပ်ရှင်နဲ့ အလုပ်သမားလို့ဆိုပေမယ့် မိုးက နွေးတို့မိသားစုရဲ့ ကျေးဇူးရှင်တစ်ယောက်လေ။ ပြီးတော့ နွေးရဲ့ငယ်သူငယ်ချင်းတစ်ယောက်ပါ။ သူများတွေ ဘယ်လိုပဲထင်ထင် ကိုကိုကတော့ နွေးကိုနားလည်ပေးစေချင်တယ်ကွယ်'

နွေးအသံက ခပ်တိုးတိုးနှင့် ယိုင်နဲ့လို့လာသည်။ နွေးဝမ်းနည်းသွားတာလား။ ရန်နိုင်ကကော ဝမ်းသာနေလိမ့်မည်လို့ နွေးထွေးထင်နေသလား။

'ဒီမှာ နွေး… ကိုယ် ရှင်းရှင်းပဲပြောမယ်။ ကိုယ်တို့နှစ်ယောက်လုံးဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်မြတ်နိုးကြတယ်။ ကိုယ်တို့ ပေါင်းစည်းဖို့အတွက်လည်း ဘာအခက်အခဲ၊ ဘာပြဿနာမှ ရှိမလာနိုင်ဘူးလို့ ကိုယ်ယုံကြည်ထားတယ်။ အဓိပ္ပာယ်မရှိတာတွေကို တစ်နေ့တာနွေ့ စိတ်ညစ်ခံပြီး ဆွေးနွေးနေမယ့်အစား အဓိပ္ပာယ်ရှိတာကိုပဲ အမြန်ဆုံး အကောင်အထည်ဖော်ကြရအောင်။ ကိုယ်ပြောတာ သေချာနားထောင်ပါ နွေး။ နွေး မိုးစက်အလုပ်က ထွက်လိုက်ပါ'



'ရှင်…'

'နွေး အလုပ်က ထွက်ပြီးတာနဲ့ ကိုယ် လူကြီးစုံရာနဲ့ နွေးကို မိသားဖသားပီပီ လာတောင်းပြီး အမြန်ဆုံးလက်ထပ်မယ်။ ဒါ ကိုယ့်ရဲ့ဆုံးဖြတ်ချက်ပဲ'

နွေးသည် ဘာမှပြန်မဖြေဘဲ ချက်ချင်း အသံတိတ်သွားလေသည်။ ရန်နိုင် နွေးကိုအားမရသည့်အထဲမှာ ဒါသည် ထိပ်ဆုံးကဖြစ်သည်။ အလုပ်ထဲမှာ သွက်လက်ချက်ချာသလောက် မိုးစက်နဲ့ပတ်သက်လာလျှင် နွေးသည် အမြဲလိုလို တုံ့ဏှာဘာဝေလုပ်နေတတ်သည်။ ဒါကိုလည်း ရန်နိုင်က လုံးဝသည်းညည်းမခံနိုင် ဖြစ်ရသည်။

'နွေး ကိုယ်ပြောတာကို ကြားမှာပါ။ ကိုယ့်ကို တကယ်ချစ်တယ်ဆိုရင် ကိုယ်ပြောသလိုပဲ လုပ်ပါ။ မိုးစက်ကြောင့် နွေးနဲ့ကိုယ် ဝေးနေစရာအကြောင်း မရှိဘူး။ နွေး ပြတ်ပြတ်သားသား စဉ်းစားဆုံးဖြတ်ပါ။ နွေးကို ဒီနေ့ညကစပြီး ကိုယ် အချိန်တစ်လပေးမယ်။ နွေးရဲ့ ပျော်စရာကောင်းမယ့်အဖြေကို ကိုယ် မျှော်လင့်နေမယ် နွေး။ ကဲ… နွေး နားပါတော့'

ထိုညက ကိုယ်ပြောချင်တာကို ကိုယ်ပြောခွင့်ရလိုက်သော်လည်း ကိုယ်ပေးလိုက်သော တစ်လဆိုသော အချိန်ကို ကြိုပြီးရင်ခုန်နေမိပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

မြင်လိုက်ရသော မြင်ကွင်းကိုကြည့်ပြီး ရန်နိုင့်ရင်ထဲ ရုတ်တရက် ဗလောင်ဆူသွားရလေသည်။ နွေးကိုချစ်မိသည့် အချိန်ကစပြီး မသောက်ခဲ့သော ဒီအရက်ကို ဒီနေ့ပွဲမှာတော့ ရန်နိုင် သောက်ထားမိပေမယ့် ရန်နိုင် မမူးသေးပါ။ လူ မြင်ကွင်းအလည်မှာ ပြုံးရွှင်လျက်ရှိသော မိုးစက်နှင့်နွေးတွေး စုံတွဲက ထင်ရှားလွန်းလှသည်။ အနောက်ဆန်ဆန် ဝတ်သား သားသော မိုးစက်နှင့် မြန်မာဆန်သော နွေးတွေးက လူ ဘကာ စိတ်ဝင်စားစရာကောင်းလောက်အောင် လိုက်ဖက်ညီ လှပေသည်။

ရန်နိုင့်အတွက်ကတော့ သူတို့အတွဲကို မြင်ရသည့် ခချိန်ခဏမှာ မီးခဲကြီးမျိုချလိုက်ရသလို ရင်ဘတ်ထဲမှာ ပူ လောင်သွားရလေသည်။ နွေးတွေးသည် ရန်နိုင့်ချစ်သူပါလို့ လိုက်ပြောပြတောင် အားလုံးက ရန်နိုင့်ကို ရူးတယ်လို့ ထင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဦးမည်။ နွေးထွေးနှင့်ရန်နိုင့်အကြောင်းက ဘယ်သူမှ သေချာရေရာစွာသိသူ မရှိ။ ဒီပတ်ဝန်းကျင် အသိုင်းအဝိုင်း အလည်မှာတော့ မိုးစက်နှင့် နွေးထွေးသည်သာ တကယ့်ကို တရားဝင်ချစ်သူနှစ်ယောက်လို့ အားလုံးက သတ်မှတ်ကြ လိမ့်မည်။ တော်တော်များယွင်းနေသည့်ကိစ္စပဲလို့ ရန်နိုင် တွေးလိုက်မိသည်။

အခြေအနေကို ရိပ်မိသော ချို့ဇော်က သူတို့အတွဲကို မျက်တောင်မခတ် ငေးကြည့်နေသော ရန်နိုင့်အနား မသိ မသာလေး တိုးထိုင်လိုက်ပါသည်။ ရန်နိုင်သည် အရက်ကို ရေမရောတော့ဘဲ တစ်ကျိုက်သောက်ချလိုက်ရင်း ဝမ်းနည်း သောလေသံဖြင့် -

'ချို့ဇော် သူတို့တွေ အမြဲတမ်း ဒီလိုပဲ သွားနေကြ မှာပဲနော်'

'မင်းကလည်းကွာ၊ မေ့လိုက်စမ်းပါ။ သူများတွေ ရိပ်မိသွားရင် မကောင်းဘူး'

ချို့ဇော် လေသံတိုးတိုးဖြင့် ရန်နိုင့်ကို ချော့ရှာသည်။ ရန်နိုင်တို့ဝိုင်းကကောင်တွေကလည်း အခြေအနေကိုတော့ အနည်းငယ် ရိပ်မိကြဟန်တူပါသည်။ ရန်နိုင်တို့အကြောင်း က လူတွေ ဘယ်လောက်တောင် သိကုန်ကြပြီလဲ။ ရန်နိုင် ရင်ထဲမှာတော့ ရှက်နေမိသည်။ ဟန်ဆောင်နေရခြင်းကို စိတ် ထဲမှ တနုံ့နုံ့နှင့် ရွံမုန်းနေမိသည်။ စိတ်ရှိသည့်အတိုင်း ထ



လုပ်လိုက်လျှင် ဒီညနေ့ခံပွဲကြီး ပျက်သွားမလားမပြောတတ်။ မိုးစက်ဘေးနားမှာ ပြုံးရွှင်သောမျက်နှာလေးနှင့် ရှိနေသော နွေးထွေးကိုလည်း တဒင်္ဂခဏမုန်းတီးသွားမိသည်။ နွေးထွေး ကိုယ့်ကို သက်သက်လှည့်စားနေတာပဲလို့လည်း အသံတိတ် စွပ်စွဲနေမိသည်။

'ဟေ့ကောင် ချို့ဇော်··· မင်းကောင်ကို ကြည့်လည်း လုပ်ဦး။ စွတ်သောက်နေတယ်။ တော်ကြာ မိန်းမတောင် မရလိုက်ဘဲ ဖြစ်သွားမယ်နော်'

သူငယ်ချင်းတွေအားလုံးက ပြောရလောက်အောင် ရန်နိုင် ထိုညက တစ်ခွက်ပြီးတစ်ခွက် သောက်နေမိသည်။ ဘဝမှာ ရန်နိုင် အရက်သောက်ခြင်းသည် သူငယ်ချင်းတွေ နှင့်ဆုံသည့်အချိန်တွေမှာ ပျော်လို့သောက်ခဲ့တာချည်းပဲ ဖြစ် သည်။ ဒီတစ်ကြိမ်မှာတော့ ရန်နိုင် စိတ်ညစ်လို့ အရက် သောက်ဖူးခဲ့ပြီ ဖြစ်သည်။ ရန်နိုင့်မျက်နှာက အပေါ်ယံမှာ ပြုံးနေသော်လည်း စိတ်အတွင်းမှာတော့ ဘယ်လောက်ထိ လောင်ကြွက်ခဲနေရသလဲ ကိုယ့်ဟာကိုယ်ပဲသိသည်။ အပြုံး အေးအေးလေးနှင့် ရက်စက်တတ်သော နွေးထွေးကို စိတ်နာ မိသည်။ ချစ်သူကို 'ကျေးဇူး' ဆိုသော စကားနှစ်လုံးနှင့် သိမ်းပိုက်ထားသော မိုးစက်မျက်နှာကို စုတ်ပြတ်သွားအောင် သက်သီးနှင့် ထိုးချင်နေမိသည်။

နွေးထွေးရယ်··· မင်း ငါ့ကိုချစ်တယ်လို့ ဘာလို့များ

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ရတာလဲ။ မင်း လူမှားပြီး ပြောခဲ့သလားဆိုတာ ငါ သိချင်ပါတယ်။

## အခန်း (၃၀)

လေယာဉ်ပြတင်းပေါက်မှ မြင်နေရသော တိမ်တိုက်ဖြူဖြူတို့ကို ရန်နိုင် အဓိပ္ပာယ်မဲ့ ငေးမောကြည့်နေမိသည်။ လွန်ခဲ့သော ငါးရက်ကထက်စာရင်တော့ ယခုအချိန်တွင် ရန်နိုင့်ရင်ထဲက မကျေနပ်ချက်တွေက အနည်းငယ်တော့ တည်ငြိမ်သွားစေသည်လို့ ရန်နိုင် တွေးနေမိသည်။

ညစာစားပွဲမှာ နွေးထွေးတို့အတွဲကို စမြင်ကတည်းက ရန်နိုင် နွေးထွေးဆီ ဖုန်းလုံးဝမဆက်ဘဲ နောက်တစ်နေ့ညနေမှာပင် မလေးရှားကို အလုပ်ကိစ္စနှင့် ထွက်လာခဲ့လိုက်သည်။ အမှန်တော့ ဒီခရီးစဉ်က ရန်နိုင့်အတွက် နဂိုကတည်းက ရှိနေခဲ့သော်လည်း သတ်မှတ်ထားသည့်ရက်တော့ ဟုတ်ပေ။ ခရီးသွားရမည့်ကိစ္စကလည်း project နှင့်မဆိုင်သည့် ရန်နိုင့်စက်ရုံကိစ္စသက်သက်မို့ ချိုဇော်ကိုတောင် အကြောင်းမကြားတော့ဘဲ စိတ်ကူးပေါက်သည့်အချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်လက်မှတ် ကောက်ဝယ်ပြီး ထွက်ခဲ့ခြင်းဖြစ်သည်။

မလေးရှားရောက်မှ ချိုဇော်ဆီ ဖုန်းဆက်တော့ ဒီကောင်က နားလည်စွာနှင့် ရန်နိုင့်အပေါ် သဘောတွေ ဇွတ်ကောင်းနေသည်။ နွေးထွေးနှင့်ပတ်သက်သော အကြောင်းအရာကို တစ်လုံးတလေမှ မစသည့်အတွက် သင်းကို ကျိတ်ပြီး ကျေးဇူးတင်သည့်အနေဖြင့် အင်္ကျီတစ်ထည် လက်ဆောင်ဝယ်လာခဲ့သည်။ ပြီးတော့ (ယခုလောလောဆယ်မှာ) သံယောဇဉ်ဖြတ်လို့ မရသေးသည့် ချစ်သူမိန်းကလေးအတွက် Rado နာရီလှလှလေးတစ်လုံး ဝယ်လာခဲ့သည်။ ဒီနာရီကလေးကိုပေးရင်း ကြည်နူးစရာကောင်းသည့် စကားလှလှလေးတွေကို သာယာသည့်နေရာလေးတစ်ခုခုမှာ တစ်ခုခုစားရင်း အချိန်ကုန်စေရမည်လို့ စိတ်ကူးတွေယဉ်နေမိပြန်သည်။ နွေးထွေး၏နာရီလေး သိပ်မကောင်းမှန်း ရန်နိုင်သတိထားမိသည်။ နဂိုကတည်းက နွေးထွေးကို တစ်ခုခုဝယ်ပေးချင်နေခဲ့တာ ဘာပေးရမှန်းမသိဖြစ်နေခဲ့စဉ် အခုဒီခရီးစဉ်ထွက်ဖြစ်တော့ နာရီဆိုင်တစ်ခုရောက်သွားရင်း နွေးထွေးအတွက် အကောင်းဆုံးလက်ဆောင်လေးတစ်ခု ရှိခဲ့သည်။

ဒါကိုတောင် မရွှေနွေးထွေးက တန်ဖိုးကြီးလို့ မယူပါရစေနဲ့ ဘာညာဆိုပြီး ယုံရတာမဟုတ် ငြင်းချင်ငြင်းနေဦးမှာ။ အဲဒီအခါကျရင်တော့ ရန်နိုင်က သူမလက်မှာအတင်း



ပင် ကိုယ်တိုင်ကိုယ်ကျ ဝတ်ပေးရမှာပဲဖြစ်သည်။ ပြီးတော့ အရေးကြီးတာတစ်ခုက အဲဒီနေ့ကျရင် နွေးထွေးနှင့်မိုးစက်ကို ညစာစားပွဲမှာ တွေ့ခဲ့သည့်အကြောင်း ကိုယ့်ပါးစပ်က ပြောမထွက်မိစေဖို့ဘဲ ဖြစ်သည်။ နွေးနှင့်ပတ်သက်လာလျှင် အဆုံးစွန်တိ သည်းညည်းခံခွင့်လွှတ်တတ်သောသူ တစ်ခါတစ်ရံတော့ စိတ်ထဲက ဖြစ်ချင်မိပါသည်။

ပျော်စရာအတွေးတွေ တစ်ပုံတပင်ကြီးတွေးမိပြန်တော့ ရန်ကုန်မြေကို မြန်မြန်ခြေချမိချင်ပြန်သည်။ ပျောက်နေသော ငါးရက်အတွက် နွေး ရန်နိုင့်ကို စိတ်ကောက်နေဦးမှာလား။ သူ့ကိုမပြောမဆိုဘဲ ထွက်သွားလေခြင်းဆိုပြီး တော့ရော ဝမ်းနည်းနေဦးမှာလား။ ဘာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူ စိတ်ကောက်တယ်ဆိုရင် ချော့ရမှာက ဝတ္တရားတစ်ခု မဟုတ်လား။ မိန်းကလေးတစ်ယောက်ကို တစ်ခါမှ မချော့ဖူးသည့်အတွက် ရန်နိုင် ကပေါက်တိကပေါက်ချာများ ဖြစ်နေဦးမလားမပြောတတ်။ ဒါပေမယ့်လည်း ရန်နိုင်တတ်သလောက်မှတ်သလောက်တော့ ချော့ရမည်။ နောက် ရက်အနည်းငယ်ကြာရင်တော့ ကိုယ် စိတ်ကောက်သည့်အကြောင်းအရာလေးကိုတော့ နွေးထွေးသိအောင် စိတ်လိုလက်ရ ပြောသင့်ရင်ပြောပြရမည်။

အခု လောလောဆယ်မှာတော့ လေယာဉ်ပျံကြီးက ရန်ကုန်လေယာဉ်ကွင်းကို ဆင်းသက်နေပြီဖြစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင် တက်ကြွစွာဖြင့် ပစ္စည်းများကို သိမ်းနေလိုက်သည်။ အိမ်ရောက်ရောက်ချင်း နွေးထွေးဆီ အရင်ဆုံး ဖုန်းဆက်ရမည်ဆိုသောအသိက ရန်နိုင့်နှလုံးသားတစ်ခုလုံးကို နွေးထွေးသွားစေသည်။

## အခန်း (၃၁)

ရေချိုးခန်းကထွက်လာပြီး ဆယ်လူလာဖုန်းဖွင့်လိုက်တာနှင့် ဖုန်းက ချက်ချင်း အသံမြည်လာသောကြောင့် ရုတ်တရက်မို့ ရန်နိုင့်မှာ လန့်တောင်သွားရသည်။ ဖုန်းကို ကိုင်လိုက်တော့ တခြားသူမဟုတ်။ ချိုဇော် ဖြစ်နေသည်။

'ပြန်ရောက်တာတောင် အသံမပေးပါလား'

'အသံမပေးတာတောင် သိနေတာ၊ အသံများသာပေးလိုက်ရင် အိမ်ရောက်နေမလားပဲ'

'ဟော့ကောင် ငါတို့မြေကွက်တွေ အားလုံးကုန်သွားပြီကွ'

'သတင်းကောင်းပဲ။ နို့မို့ဆို ငါ့ဆံပင်တွေလည်း တစ်ခေါင်းလုံး ကုန်မှာပဲ'

'လူကြီးတွေကလည်း ငါတို့ projectကို အရမ်းသဘော ကျနေကြတယ်ကွ။ ကွယ်ရာမှာ တော်တော်ချီးကျူး

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲကွ'

'ရှေ့မှာလည်း ချိုးကျူးတာပဲကွ'

'ကွယ်ရာမှာ ချိုးကျူးဖို့က အဓိကကွ။ sample အိမ် (၇)လုံးလည်း ရောင်းလို့ထွက်သွားပြီ။ မင်းကြိုက်တယ် ပြောဖူးတဲ့ထောင့်က ဈေးအကြီးဆုံးအိမ်ကိုတော့ မိုးစက်က ပြန်ဝယ်လိုက်တယ်'

စကားပြောရင်း မိုးစက်နာမည် ပါလာသောကြောင့် ရန်နိုင် မျက်မှောင်တစ်ချက် တွန့်သွားရသည်။ မိုးစက်က အိမ်ဝယ်လိုက်တယ်ဆိုပါလား။ သူဝယ်လိုက်သောအိမ်က (၇)လုံးထဲမှာ အကောင်းဆုံး၊ အကြီးဆုံးနှင့် ဈေးအများဆုံး အိမ် ဖြစ်သည်။ အစက ရန်နိုင်တောင် ဒီအိမ်ရောင်းမထွက်ခင်က ဝယ်ဖို့ စဉ်းစားသေးသည်။ အိမ်က အထဲမှာပါ decoration လုပ်ပြီးသားမို့ လှလည်းတော်တော်လှသည့်အိမ် ဖြစ်သည်။ ဈေးက သိန်း (၇၅၀)တောင်မို့ ရန်နိုင့်ငွေတွေ က မလည်သေးသောကြောင့် ကိုယ့်စိတ်ကူးကို ဖျက်လိုက် ရခြင်းဖြစ်သည်။

အိမ်လေး၏ ခြံဝင်းထဲတွင် ဥယျာဉ်အသေးစားလေး တစ်ခုနှင့် ရေကူးကန်လေးတစ်ခုတောင် အဆစ်ပါသေး သည်။ ရန်နိုင်သည် ခုမှ သူများလက်ထဲပါသွားသည့် အိမ်လေးကို မျက်လုံးထဲပြန်မြင်ယောင်ရင်း နှမြောတသစိတ် များ တဖွားဖွားဖြစ်လာရသည်။



'မင်း စက်ရုံကိစ္စကော ဘယ်လိုလဲ။ အဆင်ပြေ လား'

'ပြေပါတယ်။ မင်းအတွက် ငါ အင်္ကျီတစ်ထည် ဝယ်လာတယ်'

'ဘာလဲ၊ ၃ထည်မှ ၁၀ပေးရတဲ့ဟာလား'

'ဟေ့ကောင်··· Guy Laroche အင်္ကျီကွ။ ကိုယ့် ဟာကိုယ် ဝတ်ပစ်လိုက်ရမလား'

'ဟုတ်ပါပြီကွာ ဟုတ်ပါပြီ။ Thank you so much ပါ။ သြော်··· ဟေ့ကောင် စကားမစပ် ပြောရဦးမယ်။ မိုးစက် စင်ကာပူသွားတယ်။ မင်းသွားပြီး နှစ်ရက်လောက် ကပဲသွားတာ။ မင်းကောင်မလေး ပါမပါတော့ ငါလည်း မသိဘူး'

ချို့ဇော်စကားက ရန်နိုင့်နားထဲမှာ ဗုံးတစ်လုံး ပေါက် ကွဲသွားသလို ကျယ်လောင်လွန်းလှသည်။ ရင်ထဲမှာ ဒိန်း ခနဲဖြစ်သွားရင်း ချို့ဇော်ကို ဘာမှမပြောဖြစ်ဘဲ ဖုန်းကို ပိတ် လိုက်ကာ နွေးထွေးအိမ်ဖုန်းနံပါတ်ကို အမြန်ဆုံးနှိပ်လိုက်မိ သည်။ ဖုန်းလာကိုင်သောသူမှာ အသက်ကြီးကြီး မိန်းမတစ် ယောက်အသံဖြစ်သဖြင့် နွေးထွေးအမေ ဖြစ်ဟန်တူ၏။ နွေးထွေးကို အမေးမှာတော့-

'နွေးထွေး မရှိပါဘူးကွယ်။ စင်ကာပူကို အလုပ်ကိစ္စ နဲ့ ခေါ်သွားပါတယ်။ ဘယ်သူလို့ပြောလိုက်ရပါ့မလဲ' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ပြန်မပြောနိုင်လောက်အောင် ရန်နိုင့်ရင်ထဲ လှိုက်ဟာသွားကာ ခန္ဓာကိုယ်တစ်ခုလုံးရှိ အားအင်များ ကုန်ခမ်းသွားရလေသည်။ ရင်ထဲမှာ တစ်စစ ပွားများလာသော ဝမ်းနည်းမှုက နာကျည်းမှုတစ်ခုဖြစ်အောင် တဖြည်းဖြည်း ကူးပြောင်းသွားသည်။ လုပ်ရက်လေခြင်းဆိုသည့် ခံပြင်းမှုက ဘာနဲ့မှ အစားထိုးကုသလို့ရနိုင်လိမ့်မည်မထင်တော့။ ရန်နိုင့်အမြင်အာရုံတွေက ကြည်လင်ရာမှ ဝါးလို့သွားလေသည်။ ရန်နိုင့်မျက်လုံးမှာ မျက်ရည်တွေ ဝဲနိုလို့လာကုန်ပါရော့လား။

❁

## အခန်း (၃၂)

'မင်း ပြတ်ပြတ်သားသားလုပ်ရင်လုပ်၊ အေး… မလုပ်ရင်တော့ ကိုယ်တို့နှစ်ယောက်ဇာတ်လမ်း ဒီနေရာမှာ ရပ်လိုက်ကြတာ အကောင်းဆုံးပဲ'

'အို… ကိုကို ဘာလို့ အဲလိုပြောရတာလဲ'

'ဒီမှာ နွေးတွေး၊ မင်းရဲ့လုပ်ရပ်တွေအတွက် မင်းအစား ငါရှက်လို့ပြောနေတာ။ မင်း ဘာမှ နားမလည်ချင်ယောင်ဆောင်မနေနဲ့။ မင်း အဲလောက်မရိုးသားဘူးဆိုတာ ငါ သိတယ်'

'ကိုကို နွေးကို မအော်ပါနဲ့။ နွေး ဝမ်းနည်းတယ်'

ဝမ်းနည်းရင်လည်း အဲဒီနေရာမှာတင် လဲသေလိုက်ဟူသော စကားကိုတော့ စိတ်ထဲမှာပင် အသံတိတ် ပြောလိုက်မိသည်။ ဒေါသကြောင့် လူတစ်ကိုယ်လုံးလည်း တုန်ရီနေသည်။ ကိုယ်ချစ်လှပါသည် သတ်မှတ်ထားသော မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ငယ်ဘဝ်ယောက်ကို ဒီလိုလေသံ၊ ဒီလိုစကားလုံးတွေ ပြောနေရသည့်အတွက်လည်း ရင်ထဲမှာ ပိုနာရသည်။

သို့ပေမယ့်လည်း အခြေအနေက ဒီပုံစံမျိုးဖြစ်အောင်ကို အတင်းပို့ဆောင်ခဲ့ပြီ။ နွေးထွေးမျက်နှာကို ရန်နိုင် လှည့်မကြည့်ချင်။ နွေးထွေးအသံက တိုးတိမ်ပြီး တုန်ခါနေတာမို့ နွေးထွေး ငိုနေလားလို့လည်း ရန်နိုင် မသိချင်ပါ။ ကိုယ့်ရင်ထဲ ခံစားနေရသော ဒီခါးသီးသည့် ဝေဒနာကြီးကို ဘယ်နားသွားပြီး လွှင့်ပစ်ရမှန်းမသိအောင်ကို ရန်နိုင် ရှုးချင်နေမိလေသည်။

'ကိုယ့်ရင်ထဲ ဘယ်လိုခံစားရမလဲ မင်း နည်းနည်းမှ ကိုယ်ချင်းမစာဘူး နွေးထွေး။ အရင်တုန်းက မင်း ဒီကောင်နဲ့ ဘယ်လိုပဲသွားခဲ့လာခဲ့ ငါ မေ့ထားလို့ရသေးတယ်။ အခု ငါနဲ့ ချစ်သူဘဝရောက်တဲ့အချိန်မှာတော့ မင်း အရင်ကလို သွားချင်တိုင်းသွားလို့ မရဘူးကွ။ မင်း အနေအထိုင် ဆင်ခြင်ဖို့ကောင်းတယ်'

'ကိုကို့စကားတွေက နွေးကို သိပ်စော်ကားရာရောက်တယ်။ ကိုကို နွေးကို ချစ်တယ်ပြောခဲ့တုန်းက နွေးကို နားလည်နိုင်တယ်ဆို'

'ကိုယ် နားလည်ပေးနိုင်တယ်ဆိုတဲ့ အကြောင်းအရာထဲမှာ မင်းနဲ့မိုးစက်ကိစ္စ မပါဘူး။ မင်းပြောတော့ ငယ်သူငယ်ချင်း ကျေးဇူးရှင်ပါဆို။ မင်းတို့ နေတာထိုင်တာတွေက ငယ်သူငယ်ချင်းပုံစံ မဟုတ်ဘူးကွ။ ဘယ်အတိုင်းအတာ



အထိတော မင်း သူ့ကို ကျေးဇူးဆပ်ရမှာလဲ'

'ကိုကို့စကားတွေ ဒီမှာပဲရပ်ဖို့ကောင်းပြီ။ ကိုကို့ကို ချစ်လွန်းလို့ နွေး ဒီလောက်ထိ သည်းညည်းခံနေတာ။ ကိုကို့စကားတွေက နွေးသိက္ခာကို အပြည့်အဝစော်ကားလွန်းနေပြီ'

'အေး… ကိုယ်ကလည်း မင်းကိုချစ်လွန်းလို့ ဒီလောက်ထိ အောက်ကျနောက်ကျခံပြီး မိန်းမတစ်ယောက်အတွက် သိလျက်နဲ့ မသိချင်ယောင်ဆောင်နေရတာပေါ့ကွ'

'ကိုကို ဘာကိုပြောတာလဲ'

'မင်းနဲ့မိုးစက်လေ၊ ဘာမှ ရိုးသားချင်ယောင်ဆောင်မနေနဲ့။ လူတွေအားလုံးသိတယ်။ ကိုယ်နဲ့မင်း ပတ်သက်နေမှန်းလည်း ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းတစ်ခုလုံးလည်း သိကြတယ်။ ကိုယ့်မျက်နှာကြောင့် ထုတ်မမေးကြတာဘဲ ရှိတာယ်။ ဒါကို မင်းက မဆင်မခြင်ဘဲ ဧည့်ခံပွဲတွေဆိုလည်း အတူတွဲတက်လိုက်၊ နိုင်ငံခြားခရီးဆိုလည်း ညအိပ်ညနေသွားလိုက်နဲ့ လုပ်သင့်သလားကွ'

ရန်နိုင့်မှာ စကားပြောရင်းပြောရင်း ဒေါသတွေက ခမ်းနည်းမှုဖြစ်တည်လာရသည်။ စိတ်ရှိတိုင်းသာပြောရရင် နွေးထွေးအတွက် ဒီထက်နစ်နာသောစကားတွေပဲ ကြားရဦးမည်။

'ကိုယ့်မှာတော့ မင်းနဲ့ပတ်သက်ပြီး မျှော်လင့်ထားမိခဲ့ရတာ၊ စိတ်ကူးတွေယဉ်လိုက်ရတာ အရှုံးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လိုပါပဲ။ မျက်စိရှေ့မှာ တွဲနေတာတောင် ကိုယ့်ရင်ထဲ အနေရခက်တာ၊ တိုင်းတစ်ပါးမှာ မင်းတို့ ဘယ်လိုနေထိုင်ကြမလဲ ငါ မတွေးရဲဘူး။ မင်း ငါ့ကို ထည့်မတွက်ဘူး နွေးထွေး'

'တော်တော့ ကိုကို တော်တော့။ ဘာမှ ထပ်မပြောနဲ့တော့။ ကိုကိုထင်နေတာတွေ တစ်ခုမှ မဟုတ်ဘူး။ ကိုကို့စိတ်ထဲ ဖြစ်နေတာတွေလည်း အားလုံးအမှားတွေချည်းပဲ။ ဒါတွေကိုလည်း ခုချိန်မှာ နွေး ရှင်းမပြနိုင်သေးဘူး။ ကိုကို နွေးကို အချိန်ပေးထားတဲ့ တစ်လပြည့်ရင်တော့ နွေး ရှင်းပြနိုင်အောင် ကြိုးစားမယ်။ ဒါကိုမှ ကိုကို မစောင့်ချင်ဘူးဆိုရင်တော့ နွေးတို့ဇာတ်လမ်းကို ကိုကို ကြိုက်သလို အဆုံးသတ်လို့ရတယ်။ နွေးသွားမယ် ကိုကို'

ကျောခိုင်းထားသော ရန်နိုင့်မျက်နှာရှေ့တည့်တည့်တွင် လာရပ်ကာ ရန်နိုင့်မျက်လုံးတွေကို သေချာစူးစိုက်ကြည့်ပြီး သူပြောချင်သော စကားများအဆုံးမှာတော့ နွေးထွေးသည် ချာခနဲလှည့်ထွက်သွားလေသည်။ ယမ်းခါသွားသော ကျစ်ဆံမြီးရှည်ကြီးကိုကြည့်ပြီး ရန်နိုင့်ရင်ထဲ အလိုချင်ဆုံးအရာတစ်ခု ပျောက်ဆုံးသွားသယောင် ရင်ထဲမှာ ဟာလာဟင်းလင်းကြီးဖြစ်ပြီး ကျန်ရစ်ခဲ့လေသည်။

## အခန်း (၃၃)

'မင်း စကားတွေအရဆိုရင်တော့ ငါတောင် စဉ်းစားရခက်တယ်။ ပြဿနာဖြစ်ပြီး မင်းတို့ ထပ်တွေ့သေးလား'

'ဒီနေ့နဲ့ဆိုရင် သုံးရက်ရှိပြီ။ ငါလည်း သူ့ဆီမဆက်ဘူး။ သူကလည်း ငါ့ဆီမဆက်ပါဘူး'

ပြောရင်း ရန်နိုင် သက်ပြင်းကို ခပ်လေးလေးချမိပြန်သည်။ ဒီသုံးရက်အတွင်းမှာ နွေးထွေးတော့ မသိ။ ရန်နိုင့်မှာတော့ ရင်ထဲမှာ မခံချိမခံသာနှင့် အတော်ကို နေရခက်နေခဲ့သည်။ နွေးထွေးကို သနားပဲသနားရမလား၊ အလျှော့ပဲပေးလိုက်ရမလား၊ ဒီအတိုင်းဘဲ ဘာသိဘာသာနေရမလား။ ဘာမှန်းကို သေချာရေရာစွာ မခွဲခြားနိုင်ဘဲ နောက်ဆုံးတော့ ချီဇော့်ကိုပဲ ရင်ဖွင့်ရတော့သည်။

'မင်းနဲ့ ခင်နွေးထွေးကိစ္စက ဘာမှသာမဟုတ်တယ် ဆားလူတော်တော်များများက ရိပ်မိတယ်။ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



site ထဲက အများဆုံးပေါ့။ ဟိုတစ်လောက A-Group ကကောင်တွေတောင် ငါ့ လာမေးနေသေးတယ်။ မဟုတ်ပါဘူးလို့တော့ ငါလည်း မပြောလိုက်ဘူး။ ငါ သေချာမသိလိုက်ဘူးလို့ဘဲ ဖြေလိုက်တယ်'

'ဒီကိစ္စကို မိုးစက် သိနိုင်လား၊ မသိနိုင်ဘူးလား မင်း ဘယ်လိုထင်လဲ'

'မိုးစက်ဆိုတဲ့ကောင်က လူသာငယ်တာ ဘာလုပ်လုပ် ဘယ်လောက်ပိပိရိရိရှိလဲ မင်းလည်းအသိဆုံး။ မင်းတို့နှစ်ယောက်နဲ့ပတ်သက်လို့ သူ့မျက်နှာပေါ်က အရိပ်အကဲက ဖတ်ရတာ မလွယ်ဘူးကွ'

'ငါတော့ သူတို့နှစ်ယောက်ကို မယုံဘူးကွာ။ မရိုးသားဘူး ထင်တာပဲ'

'အထူးသဖြင့် ခင်နွေးထွေးက ပိုပြီး မရိုးသားဘူးလို့ ငါ ထင်တယ်။ မင်းစိတ်ဆိုးမနေနဲ့။ သူ လုပ်နေတဲ့ပုံတွေကို ငါ မမြင်ရပေမယ့် မင်းစကားအတိုင်းဆို ငါ မညာမတာ ဝေဖန်ရရင် ငါးရံ့နှစ်ကောင်ဖမ်းနေသလိုပဲ'

ချိုဇော်စကားက ရန်နိုင့်ရင်ဝကို ဆောင့်ကန်လိုက်သလို အင့်ခနဲဖြစ်ကာ အသက်ရှူရပ်သွားစေသည်။ အမှန်ဝန်ခံရရင် ရန်နိုင်လည်း နွေးထွေးကို ဒီလိုမြင်လာမိသည်ပဲ။ ချစ်သူဖြစ်နေလို့ ပြောမထွက်လို့ ကျိတ်မှိတ်ရေငုံနေခဲ့မိသည်။ ခုတော့ ချိုဇော်က ပြောထွက်လာသည်။ ရန်နိုင် ဘယ်လို



ဖြေရှင်းရပါ့။ ခေါင်းပူအောင် စိတ်ပျက်ရသည်။ စိတ်ညစ်ရသည်။ ဒီအခြေအနေကို ဖန်တီးရက်သည့် နွေးထွေးကိုပဲ ရက်စက်သည်လို့ ပြောချင်သည်။

'တကယ်ဆို မင်းကို ခင်နွေးထွေးက ချစ်တာမှန်ရင် သူ့ဘက်က ပွင့်ပွင့်လင်းလင်း မိုးစက်ကို ဖွင့်ပြောသင့်တာပေါ့ကွ။ ခုဟာက မင်းနဲ့ကျတော့ တစ်မျိုးပြော၊ မိုးစက်ကို ကျတော့လည်း ဘယ်လိုတွေပြောထားလည်းမှန်းမှ မသိတာ။ ငါ့အထင်တော့ မိုးစက်က မင်းတို့နှစ်ယောက် တရားဝင်ချစ်သူဖြစ်နေကြတာပါလို့ မသိထားဘဲ မင်းကသာ ဒီကောင်မလေးကို တစ်ဖက်သတ် အတင်းကာရော လိုက်နေတာလို့ မြင်ချင်မြင်မှာပေါ့ကွ'

ချိုဇော်ပြောတာ ဖြစ်နိုင်သည်လို့ ရန်နိုင်တွေးမိသည်။ နွေးထွေးသည် တခြားသောကိစ္စရပ်များမှာ အိုက်တင်မခံတတ်၊ ပွင့်လင်းတတ်ပေမယ့် မိုးစက်နှင့်ပတ်သက်လာလျှင်တော့ တစ်ခုခုကို ဖုံးကွယ်ထားသယောင်၊ ချုပ်တီးထားသယောင်နှင့် လျှို့ဝှက်လွန်းလှသည်။ နွေးထွေးလုပ်နေသည့်ပုံက ကြာလျှင် မိုးစက်နှင့်ရန်နိုင် ထသတ်ရတော့မည့်အခြေအနေ ဖြစ်သည်။

'နွေးထွေး ရိုးသားတဲ့မိန်းကလေးတစ်ယောက် ဆိုဘာတော့ သေချာပါတယ် ချိုဇော်။ မိုးစက်နဲ့ကိစ္စက လွဲရင်ပေါ့လေ။ သူ မိုးစက်ကို မလွန်ဆန်နိုင်တာတော့ အမှန်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



မိုးစက်အပေါ်မှာလည်း သိပ်အကာအကွယ် ပေးလွန်းတယ်။ အဲဒါကို ငါ မကြိုက်တာဘဲ'

'ပြောလို့တော့ မရဘူးကွ။ မိုးစက်ကို ဒီဟာမလေးက ကျိတ်ကြိုက်ပြီး မိုးစက်က သူ့ကို ဖွင့်မပြောလို့ အရွဲ့တိုက်ပြီး မင်းကို လာတွဲပြတာလားမှန်းမှ မသိတာ'

ချိုဇော်ပြောလိုက်သမျှ စကားလုံးတွေကလည်း တစ်ခုမှ မသက်သာပါ။ စိတ်ညစ်လို့ သူ့တိုင်ပင်တာ ဖေးဖေးမမ ပြောမလား မှတ်ပါတယ်။ ရင်ဝကို ဆောင့်ကန်သလို စကားတွေချည်း ဆက်တိုက်ပြောနေတော့သည်။

'ငါ နွေးထွေးကိုချစ်တယ် ချိုဇော်။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ဘဝမှာ ပထမဦးဆုံး သံယောဇဉ်ဖြစ်ရတဲ့ မိန်းကလေးမို့ ငါ မြတ်နိုးပြီး တန်ဖိုးလည်းထားရတယ်။ ဒါကြောင့် တော်ရုံ စိတ်အနှောက်အယှက်ဖြစ်စရာ ကိစ္စလောက်ကတော့ ငါ ဘာမှ မဝေဖန်ဘဲ ကျိတ်ပြီးငြိမ်နေခဲ့ရတာ။ အခုတော့ ငါ ဘာလုပ်ရမလဲ'

'ဘာလုပ်ရမလဲဆိုတာထက် ဘာလုပ်သင့်လဲဆိုတာကို စဉ်းစားတာ အသင့်တော်ဆုံးပဲ။ မင်းလည်း ငယ်တော့တာမှ မဟုတ်တာ'

'ငါ... ငါ... မိုးစက်နဲ့ သွားစကားပြောရရင်ကောင်းမလား'

'ဖွတ်... မင်းကလည်း တုံးလိုက်တာ ရန်နိုင်ရာ



နေစမ်းပါဦး... မင်းက မိုးစက်ကို ဘာသွားပြောမလို့လဲ'

ရန်နိုင့်စကားကြောင့် ထအော်လိုက်သော ချိုဇော့်ကို ကြည့်ပြီး ရန်နိုင်တောင် အနည်းငယ် လန့်သွားရသည်။

'မသိသေးဘူးလေကွာ၊ ငါလည်း စဉ်းစားမိသလောက် ပြောတာပဲ'

'မင်းနှယ် ဒါကြောင့်လည်း မိန်းမမရသေးတာ။ ခုဖြစ်တဲ့ကိစ္စက မင်းနဲ့ ခင်နွေးထွေးပဲ တွေ့တွေ့ဆိုင်ဆိုင် ရှင်းရမှာ။ ယောကျ်ားချင်းသွားပြောတော့ မင်း အောက်နေပြီ။ လူမှုရေးအရတွက်ရင်လည်း မဆိုင်တဲ့လူကို ဆွဲထည့်နေသလို ရှိုင်းရာကျဦးမယ်။ စဉ်းစဉ်းစားစားလည်း လုပ်ပါ ရန်နိုင်ရာ။ မင်းဟာက တကယ့်ရိုက်ပေါက်ပဲ'

'ဟာ... မင်းကလည်း ငါလည်း နွေးထွေးနဲ့ ပြောပြီးပြီပဲ။ တစ်လစောင့်တဲ့။ ထပ်ပြီးပြောရင်လည်း ပြတ်တာပဲ အဖတ်တင်တော့မယ်'

'မင်း ဒီကောင်မလေးကိုတော့ တကယ်မပြတ်နိုင်တာ သေချာပြီပေါ့'

ချိုဇော့်စကားကြောင့် ရန်နိုင့်စိတ်ထဲ တွေဝေသွားရပြန်သည်။ ရန်နိုင် ဒီလိုခံစားနေရတာတွေဟာ နွေးထွေးကို ချစ်သည့်စိတ်ကြောင့် ဖြစ်နေတာလို့ ရန်နိုင် ယုံကြည်ပါသည်။ ဒါပေမယ့်လည်း ဒီယုံကြည်မှုတွေ ကြာရှည်ခံပါ့မလားဆိုတာကိုတော့ ရန်နိုင် စိုးရိမ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ သူ့ကို တကယ်ချစ်ပါတယ် ချိုဇော်၊ လက်ထပ်ဖို့အထိ ငါ ရည်ရွယ်ထားပြီးသားပါ'

'ဒါဆိုရင်လည်း ရှင်းနေတာပဲကွာ။ ဒီကြားထဲ မင်းစိတ်ရှည်ရှည်လေးထားပြီး ခဏစောင့်ပေါ့။ အချိန်က ဆုံးဖြတ်ပေးမှာပါ။ အဓိကက မင်းတို့နှစ်ယောက် ချစ်တယ်ဆိုရင် ပြီးတာပါပဲ။ ကျန်တာတွေ မေ့လိုက်ပေါ့။ ကဲ… ထထ… သူငယ်ချင်း၊ ငလတ်ကြီးတို့နဲ့ ချိန်းထားတာ နောက်ကျနေဦးမယ်။ ငါ့ကား အိမ်ပြန်လွှတ်လိုက်မယ်ကွာ။ မင်းကားနဲ့သွားတော့မယ်'

'ငပျင်း… ကားမောင်းတာတောင် လာကတ်နေသေးတယ်'

'ပျင်းလို့ မဟုတ်ဘူးဟ၊ မယားတရူး ရူးနေတဲ့ကောင်ကို ကားပေါ်မှာ တစ်ယောက်တည်း မလွှတ်လိုက်ချင်လို့။ အပြန် မင်း ငါ့ကို ပြန်ပို့ပေးရမှာဆိုတော့ မင်းလည်း သိပ်မသောက်ဖြစ်တော့ဘူးကွာ၊ ဟုတ်ဘူးလား'

သူ့စကားနဲ့သူတော့ ချိုဇော်တို့က ကွက်တိလို့ တွေးလိုက်မိသည်။

❁

## အခန်း (၃၄)

သံလွင်လမ်းမှ တက္ကသိုလ်ရိပ်သာလမ်းသို့အထွက် ညာဘက်ရှိ Tokyo coffee shop ဘက် မျက်လုံးအမှတ်မထင်အရောက်မှာတော့ ရန်နိုင့်ခြေထောက်တွေက ကားဘရိတ်ကို အလိုလိုအုပ်ပြီးသား ဖြစ်သွားသည်။ မိုးစက်၏ volvo ကားအနက်ကြီးက ကော်ဖီဆိုင်ထဲကိုဝင်သွားတာ တွေ့လိုက်သောကြောင့် ဖြစ်သည်။ ကားပေါ်မှာ ခင်နွေးထွေး ပါသွားတာကိုလည်း ရန်နိုင် သေချာတွေ့လိုက်ရသည်။ သူတို့နှစ်ယောက်ကတော့ ရန်နိုင့်ကို တွေ့ပုံမပေါ်။ ရန်နိုင့် အခြေအနေကိုကြည့်ပြီး ချိုဇော်က အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်သွားရင်း-

'ဟေ့ကောင်… ဘာလုပ်မလို့လဲ'

'ငါ အထဲကို ဝင်လိုက်သွားမလို့'

'ဟာ… မင်းကလဲ အဓိပ္ပာယ်မရှိတာ။ ဘာလိုက်လုပ်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ ဒေါသတွေ အရမ်းထွက်တယ် ချိုဇော်၊ ငါ့ချစ်သူ မိန်းကလေးဟာ ငါ့ကွယ်ရာမှာ ငါ မကြိုက်ပါဘူးလို့ ပြော ထားလျက်နဲ့ ဒီသူစိမ်းယောက်ျားတစ်ယောက်နဲ့ အမြဲ တတွဲ တွဲရှိနေတာ ငါ့ရင်ထဲ ဘယ်လို ခံစားရမလဲ မင်း ကိုယ်ချင်း စာကြည့်စမ်းပါ'

'အေးပါကွာ၊ မင်းကလည်း စိတ်ကိုထိန်းစမ်းပါ။ ငါ နားလည်ပါတယ်။ အခုဟာက လူမြင်ကွင်း ဆိုင်ကြီးထဲ မှာ တစ်စုံတစ်ခု ပြဿနာတက်ခဲ့ရင်လည်း လူကြားလို့ မကောင်းဘူး။ သူတို့နှစ်ယောက်တွဲတာလည်း အခုမှမဟုတ် တာကွာ၊ မင်းနဲ့ မကြိုက်ခင်ကတည်းကပဲ'

ချိုဇော့်စကားကြောင့် ရန်နိုင်သည် ကားကို အရှိန် ပြင်းပြင်းနှင့်ပင် ဆိုင်ထဲသို့ ချိုးကွေ့ဝင်လိုက်သည်။

'ငါနဲ့ ဘာမှမဖြစ်ခင်ကကိစ္စကို ငါ မေ့လို့ရပေမယ့် ငါ့လက်ထဲမှာဖြစ်တာကတော့ ငါ့ကို သစ္စာဖောက်တာနဲ့ အတူတူပဲ'

'ဟာ… မင်းကလည်း မဟုတ်သေးပါဘူး။ ဖြည်း ဖြည်းကွ ဖြည်းဖြည်း၊ တိုက်ကုန်တော့မှာပဲ၊ ပြဿနာပဲ'

ကော်ဖီဆိုင်ခြံဝင်းထဲမှာတော့ volvo ကားအနက် ရောင်က သူ့ဟာသူ ဣန္ဒြေရရ ကားပါကင်တွင် ရပ်ထား သည်ကို တွေ့ရသည်။ မိုးစက်တို့နှစ်ယောက်ကိုတော့ မတွေ့ ရတော့။ ရန်နိုင်သည် သူ့ကားကို volvo ဘေးတွင် ဆော



ဆောင့်အောင့်အောင့် ဝင်ရပ်လိုက်ရင်း ချိုဇော် မတားလိုက် နိုင်ခင်မှာပင် ကားစက်ကိုတောင် မရပ်တော့ဘဲ ကားပေါ် မှဆင်းလိုက်ပြီး ဆိုင်ထဲသို့ ခပ်မြန်မြန်ပင် ဝင်သွားလေတော့ သည်။

ဆိုင်ထဲရောက်တော့ မိုးစက်တို့နှစ်ယောက်ကို အရိပ် အယောင်တောင် မတွေ့ရသဖြင့် ကောင်တာသွားပြီး ခပ် တည်တည်ပင် မေးလိုက်တော့ special သီးသန့်ခန်းထဲမှာ လို့ လမ်းညွှန်သည်။ သီးသန့်ခန်းထဲမှာ နှစ်ယောက်တည်း ဆိုသောအသိကြောင့် ရင်ထဲမှာ ပိုမိုတင်းသွားရကာ ဒေါသ က တရှိန်ရှိန်တက်လာရသည်။ ဝင်သွားရကောင်းမလား၊ မဝင်ရကောင်းမလား ဒွိဟဖြစ်နေစဉ်မှာပင် မသိစိတ်က ခြေ လှမ်းများကို သီးသန့်ခန်းရှေ့ရောက်အောင် ပို့ဆောင်ပေး လိုက်လေသည်။ အခန်းတံခါးကို ဆွဲအဖွင့်မှာတော့ ရုတ် တရက် မြင်လိုက်ရသောမြင်ကွင်းက ရန်နိုင့်မျက်လုံးများကို မှုန်ဝါးပြာဝေသွားစေလေသည်။

ခင်နွေးထွေး…

ရန်နိုင် မြတ်နိုးစွာဖြင့်ချစ်ရသော နွေးထွေးသည် နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် မိုးစက်နှင့်အတူ ယှဉ်တွဲထိုင် ရင်း ဦးခေါင်းက မိုးစက်ပုခုံးပေါ်မှာ မှီတင်ထားလေသည်။ ရန်နိုင့်ကို နှစ်ယောက်သား မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် အချိန်မှာတော့ သူတို့သည်လည်း အနည်းငယ်တော့ အလန့်

www.burmeseclassic.com

www.burmeseclassic.com



တကြားဖြစ်သွားပုံရပြီး နှစ်ယောက်လုံး မတ်တတ်ထရပ်လိုက်လေသည်။

ရန်နိုင်သည် ဘာမှမပြင်နိုင်တော့ဘဲ အခန်းတံခါးကို ဆောင့်ပိတ်လိုက်ရင်း နွေးထွေးဆီတိုးသွားကာ ပခုံးအား အရှိန်ပြင်းပြင်းနှင့် တွန်းချလိုက်သည်။ နွေးထွေးသည် ရုတ်တရက်မို့ ဘာမှပင်ပြန်မပြောနိုင်ဘဲ ဆိုဖာပေါ် ဖင်ထိုက်ရက်ပြန်ကျသွားလေသည်။

'အလကား သစ္စာမရှိတဲ့မိန်းမ။ မင်းလိုမိန်းမမျိုးကို ငါ မြတ်မြတ်နိုးနိုးချစ်မိတာ ငါ့ကိုယ်ငါ ရှက်တယ်။ ရွံတယ်။ မင်းနဲ့ငါ ဒီတစ်သက် ဆက်ဆံစရာအကြောင်းလည်း မရှိတော့ဘူး'

ဒေါသတကြီးဖြင့် ရန်နိုင်သည် ယောကျ်ားကြီးတန်မဲ့ နွေးထွေးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်ပြောလိုက်မိသည်။ ရင်ထဲမှာ နာကျည်းတာရော၊ ခံပြင်းတာရော၊ ရှက်တာရော၊ ဒေါသဖြစ်တာရော ခံစားမှုမျိုးစုံ ရောပြွမ်းနေကာ လူတစ်ကိုယ်လုံး တုန်ရီစွာနှင့် ထုံကျဉ်နေလေသည်။ တစ်ချိန်တည်းမှာပင် ကိုယ် မြတ်မြတ်နိုးနိုးချစ်ရသော မိန်းမ တစ်ယောက်ကိုလည်း စိတ်ထဲမှာ တုံးတုံးခါးခါးကြီး မုန်းတီးသွားမိလေသည်။

နွေးထွေးက ဘာမှပြန်မပြောဘဲ ချုံးပွဲချ ငိုချလိုက်သည့်အချိန်တွင် မိုးစက်က ရန်နိုင့်လက်မောင်းကို အသာ



ကိုင်ရင်း ကျွန်တော် ပြောပါရစေလို့ ပြောလာသည်။ မိုးစက် ရန်နိုင့်အသားကို လာထိသည့်တစ်ခဏ၊ နွေးထွေး ဘာမှ မဖြေရှင်းနိုင်ဘဲ ချုံးပွဲချငိုလိုက်သည့် တစ်ခဏ။ ထိုခဏတာ အတောအတွင်းမှာပင် ရန်နိုင်သည် ဘာကိုမှ မချင့်ချိန်နိုင်တော့ဘဲ ကိုယ့်ကိုလာထိသော မိုးစက်မျက်နှာကို လက်သီးနှင့် ပယ်ပယ်နယ်နယ်ကြီး ထိုးချလိုက်လေသည်။

မိုးစက်သည် ဆိုဖာဘေးမှလွင့်စင်ကာ ကြမ်းပြင်ပေါ်သို့ အရှိန်ပြင်းပြင်းနှင့် ပြုတ်ကျသွားသည်။ ထိုအချိန်မှာပင် ချိုဇော်သည်လည်း အခန်းထဲသို့ အူယားဖားယား ပြေးဝင်လာလေသည်။

ချိုဇော် အခန်းထဲရောက်သည့်အချိန်မှာတော့ ရန်နိုင်က လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး မတ်မတ်ကြီး ရပ်နေကာ ခင်နွေးထွေးသည် ဆိုဖာပေါ်တွင် ကြုံ့ကြုံ့ပါအောင်ငိုနေရင်း မိုးစက်ကတော့ ကြမ်းပြင်ပေါ်တွင် ဖရိုဖရဲ လဲပြိုလျက်ရှိနေလေသည်။ ဆိုင်ပြင်မှ ဝန်ထမ်းများက အခန်းထဲမှ ဆူညံသံများကြောင့် စူးစမ်းကြည့်နေပြီဖြစ်သောကြောင့် ချိုဇော့်မှာ အခန်းတံခါးကို ကမန်းကတန်း ပြန်ပိတ်ရင်း ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားရသည်။

'ငါနဲ့ နွေးထွေးအခြေအနေ မင်း မသိဘူးလား။ ငါတို့နှစ်ယောက်က ချစ်သူတွေကွ။ မင်း သိသိလျက်နဲ့ ဘာမင် အနှောင့်အယှက်ပေးတာ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်သည် ဒေါသအရှိန် မပြေနိုင်သေးဘဲ မတ္တုပ်တိုင်တက်ရင်း မိုးစက်ကို အော်ပြောလိုက်သည်။ ဒီကောင်က ခံလိုက်ရသူမို့ သူ တစ်ခုခုပြန်လုပ်လိုက်ရင် အဆင်သင့်ဖြစ်အောင် မျက်ခြေမပြတ် ကြည့်ရသေးသည်။ ချိုဇော့်စိတ်ထဲမှာတော့ စိတ်ဆတ်ပုံရသည့် မိုးစက်နှင့် ဒေါသမထိန်းနိုင်သည့် ရန်နိုင်တို့တော့ ပွဲကြီးပွဲကောင်းပဲလို့ စိတ်ထဲတွေးမိရင်း တော်တော် စိတ်ဆင်းရဲသွားရသည်။

မိုးစက်သည် လဲကျသွားရာမှ ချက်ချင်း မထနိုင်သေးဘဲ သူ့မျက်နှာပေါ်မှ ပြုတ်ကျသွားသည့် မျက်မှန်လေးကို အရင်လှမ်းကောက်ပါသည်။ ပြီးတော့ မီးဝင်းဝင်းတောက်လောင်နေသည့် ရန်နိုင့်မျက်လုံးများနှင့် အကြည့်ချင်းဆုံပါသည်။ ရန်နိုင့်လက်ချက်ကြောင့် မိုးစက်နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေသည်ကို အားလုံးတွေ့လိုက်ရသည်။ မိုးစက်နှင့်ရန်နိုင်သည် စက္ကန့်အတော်ကြာကြာ တစ်ယောက်ကိုတစ်ယောက် စူးစိုက်စွာကြည့်မိကြသည်။ မိုးစက်မျက်ဝန်းများ၏ အဓိပ္ပာယ်ကို ရန်နိုင် ဖတ်တတ်သလောက် ဖတ်ကြည့်မိသည့်တစ်ခဏမှာတော့ ရန်နိုင်၏ ဆုပ်ထားသောလက်သီးဆုပ်က တဖြည်းဖြည်းပြေလျော့သွားလေသည်။

မိုးစက် ရန်နိုင့်ကို ဘယ်လိုမျက်ဝန်းများနဲ့ ကြည့်လိုက်တာလဲ ရန်နိုင်တော့မသိ။ ဘေးနားမှာရှိနေသော ချိုဇော်တောင် ရင်ထဲ တော်တော်နုံးချိသွားရသည်။ ဘယ်သူမှ



ဘာမှမပြောနိုင်ဘဲ အခန်းထဲတွင် မိနစ်ဝက်လောက် တိတ်ဆိတ်ငြိမ်သက်သွားသည်။ နောက်ဆုံးမှာတော့ ရန်နိုင်က တိတ်ဆိတ်မှုကို စတင်ဖြိုခွဲပြီး အခန်းထဲမှ ချာခနဲနေအောင် လှည့်ထွက်သွားလေတော့သည်။ ကျန်ရစ်ခဲ့သူများက ချိုဇော် မိုးစက်နှင့် ခင်နွေးထွေး။

ရန်နိုင် ထွက်သွားတော့ ခင်နွေးထွေးက မိုးစက်နားသွားပြီး ထူပေးသည်။ ချိုဇော့်မှာ ကြောင်တောင်တောင်နှင့် သူတို့နှစ်ယောက်ကြားမှာ မျက်နှာတွေပူကာ ဘာလုပ်ရမှန်းမသိဘဲ ပြောစရာစကားရှာမရဖြစ်နေလေသည်။ ခင်နွေးထွေးက သူမ၏မျက်ရည်များကို ဖြည်းလေးစွာသုတ်နေသည့်အချိန်မှာတော့ မိုးစက်နှင့် ချိုဇော် အကြည့်ချင်းဆုံလေသည်။

ချိုဇော်သည် မိုးစက်ကို အားနာစွာ တောင်းပန်သော အကြည့်နှင့်ကြည့်ရင်း-

'ရန်နိုင့်အစား ကျွန်တော် တောင်းပန်ပါတယ် ကိုမိုးစက်၊ မဖြစ်သင့်ဘဲဖြစ်ရတာ ကျွန်တော် စိတ်မကောင်းပါဘူး။ သူ့ကိုလည်း···'

ချိုဇော်စကားမဆုံးခင် မိုးစက်က လက်ကာပြ၍ ညင်သာစွာ ပြုံးလေသည်။ ပြီးမှ-

'ကျွန်တော် နားလည်ပါတယ်'

မိုးစက်မျက်နှာကိုကြည့်ရင်း ချိုဇော့်မှာ အားနာပြီးရင်း အားနာရလေသည်။ မိုးစက် ဒီလို တုံ့ပြန်လိမ့်မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ချိုအော် ထင်မထား။ ထိုအခန်းထဲမှ ခွင့်တောင်းပြီး မျက်နှာပူစွာ အပြင်အရောက်မှာတော့ ရန်နိုင့်ကားက ဆိုင်ဝင်းအတွင်း မရှိတော့။ သေနာကောင်လို့ စိတ်ထဲမှာ ကျိန်ဆဲရင်း ဆယ်လူလာဖုန်းကို ကမန်းကတန်း ကောက်နှိပ်ရတော့သည်။

## အခန်း (၃၅)

မဆုံးနိုင်အောင် တမျှော်တခေါ်မြင်နေရသော သစ်သော့ခင်းကြီးကိုကြည့်ပြီး ရှေ့ဆက်လျှောက်ချင်စိတ် မရှိသောကြောင့် ဘေးနားမှာတွေ့ရသော ခုံတန်းလျားလေးတွင် ဝင်ထိုင်လိုက်သည်။ မနက် (၁၀)နာရီလောက်ရှိနေပြီ ဖြစ်သော်လည်း ရာသီဥတုက ဒေသကြောင့်မပူဘဲ ဖျော့တော့သော နေရောင်အောက်တွင် အေးစိမ့်လို့နေလေသည်။ လေတစ်ချက်အဝှေ့မှာ ခန္ဓာကိုယ်က အေးသယောင်ဖြစ်သွားသော်လည်း ရင်တွင်းမှာတော့ မအေးနိုင်သေးဘဲ တငွေ့ငွေ့နှင့် အပူမီးက မရှိန်မသေဘဲ ဖြစ်နေသေးသည်။

ဘာလိုလိုနှင့် ရန်နိုင် ဒီမြို့လေးကိုရောက်နေခဲ့တာ ဒီနေ့နဲ့ဆို တစ်ပတ်တင်းတင်းပြည့်ခဲ့ပြီ။ မိုးစက်နှင့် ပြဿနာတက်ပြီးကတည်းက လူက ခေါင်းရှုပ်ထွေးစွာဖြင့် ဒီနေရာကို ရောက်လာခဲ့ခြင်း ဖြစ်သည်။ အမှန်တော့ ဒီခြံပိုင်ရှင်က

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင့်အသိမိတ်ဆွေလည်း မဟုတ်ပါ။ ခြံရှင် ကိုလွင်ဦး၏ မိန်းမ နန်းခင်ဆိုသော အမျိုးသမီးက ချိုဇော့်မိန်းမ မြူမွန်နှင့် အလွန်ခင်သောမိတ်ဆွေများ ဖြစ်ကြသည်။ လွန်ခဲ့သော ငါးနှစ်ကျော် ခြောက်နှစ်ဝန်းကျင်ကာလက ချိုဇော်နှင့်မြူမွန် အိမ်ထောင်မကျခင် မြူမွန်က ချိုဇော်နှင့် ပြဿနာတက်ပြီး ဒီနေရာလေးမှာပဲ ခေတ္တခဏလာပြီး ခိုအောင်းခဲ့ဖူးသည်။ အဲဒီတုန်းက ချိုဇော်နှင့်အတူတူ ရန်နိုင် ဒီနေရာကို ရောက်ဖူးခဲ့ခြင်း ဖြစ်သည်။ ချိုဇော် မြူမွန်ကိုချော့တာ တစ်ပတ် လောက်ကြာသွားသည်မို့ ကိုလွင်ဦးနဲ့ရော နန်းခင်နဲ့ပါ ရင်းနှီးခဲ့ရခြင်း ဖြစ်သည်။

ဟိုတုန်းကတည်းက တော်ရုံ စိတ်ဆင်းရဲနေသည့် လူတစ်ယောက်အဖို့ ဒီနေရာကိုရောက်တာနှင့် စိတ်ကို ချက်ချင်း လန်းဆန်းအမောပြေသွားစေနိုင်သည့် နေရာလေးလို့ ရန်နိုင် သတိထားခဲ့မိသည်။ ယခု ရန်နိုင် စိတ်ညစ်ရတော့ ဒီနေရာလေးကိုပဲ ပထမဆုံး ပြေးသတိရကာ ရောက်လာရခြင်း ဖြစ်သည်။ ကိုလွင်ဦးနှင့် နန်းခင်က အသည်းကွဲလာသည့် ရန်နိုင့်ကို သဘောပေါက်ရိပ်မိကာ ဝမ်းသာအားရ ကြိုဆိုကာ အနှောက်အယှက်မပေးဘဲ လွတ်လွတ်လပ်လပ် နေစေပါသည်။ အလိုက်သိတတ်လွန်းသည့် သူတို့ဇနီးမောင်နှံကို စိတ်ထဲကပဲ ကျေးဇူးတင်စကားပြောဖြစ်ကာ အပြင်ဘက်မှာတော့ ကြက်ကြီးလည်လိမ်ထားသည့်အတိုင်း မြင်မြင်



သမျှ လွမ်းစရာတွေချည်းဖြစ်လို့နေရင်း ဘာမှကို မပြောနိုင်သေးပေ။

သူတို့ခြံကြီးက ကျယ်ဝန်းလှသည်မို့ ဘယ်နေရာကို ပဲကြည့်ကြည့် စိမ်းစိမ်းစိုစိုနှင့် သစ်ပင်တွေကိုပဲ လှမ်းမြင်နေရသည်။

ရန်နိုင့်ကို ဧည့်သည်လာရင် တည်းရန်ပြု လုပ်ထားသည့် ခြံထဲက လေးခန်းတွဲပတ်လည် ဘန်ဂလိုလေးတွင် တစ်ခန်းနေရာပေးထားပါသည်။ သူတို့တွေနေသော အိမ်နှင့် ဘန်ဂလိုလေးက အနည်းငယ်လှမ်းသော်လည်း ထမင်းစားချိန်၊ ကော်ဖီသောက်ချိန် အားလုံး အဆင့်သင့်ဖြစ်အောင် လိုလေသေးမရှိ ပြင်ဆင်ထားပေးပါသည်။ အခန်းထဲတွင်လည်း တီဗွီ၊ ဗွီဒီယို၊ ရေခဲသေတ္တာက်အစ ပြည့်စုံအောင် ထားပေးထားပါသည်။

တစ်နေ့တစ်နေ့ ရန်နိုင့်မှာ မဆုံးနိုင်သော ခြံဝင်းကြီးအတွင်း ဟိုဘက်လျှောက်လိုက်၊ ဒီဘက်လျှောက်လိုက်နှင့် အချိန်တွေ ဖြုန်းနေခဲ့ရသည်။ ညဆိုလည်း အိပ်မပျော်။ အစာလည်း ကောင်းကောင်းစားလို့မရနှင့် ခါးသီးသောဝေဒနာကို ကျိတ်မှိတ်ခံယူနေရသည်။

တစ်ခါတစ်ရံ ညဘက် အိပ်မပျော်နိုင်သည့်အဆုံး ချမ်းချမ်းအေးအေးကြီးထဲတွင်ထိုင်ကာ ကောင်းကင်ကြီးကို ကြည့်ရင်း ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါစေလို့ အရှုးသဖွယ် ဆုတောင်းမိသည်။ ကျူးလွန်ခဲ့မိသော ကိစ္စတွေက ကိုယ့်ဘက်က ရာနှုန်းပြည့်မှားခဲ့တယ် ဆိုတာကိုလည်း တစ်စုံတစ်ယောက်ဆီမှာ ဖွင့်ဟဝန်ခံချင်မိပြန်သည်။ ရင်ထဲအမောတွေက မပြေနိုင်သေး။ သက်ပြင်းရှည်ကြီးများကိုသာ အကြိမ်ကြိမ်ချရင်း ကိုယ့်ကိုယ်ကိုသာ စိတ်ပျက်မိသည်။

'အစ်ကို နေ့လယ်စာစားဖို့ အဆင်သင့်ဖြစ်ပါပြီ'

ထမင်းစားဖို့လာခေါ်သော ကောင်လေးကို အသာခေါင်းညိတ်ပြရင်း ထိုင်ရာမှထမိသည်။ သူတို့ လာမခေါ်မချင်း အတွေးတွေ ဖရိုဖရဲနှင့် ဘယ်အထိ ခရီးရှည်နေဦးမလဲ မသိနိုင်သေး။ လမ်းလျှောက်လာစဉ် ပခုံးပေါ်ကို ဘုတ်ခနဲ အရာဝတ္ထုတစ်ခုက ပြုတ်ကျလာသည်။ ငုံ့ကြည့်လိုက်တော့ အပင်မှကြွေကျလာသည့် သစ်သော့သီးလေးတစ်လုံး။ သစ်သော့သီးလေးကို လေးလံစွာ ကောက်ယူလိုက်ရင်း ထိုနေရာမှာပင် အချိန်တော်တော်ကြာကြာ ရန်နိုင် ငြိမ်သက်မိနေပြန်လေသည်။

❀

## အခန်း (၃၆)

'အစ်ကို ညှိုးသည်ရောက်နေတယ်'

သစ္စာပန်းခင်းကြီး၏နံဘေး ခုံတန်းလျားလေးတွင် ထိုင်ပြီး မဆုံးနိုင်အောင် ရောင်စုံပွင့်နေကြသော ပန်းခင်းကြီးကိုငေးကြည့်နေစဉ် ကောင်လေးတစ်ယောက် လာပြောသဖြင့် ရန်နိုင့်နောက်သို့ လှည့်ကြည့်လိုက်မိသည်။ ခပ်လှမ်းလှမ်းမှာ မြင်လိုက်ရသူကတော့ တခြားသူမဟုတ်ပါ။ ကျေးရူးရှင် ဆရာသခင် ချို့ဇော်ဖြစ်နေလေသည်။ ဂျင်းဘောင်းဘီအပြာ၊ ဆွယ်တာ အဖြူဆွတ်ဆွတ်ဝတ်ထားသော ကိုယ်တော်က အဝေးကကြည့်လျှင် သူ့ကိုယ်သူ မင်းသားလိုလို ဘာလိုလိုနှင့် တော်တော်သားနားလို့ နေသည်။ ရန်နိုင့်ကိုမြင်တော့ 'ဟော့ကောင်' ဆိုပြီး လက်လှမ်းပြကာ ပြေးလို့လာသည်။

'မင်းကလည်းကွာ၊ တော်တော်မှားတဲ့ကောင်။ မပြောမဆိုနဲ့ ဒီထိရောက်အောင်ပဲ လာရတယ်လို့။ မှန်က မသကာ

www.burmeseclassic.com

www.burmeseclassic.com



လို့ နှန်းခင်တို့ဆီ ဖုန်းဆက်ကြည့်ပေလို့ပေါ့။ ဖွတ်ပဲကွာ'

'မင်းတစ်ယောက်တည်းလား'

'ဘယ်ကလာ မှုန်ကော၊ ကလေးနှစ်ယောက်ရော၊ ကလေးထိန်းတွေရော တစ်အိမ်လုံးပါတယ်'

'ဘာလဲ၊ ပျော်ပွဲစား ထွက်တာလား'

'သေပါလား၊ ငါက မင်းကို ပြန်လာခေါ်တာ။ မှုန်က ကလေးတွေနဲ့ ဒီမှာခဏနေခဲ့ဦးမှာ'

'ငါ ရန်ကုန်ကို မပြန်ချင်သေးပါဘူးကွာ။ ဒီမှာပဲ နေချင်သေးတယ်'

'မင်းစက်ရုံကြီး ဒီအတိုင်းထားလို့ ရမလားကွ။ မင်းပါတနာကြီးကလည်း မင်းပျောက်သွားလို့ စိတ်ညစ်နေတယ်'

'ငါ့စိတ်တွေ ရှုပ်နေသေးတယ်ကွာ'

ရန်နိုင် တကယ့်ကို စိတ်ပျက်လက်ပျက်ပုံစံနှင့် ငေးငေးငိုင်ငိုင်ပြောတော့ ချိုဇော်လည်း ခဏတော့ ငြိမ်သွားပါသည်။ ပြီးတော့မှ လေပြည်နှင့် တစ်လုံးချင်း စကားစသည်။

'ပြီးခဲ့တဲ့ကိစ္စတွေမှာ မင်းရဲ့လုပ်ရပ်တွေအပေါ် မင်းဘယ်လိုပြန်မြင်ထားလဲ'

'ငါ အရမ်းမှားသွားတယ် ချိုဇော်'

'ဘာလဲ၊ ခင်နွေးတွေးကိုပြတ်တယ်လို့ ပြောခဲ့တဲ့အတွက်လား'

ချိုဇော်၏ ခပ်ငေါ့ငေါ့စကားကြောင့် ရန်နိုင် အနည်း



ငယ် ပြုံးမိသည်။

'ခင်နွေးတွေးဆိုတဲ့ မိန်းမတစ်ယောက် ငါ့ဘဝထဲမှာ မရှိတော့ပါဘူး ချိုဇော်။ အဲဒီနေ့၊ အဲဒီအချိန်၊ အဲဒီအခန်းထဲမှာပဲ အဲဒီမိန်းမနဲ့ပတ်သက်တဲ့ ခံစားမှုတွေအားလုံး ငါ ထားခဲ့တယ်။ ငါ အခု စိတ်မကောင်းဖြစ်နေတာက မိုးစက်အတွက်ပါ။ မိုးစက်ကို ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့မိတဲ့အတွက် ငါ့ကိုယ်ငါလည်း ရှက်နေမိတယ်။ ငါ ဘာဖြစ်လို့ အဲလောက်ဒေါသတွေကြီးသွားခဲ့ရတာလဲ၊ မှားသွားခဲ့ရတာလဲဆိုတာ ကိုယ့်ဟာကိုယ်တောင် ပြန်မတွေးတတ်ဘူး'

'မင်းက သိပ်မှန်နေတာကိုးကွ၊ ငါပြောနေရဲ့သားနဲ့ ဒီမိန်းမကိုမှ မင်းက အကောင်းထင်နေတာကိုး။ တေမက လူပုံကြည့်တော့ ရိုးပုံရိုးလက်နဲ့ တော်တော်လည်တာကွ။ အဲဒီနေ့က ငါ မိုးစက်ကို မင်းကိုယ်စား တောင်းပန်ခဲ့ပါတယ်။ သူက မင်းကို နားလည်ပါတယ်တဲ့'

'နေဦး ချိုဇော်၊ ငါပြောမယ်။ အဲဒီနေ့က ငါ သူ့ကို ထိုးလိုက်တယ် မဟုတ်လား။ ငါ့စိတ်ထဲမှာ ဒီကောင် တစ်နည်းနည်းနဲ့ လက်တုံ့ပြန်လိမ့်မယ် ထင်တာ။ ဒါပေမယ့် သူ လက်တုံ့ပြန်တဲ့နည်းက ငါ ဘယ်လိုမှ မထင်ထားတဲ့နည်းတစ်ခု ဖြစ်နေတယ်။ မင်း သတိထားမိလား။ သူ ငါ့ကိုပြန်ကြည့်တဲ့ မျက်လုံးတွေလေ။ အဲဒီမျက်လုံးတွေကို ငါ ဘယ်တော့မှ မေ့လို့ရမယ် မထင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း သိလိုက်ပါတယ်။ ဒီကောင့်ပုံစံကြည့်ပြီး ငါတောင် ယောကျ်ားချင်း တော်တော်သနားသွားတယ်။ မိုးစက်ဆိုတဲ့ကောင်က အင်မတန်ထက်တဲ့ကောင်ကွ။ မင်းကို ဘာမှပြန်မလုပ်တာ တော်တော်အံ့သြစရာပဲ'

ရန်နိုင်သည် ချိုဇော့်စကားကို နားထောင်နေရင်းမှ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး သက်ပြင်းတစ်ချက် ချလိုက်မိသည်။ အဲဒီတုန်းက မိုးစက်မျက်လုံးထဲမှာ အရောင်တွေ အများကြီး ပြောင်းသွားခဲ့သည်။ အဖြစ်အပျက်တွေကလည်း မြန်ဆန်လွန်းတာမို့ မိုးစက်မျက်ဝန်းထဲက အဓိပ္ပာယ်တွေကိုတော့ ရန်နိုင် ရေရေရာရာ မခွဲခြားလိုက်နိုင်ပါ။ ဒါပေမယ့် သေချာတာတစ်ခုကတော့ မျက်ဝန်းများ၏ နောက်ဆုံးအဓိပ္ပာယ်သည် 'အရှုံးပေးခြင်း' ဖြစ်နေလေသည်။ ပွဲတစ်ခု၏ အစမှာပင် လွယ်လင့်တကူအရှုံးပေးလိုက်သော မိုးစက်၏ အတွင်းစိတ်ကို ရန်နိုင် ဘယ်လိုမှ နားမလည်နိုင်။ မိုးစက်ဆိုသောကောင် ဒီလောက် မပျော့ညံ့မှန်း ရန်နိုင် ခန့်မှန်းလို့ရပါသည်။ ဒါပေမယ့်လည်း အားလုံးက မထင်မှတ်တာတွေချည်း ဖြစ်လာရသည်။

'မိုးစက် မျက်လုံးတွေကို အိပ်မက်ထဲမှာ ငါ ခဏခဏ ပြန်မြင်ရတယ် ချိုဇော်။ သူ့မျက်လုံးတွေထဲမှာ တစ်ခုခုကို လက်လွှတ်ဆုံးရှုံးသွားရသလို ကြေကွဲဝမ်းနည်းသွားရသလို တစ်ခုခုပဲကွာ။ ဘာမှန်းကို မသိတော့ပါဘူး'



'မင်း ဘာလုပ်သင့်သလဲ။ တစ်ခုခု စဉ်းစားလေကွာ၊ မင်း ဒီမှာ လာနေရုံနဲ့ ဒီခံစားမှုတွေက ပျောက်သွားမှာမှ မဟုတ်တာ'

'.........'

'ချိုဇော်'

'ပြော သူငယ်ချင်း'

'ငါ မိုးစက်ကို တောင်းပန်ချင်တယ်'

'အလုပ်သင့်ဆုံးပေါ့ကွာ'

'မိန်းမတစ်ယောက်ကြောင့် ငါ မဆင်မခြင်လုပ်မိတဲ့ လုပ်ရပ်ကို သူ့ကိုနားလည်အောင် ပြောပြပြီး တောင်းပန်ချင်တယ်။ အမှန်တော့လည်း ခင်နွေးထွေးဟာ မိုးစက်နဲ့ အသင့်တော်ဆုံးပါ။ ငါ့ကို ကြားခံပြီး မိုးစက်နဲ့ခင်နွေးထွေး ချစ်သူတွေဖြစ်သွားကြတယ်ဆိုရင်လည်း ငါမှားမိတဲ့အပြစ်နဲ့ ချေပစ်လိုက်ချင်တယ်'

'မင်း တကယ်ကော ခင်နွေးထွေးကိုစိတ်ပြတ်ရဲ့လား'

'ငါ ယောကျ်ားပါ ချိုဇော်။ ငါ့စကားကို ငါ အာမခံနိုင်တဲ့ အခြေအနေ ရှိပါသေးတယ်'

'အေးလေ… ဒါဆိုလည်း ပြီးတာပါပဲ။ ရန်ကုန်ရောက်ရင် မင်းနဲ့မိုးစက်ဆုံဖို့ ငါ ဖန်တီးပါ့မယ်။ ဒီတော့ စိတ်မြန်ပြန်ကြတာပေါ့'

'မင်းကလဲ ဘာဖြစ်နေတာလဲ။ ရောက်တုန်း နေပါ

www.burmeseclassic.com

www.burmeseclassic.com



ဦးလားကွ။ လောနေပြန်ပြီ'

'လောဆို မင်းမားသားကြီး သိပ်နေမကောင်းဘူးကွ။ မိန်းမမွန်နေတာနဲ့ အမေကိုတောင် မေ့နေတယ် မဟုတ်လား'

'ဟင်… ဟုတ်လား၊ မေမေ ဘာဖြစ်လို့လဲ'

အမေဆိုသောအသံကြောင့် ရန်နိုင် အနည်းငယ်တော့ ပြုံးပြုံးပျာပျာ ဖြစ်သွားရသည်။

'အောင်မာ၊ ခုမှလာပြီး ပြာမနေနဲ့။ ဘာမှ သိပ်ဖြစ်တာ မဟုတ်ဘူး။ သွေးနည်းနည်းတိုးတာ။ မင်းက သုံးရက်ပြောသွားပြီး ကြာနေလို့တဲ့။ ငါ့ကို ဖုန်းဆက်မေးလို့ စိတ်ချမ်းသာအောင် ပြောထားခဲ့ပါတယ်ကွာ။ မင်းသူငယ်ချင်းပါ၊ ဘာမှမပူပါနဲ့။ နောက်ပိုင်းကကိစ္စတွေ ငါ အားလုံး ဖြေရှင်းပေးထားတယ်။ မင်းသာ ငါ့အပေါ် အသုံးမကျတာ'

'ဟမ်… ငါက မင်းကို ဘာလုပ်လို့လဲ'

'ဘာလုပ်ရမလဲကွ။ အဲဒီပြဿနာဖြစ်တဲ့နေ့က ကော်ဖီဆိုင်ထဲ ငါ့တောင်မစောင့်ဘဲ တစ်ယောက်တည်းထားခဲ့တာလေ။ ငါ့မှာ တစ်ယောက်တည်း ကြောင်တောင်တောင်နဲ့ မှုန့်ကို ဖုန်းဆက်ပြီး လာခေါ်ခိုင်းရတယ်။ ဖြစ်ချင်တော့ အဲဒီကော်ဖီဆိုင်ကလည်း 'နေခြည်'တို့အိမ်နား ဖြစ်နေတယ်၊ ငါ့မှာ မိုးစက်တို့နဲ့ အထွက်မှာတိုးမှာစိုးလို့ ခြံဝင်းအကွယ် ထောင့်လေးမှာ သူခိုးကျနေတာပဲ သနားဖို့တောင်ကောင်းတယ်။ မှုန်ကလာကြိုတော့ 'ရှင်က ဒီဟာမအိမ်နားက



ကော်ဖီဆိုင်ကို ဘာလာလုပ်တာလဲ' ဘာညာနဲ့ ပြဿနာ တက်နေလို့ အံမယ်လေး မနည်းဖြေရှင်းလိုက်ရတာ သေချင်စော်တောင် နံသွားတယ်'

ချို့ဇော်စကားကြောင့် မရယ်နိုင်တာကြာပြီဖြစ်သော ရန်နိုင်တစ်ယောက် ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။ မျက်လုံးထဲတွင်လည်း ချို့ဇော်၏ အဲဒီနေ့ကဖြစ်နေမည့် ကိုးရိုးကားရားပုံကို မြင်ယောင်နေမိသည်။ နေခြည်ဆိုသော သူက ချို့ဇော် မြူမှုန်နှင့်မတွေ့ခင် နှစ်ရှည်လများတွဲလာသော ချို့ဇော့်ငယ်ရည်းစား ဖြစ်သည်။ ချို့ဇော်နှင့်မြူမှုန်မှာ နေခြည့်ကြောင့် ပြဿနာပေါင်းမြောက်မြားစွာ တက်ရသည်မှာလည်း ခဏခဏ။ မြူမှုန် ဒီနေရာကို ရောက်လာတုန်းကလည်း နေခြည့်ပြဿနာပင် ဖြစ်သည်။

အဲဒီနေ့က ရန်နိုင်နဲ့လိုက်လာသော ချို့ဇော် တော်ဘော်ကံဆိုးသွားခဲ့တာကိုး။ ချို့ဇော်နှင့် စကားပြောပြီး ရယ်လိုက်ရသောကြောင့် ရန်နိုင့်ရင်ထဲ အနည်းငယ်တော့ ပေါ့သွားစေပါသည်။ ခင်မွေးထွေးနှင့်ပတ်သက်သော အပိုင်းကဏ္ဍကတော့ တကယ်ပင် သေချာစွာ ပြည်ဖုံးကားချပြီးသား ဖြစ်သွားလေပြီ ဖြစ်သည်။

❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

မေမေ့မျက်နှာကို မြင်ရသည်မှာ ငြိမ်းချမ်းလွန်းလှသည်။ မေမေ့အသက်(၄၀) ဖေဖေမရှိတော့သည့် အချိန်ကတည်းက သာသနာ့အရိပ်မှာ မေမေ အချိန်ပြည့် ခိုလှုံနေခဲ့သည်။ အခု မေမေ့အသက် (၆၀)စွန်းစွန်းရှိခဲ့ပြီ။ တရားခမ္မတို့နှင့် ပြည့်ဝနေသော မေမေ၏ပုံသဏ္ဌာန်မှာ အပူအပင်ကင်းဝေးစွာဖြင့် အေးချမ်းတည်ငြိမ်လို့ နေပါသည်။ ရန်နိုင်ခရီးမှပြန်လာတော့ မေမေက ရန်နိုင်နှင့် အေးဆေးစကားပြောချင်တယ်ဆိုပြီး စကားစလာသည်။

'သားအသက် သုံးဆယ်ကျော်နေပြီ။ ဒီအတိုင်းပဲ သားနေသွားဖို့ စဉ်းစားထားလား'

'မေမေက သားကို အိမ်ထောင်ချပေးချင်လို့လား'

'မေမေ့ဆန္ဒကို အဓိကမထားပါဘူး။ သားရဲ့ဆန္ဒကိုပဲ မေမေ သေချာသိချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'မေမေ သဘောတူတဲ့လူ ရှိလို့လား'

'မေမေ သဘောတူဖို့ထက် သား သဘောတူကြည်ဖြူဖို့က ပိုအရေးကြီးပါတယ်။ မေမေက ဒီလူ့ဘဝကြီးမှာ နောက်ထပ် နေရလှ အများဆုံး ဆယ်နှစ်ဆယ်ငါးနှစ်ပေါ့။ သားက သား ကိုယ့်ဘဝလက်တွဲဖော်ကို မှန်မှန်ကန်ကန် ရွေးချယ်တတ်ဖို့ လိုတယ်'

'သား အိမ်ထောင်ပြုချင်စိတ် မရှိသေးပါဘူး မေမေရယ်'

ရန်နိုင်က တွေးတွေးဆဆပြောတော့ မေမေက ကိုင်ထားသော စိပ်ပုတီးလေးကို လက်ကောက်ဝတ်မှာ အသာအယာ ပတ်နေလိုက်သည်။ ပြီးတော့ ဆိုဖာနောက်မှီပေါ်တွင် ခေါင်းကို အသာမှီလိုက်ရင်း ရန်နိုင့်ကို မမိတ်မသုန် စူးစိုက်စွာ ကြည့်နေလေသည်။

'သားအနေနဲ့ အိမ်ထောင်ပြုရမယ့်အရွယ် ရောက်နေပြီဆိုတာ သား နားလည်ပါတယ်။ ဒါပေမယ့်လည်း မေမေရှိနေသ၍ ကာလပတ်လုံးတော့ သားတစ်ယောက်တည်းပဲ နေချင်ပါသေးတယ်'

'မေမေ့ကို လွှဲမချပါနဲ့ ငါ့သားရယ်၊ တရားတစ်ဖက်နဲ့မို့ သားကို မေမေ ဘာမှမပြောဘဲ ဒီအတိုင်းကြည့်ထားတာ မေမေ စိတ်အေးရတယ်ထင်လား သား။ သား အရက်ကို အလွန်အကျွံသောက်တတ်နေတာတွေ၊ ညဉ့်နက်သန်း



ခေါင်မှ အိမ်ပြန်လာတာတွေ၊ ဘာမပြောညာမပြောဘဲ ခရီးထွက်သွားတတ်တာတွေဟာ မေမေရှိနေတယ်လို့ သား သတိမှတ်ထားခဲ့တာမှ မဟုတ်ဘဲ'

'အာ··· မေမေကလည်း အဲလိုမပြောပါနဲ့။ သားက···'

'မေမေ့စကားကို ဆုံးအောင်နားထောင်။ သားမှာ ချစ်သူရှိလား မရှိဘူးလား မေမေလည်း သေချာတော့မသိဘူး။ ဒါပေမယ့်လည်း သားအနားမှာ သားကို ထိန်းချုပ်စီမံပေးနိုင်တဲ့ မိန်းမတစ်ယောက်တော့ အမှန်တကယ် လိုအပ်တယ်လို့ မေမေထင်တယ်'

'သားမှာ ရည်ရွယ်ထားတဲ့မိန်းကလေး တစ်ယောက်မှ မရှိဘူးမေမေ'

ဒီစကားကိုပြောသည့်အချိန်မှာတော့ ရန်နိုင့်စိတ်ထဲ နာကျင်သွားသလို ခံစားရသည်။ ပြီးခဲ့သော အကြောင်းအရာတွေကို မေ့ထားသော်လည်း တစ်ချက်တစ်ချက်မှာတော့ သတိရမိသည်။ ထိုအချိန်ကျရင်လည်း နာကျင်သောစိတ်တို့ကို ခံပြင်းမှုဖြင့်ဖုံးကွယ်ကာ အားလုံးကို ကြိုးစားဖြေဖျောက်ရပြန်သည်။

'ကောင်းပြီလေ၊ သားအသက် (၄၀)မပြည့်ခင်အထိ လောက်တော့ မေမေ ကျန်းမာစွာ ရှိနိုင်ကောင်းပါရဲ့။ အဲဒီအချိန်ထိမှ သားဘက်က ဘာမှ မပြောင်းလဲသေးဘူးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ မေမေ တစ်မျိုးတစ်ဖုံ စဉ်းစားရမှာပေါ့'

မေမေက တစ်စုံတစ်ရာကို တွေးတွေးဆဆနှင့် စဉ်းစဉ်းစားစားပြောရင်း ထိုင်ရာမှထဖို့ ပြင်သည်။ ရန်နိုင်သည် မေမေ့ကို ဘေးနားမှကူတွဲပေးရင်း ဘုရားခန်းဘက် ပို့ပေးလိုက်သည်။ ဘုရားခန်းက ရန်နိုင် ပြန်မထွက်ခင်မှာတော့ မေမေ့ကို စကားတစ်ခွန်း ရန်နိုင် ပြန်ပြောလိုက်မိသည်။

'သား ဒီတစ်သက် ဘယ်တော့မှ အိမ်ထောင်ပြုဖြစ်မှာ မဟုတ်တော့ဘူး မေမေ။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမတွေကို သား မယုံတော့လို့ဘဲ'

ပြောပြီး ရန်နိုင် လှည့်ထွက်လာသည့်အချိန်မှာ ရန်နိုင့်ကျောပြင်ကို မေမေ ငေးကြည့်နေမှာ သေချာပါသည်။

✿

## အခန်း (၃၈)

ရန်နိုင် စက်ရုံ ရုံးခန်းထဲတွင် စာရင်းတွေနှင့် လုံးချာလိုက်နေတုန်း ချိုဇော် ရောက်လာပါသည်။ (၇)မိုင်က ရုံးခန်းကိုသာ အမြဲလာလေ့ရှိပြီး စက်ရုံထဲထိ လိုက်လာလေ့မရှိသော ချိုဇော့်ကို အထူးအဆန်းသဖွယ် ကြည့်လိုက်မိသည်။

'ဘာဖြစ်လာပြန်တာလဲ'

'မင်းကို ပြောစရာရှိလို့၊ ပြောချင်လွန်းလို့ ဒီအထိ လိုက်လာရတာကွ'

'ဘာလဲ၊ ဘာတုန်း၊ အလန့်တကြား'

ချိုဇော်က ရန်နိုင်နှင့် မျက်နှာချင်းဆိုင်ခုံတစ်လုံးကို ဆွဲယူထိုင်လိုက်ရင်း စကားစသည်။

'မိုးစက် ရန်ကုန်မှာ မရှိတော့ဘူးကွ'

ချိုဇော့်စကားကြောင့် ရန်နိုင့်စိတ်တွေ ရှုပ်ထွေးသွား

www.burmeseclassic.com

www.burmeseclassic.com



ကာ နားမလည်ဘဲဖြစ်သွားရသည်။

'ရန့်ကုန်မှာမရှိအောင် ဘယ်သွားနေလို့လဲ။ တစ်သက်လုံး ပြန်မလာတော့ဘူးတဲ့လား'

'အေး… ဟုတ်တယ်။ ငါသိရသလောက် အဲဒီပုံပဲ'

အရွဲ့တိုက်ပြီး မေးလိုက်ကာမှ ဟုတ်တယ်ဆိုသော အဖြေစကားကြောင့် ရန်နိုင် အံ့အားသင့်သွားရသည်။ ချိုဇော့် မျက်နှာကို သိချင်ဇောနှင့် လှမ်းကြည့်တော့-

'site ထဲက တချို့လက်ကျန်ကိစ္စလေးတွေကို ကိုမျိုးအေးပဲ လာရှင်းနေတော့ ငါကလည်း မေးလိုက်တယ်လေ။ မင်းနဲ့လည်း တွေ့ပေးဖို့ ရှိသေးတာကိုး။ ကိုမျိုးအေးက ကိုမိုး သြစတြေးလျပြန်ထွက်သွားတာ တစ်ပတ်ကျော်ပြီ ပြောတော့ ဘယ်တော့ပြန်လာမှာလဲ ဆက်မေးလိုက်တယ်။ ကြာမယ်တဲ့။ အနည်းဆုံး လေးငါးနှစ်တဲ့။ ပြန်လာချင်မှလည်း ပြန်လာမယ်လို့ သူ့အိမ်ကိုပြောသွားတယ်တဲ့။ ငါတောင် တော်တော်အံ့သြသွားတယ်'

ချိုဇော့်စကားကို ငြိမ်သက်စွာ နားထောင်နေရင်း ရန်နိုင့်ရင်ထဲ တစ်မျိုးကြီးဖြစ်လာရသည်။ ရန်နိုင်က တောင်းပန်ဖို့ စိတ်ကူးနေသည့်အချိန်မှာ မိုးစက် အခုလို ရုတ်တရက်ကြီး ထွက်သွားသည်ဆိုတော့ ဘာလုပ်ရမှန်း စဉ်းစားမရဖြစ်ကာ နားမလည်နိုင်ဘဲဖြစ်နေရသည်။

'သူထွက်သွားတာ တစ်ပတ်ကျော်ကျော်ပဲ ရှိသေး



တာဆိုတော့ ပြဿနာဖြစ်ပြီး သုံးလေးရက်အကြာမှာ သွားတာပေါ့ကွ။ ငါက ဆက်ပြီး စကားကြောရှည်လိုက်ပါတယ်။ ခင်နွေးထွေးကော ပါသွားလားဆိုတော့ ပါသွားတယ်တဲ့။ ကဲ… ဘာတတ်နိုင်သေးလဲ'

ဘာမှ မတတ်နိုင်ပါဘူးလို့ ရန်နိုင်လည်း တွေးနေမိပါသည်။ နွေးထွေးအပေါ် စိတ်ကိုဖြတ်ထားသော်လည်း ကိုယ့်လိုလူမျိုးကိုမှ ရွေးချယ်ပြီး အသုံးချသွားသည့်အတွက် ရင်ထဲ နာကျည်းမုန်းတီးမိတာကတော့ အမှန်။ နောက်တစ်ခု မိုးစက်ကို ရန်နိုင် ပြန်လည်မဖြေရှင်းနိုင်လိုက်သည့် ကိစ္စ။ ရန်နိုင့်ရင်ထဲ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုလို အမြဲဖြစ်တည်နေတော့မှာ သေချာသည်။

'ခင်နွေးထွေးကိုတော့ ငါ လက်ဖျားခါတယ် ရန်နိုင်။ သူ့ပုံစံနဲ့ သူ့စိတ်ဓာတ် တခြားစီပဲ။ ထားပါတော့လေ၊ ပြီးခဲ့တာတွေကို မေ့လိုက်တော့တာ အကောင်းဆုံးပါပဲ။ နောက်လကုန်လောက်ဆိုရင်လည်း project ငွေတချို့ ငါ မိုးစက်အတွက် အကုန်ခွဲပေးလိုက်တော့မယ်။ ရှင်းရှင်းလင်းလင်းဖြစ်အောင် မြန်မြန်လုပ်လိုက်တာပဲ ကောင်းပါတယ်။ မင်းလည်း စိတ်ထဲ ဘာမှထားမနေနဲ့တော့'

'မဟုတ်သေးဘူး ချိုဇော်။ ခင်နွေးထွေးနဲ့အပိုင်းကို ငါ့ခေါင်းထဲက ထုတ်ပစ်လိုက်လို့ရပေမယ့် မိုးစက်နဲ့ ပတ်သက်တာကိုတော့ ငါ အားနာမိတယ်။ သူ့ကို ငါ စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာ'

'အေးလေ… အခုဟာက သူမှမရှိတော့ဘဲ။ ပြောလို့တော့ မရဘူးပေါ့ကွာ။ သေသွားတာမှမဟုတ်တာ။ နောက်တွေ့ချင်လည်း တွေ့ဦးမှာပေါ့'

ချို့ဇော်က စကားကို ခပ်ပေါ့ပေါ့လေး ပြောလိုက်သော်လည်း ရန်နိုင့်ရင်ထဲမှာတော့ လေးလံထိုင်းမှိုင်းလို့ သွားစေပါသည်။ ချို့ဇော်နဲ့မိုးစက်က မျက်လုံးချင်းဆုံခဲ့ကြတာမှမဟုတ်တာ။ အဲဒီနေ့က မိုးစက်မျက်လုံးတွေက ရန်နိုင့်အတွက် မေးခွန်းတွေအများကြီး ဖြစ်သွားစေခဲ့သည်။ နောက်တစ်ကြိမ် ရန်နိုင် မိုးစက်နှင့် ပြန်ဆုံချင်သည်ဆိုတာကလည်း သူ့မျက်ဝန်းတွေကို ဒုတိယအကြိမ် ပြန်လေ့လာချင်တာလည်း ပါပါသည်။ အခုတော့ မိုးစက်က ရန်နိုင်နှင့်မတွေ့နိုင်အောင် အဝေးတစ်နေရာကို ထွက်သွားခဲ့ပြီ။ သူနှင့်အတူ ရန်နိုင် ချစ်မြတ်နိုးခဲ့ဖူးသော မိန်းမတစ်ယောက်လည်း အတူပါသွားခဲ့ပြီ။ ရန်နိုင့်မှာသာ မေးခွန်းတွေ ဗလပွ။ အတွေးတွေဖရိုဖရဲနှင့် ဦးနှောက်ခြောက် ခေါင်းစားကာ တစ်ယောက်တည်း ဝေဒနာကို ကုစားရတော့မည်။ 'မင်းတို့နှစ်ယောက်လုံး ငါ့ဘဝကို အရှင်လတ်လတ် သတ်သွားသလိုပါပဲ' လို့ နာနာကျင်ကျင် တွေးမိလေသည်။

## အခန်း (၃၉)

ဒီနေ့မနက် ရန်နိုင် အိပ်ရာထနောက်ကျသည်။ ညက အိပ်မက်တွေကို ပြန်သတိရရင်း တစ်ယောက်တည်း စိတ်တိုနေမိသည်။ အိပ်မက်ထဲမှာ မိုးစက်နှင့် ရန်နိုင် ပြန်တွေ့သည်။ မိုးစက်သည် အိပ်မက်ထဲတွင် ရန်နိုင့်ကို ဘာစကားမှမပြောဘဲ ဒီတိုင်း စူးစိုက်စွာကြည့်နေခဲ့သည်။ မိုးစက်အကြည့်တွေကို ရန်နိုင် နားမလည်စွာ အခံရ၊ အနေရခက်နေစဉ်မှာပင် သူ့ကို စကားပြောဖို့ ရန်နိုင် ကြိုးစားမိသည်။ သို့သော် ရန်နိုင် စကားပြောသောအသံများက ထွက်မလာ။ ပါးစပ်က လှုပ်နေသော်လည်း ဘာသံမှထွက်မလာ။ ဘယ်လိုပဲ ကြိုးစားကြိုးစား ရန်နိုင် လုံးဝပြောလို့မရခဲ့ပါ။ ကြာလာတော့ လူက မောလာသည်။ နောက်ဆုံး ရန်နိုင် ဒေါသတကြီးဖြင့် ကိုယ့်အသံကိုယ်ကြားအောင် သံကုန်အော်လိုက်တော့ အိပ်ရာက နိုးသွားခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဖွင့်ဖွင့်ချင်း ကြောင်တောင်တောင်နှင့် ကိုယ့်အခန်းထဲမှာ မိုးစက်ကို လိုက်ရှာကြည့်နေမိသည်။ နောက်မှ အိပ်မက်ကို တဖြည်းဖြည်းသတိရကာ အမောဖြေယူရသည်။ ကိုယ့်အိပ်မက်ကိုယ် စိတ်ထဲမှာ ဘဝင်မကျ။ ဘာလို့ စကားပြောလို့မရခဲ့တာလို့လည်း ကိုယ့်ကိုယ်ကိုတွေးပြီး ဒေါသဖြစ်နေမိသည်။ အိပ်ရာထဲမှာ နာရီဝက်လောက် အချိန်ပိုကုန်သွားပြီး ရေမိုးချိုး၊ အဝတ်အစားလဲပြီး ရုံးသွားဖို့ အဆင်သင့်ဖြစ်တော့ မနက်(၉)နာရီခွဲနေပြီ ဖြစ်သည်။

ကော်ဖီသောက်ဖို့ ထမင်းစားခန်းထဲသို့ ဝင်လာချိန်မှာတော့ ကော်ဖီစားပွဲပေါ်မှာ မြင်လိုက်ရသော အရာဝတ္ထုတစ်ခုကြောင့် ရန်နိုင် အံ့ဩသလိုဖြစ်သွားရကာ ထိုအရာဝတ္ထုဆီသို့ မြန်မြန်လျှောက်လာပြီး ကိုင်ကြည့်လိုက်သည်။ ပန်းခြောက်များဖြင့် စည်းနှောင်ထားသည့် အညိုရောင်ပန်းစည်းတစ်စည်း။ ဒီနေ့ ဘာနေ့ပါလိမ့်လို့ အလျင်အမြန်စဉ်းစားလိုက်သည့်အခါမှာတော့ ဒီနေ့သည် ရန်နိုင်၏ (၃၃)နှစ်မြောက်မွေးနေ့ ဖြစ်နေခဲ့လေသည်။ ဒီပန်းစည်းကို ဘယ်လိုလူကများ ပို့နေတာပါလိမ့်လို့ ဦးနှောက်ခြောက်စွာ စဉ်းစားနေစဉ်မှာပင် မျက်လုံးများက ထမင်းစားခန်းထောင့်ရှိ ဗီရိုပုပုလေးလေးပေါ်မှ အလှထိုးပန်းအိုးဆီသို့ ရောက်သွားခဲ့သည်။ မနှစ်က ရန်နိုင် ရရှိလိုက်သည့် အညိုရောင်ပန်းစည်းခြောက်သည် ပန်းအိုးပေါ်တွင် ခံ့ခံ့ညားညား နေရာယူလို့



ထားလေသည်။ ဒီပန်းစည်းကို ရန်နိုင် အရင်ရက်တွေတုန်းက လုံးဝကို သတိမထားမိဘဲ အမှတ်တမဲ့ရှိနေခဲ့သည်။ ဘယ်သူကများ ဒီပန်းအိုးမှာ နေရာပေးထားပါလိမ့်။

ဒေါ်လေးမြိုင်လို့ ရန်နိုင် ခပ်ကျယ်ကျယ်လေးပင် အော်ခေါ်လိုက်သည်။

'ဘာလိုချင်လို့လဲ မောင်နိုင်'

ဒေါ်လေးမြိုင်သည် ရန်နိုင့်အသံကြောင့် နောက်ဖေးဘက်မှ ပျာပျာသလဲဝင်လာပြီး မေးပါသည်။

'ဒီပန်းစည်း ဒေါ်လေး ယူလာတာလား'

'အေး··· ဟုတ်တယ်။ မနက်ကခြံဝမှာတွေ့လို့ ယူလာတာ'

'ဟိုပန်းစည်းက မနှစ်ကဟာ မဟုတ်လား'

'အင်း··· ဒေါ်လေးလည်း သဘောကျတာနဲ့ ပန်းအိုးထိုးထားလိုက်တာ။ ဘာဖြစ်လို့လဲ မောင်နိုင်'

'ဘာမှမဖြစ်ပါဘူး။ ရော့··· ဒေါ်လေး ဒီပန်းတွေကိုလည်း မနှစ်ကပန်းတွေနဲ့ပဲ အတူတူထိုးထားလိုက်ပါ'

ရန်နိုင့်လက်ထဲက ပန်းစည်းကို ဒေါ်လေးမြိုင်က လှမ်းယူရင်း 'ပန်းတွေက အခြောက်သာဆိုတယ်။ တော်တော်လှတာကွဲ့။ ဘယ်သူ ပို့ပေးတာလဲ'

'ကျွန်တော်လည်း မသိဘူး'

ရန်နိုင်သည် ခပ်တိုတိုပင် အဖြေပြန်ပေးရင်း ထမင်း

www.burmeseclassic.com

www.burmeseclassic.com



စားခန်းထဲမှ ကော်ဖီတောင်မသောက်တော့ဘဲ လှည့်ထွက်လာခဲ့သည်။ ဒီပန်းစည်းတွေ ဘယ်သူက ပို့ပေးနေတာလဲ ရန်နိုင် စဉ်းစားလို့မရ။ နွေးထွေးများလားလို့ သင်္ကာမကင်းတွေးမိပြန်သည်။ ချစ်သူဘဝ လေးငါးခြောက်လအတွင်းမှာ ဒီပန်းစည်းအကြောင်း နွေးထွေးကိုပြောပြဖို့ မေ့နေခဲ့သည်။ ရန်နိုင်ကိုယ်တိုင်ကလည်း ပန်းစည်းအပေါ် အမှတ်တမဲ့ရှိနေခဲ့တာလည်းပါပါသည်။ နွေးထွေးလားလို့ ရန်နိုင် ယူဆမိသည်မှာလည်း နွေးထွေးက ရန်နိုင့်မွေးနေ့ကို သိနေသောကြောင့် ဖြစ်သည်။ ဒါပေမယ့်လည်း စဉ်းစားစရာရှိသည်က နွေးထွေးနှင့် ချစ်သူစဖြစ်သည့်ကာလတွင် ဒီအကြောင်းအရာကို နွေးထွေး တစ်ခါမှမပြောဖူးပါ။ နွေးထွေး တမင်မပြောတာလား၊ ဒါမှမဟုတ် ဒီပန်းစည်းပေးတာ နွေးထွေး မဟုတ်လို့လား ရန်နိုင် တွေးလို့မရဖြစ်ရသည်။ ယခုတော့ ဒုတိယအကြိမ် ပန်းစည်းတစ်စည်း ရန်နိုင့်ဆီရောက်လာခဲ့ပြီ။ ဒီပန်းတွေကို ရန်နိုင် လွှင့်ပစ်ဖို့မကြိုးစားဘဲ ဘာကြောင့်သိမ်းဆည်းထားချင်ရတာလဲ။ နွေးထွေးအပေါ် ရန်နိုင် တကယ် စိတ်မပြတ်သေးဘူးလား။ ဒါကိုတော့ ရန်နိုင် ပြတ်ပြတ်သားသား မစဉ်းစားချင်တော့ပါ။ အဘယ့်ကြောင့်ဆိုသော် နွေးထွေးကို ယုံကြည်မိသောကြောင့် ရန်နိုင် ခံစားခဲ့ရခြင်းသည် အိပ်မက်တစ်ခု မဟုတ်သောကြောင့် ဖြစ်လေသည်။

❀

## သုံးနှစ်တိတိ အချိန်ကြာသောအခါ . . .

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့် (၂)

ခံစားရ၍… ယုံကြည်သည်…

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

ရန်နိုင့်အသက် (၃၆)နှစ်ပြည့်သောနေ့။

ပဥ္စမမြောက် ပန်းစည်းခြောက်က အရင့်အရင် ပန်းစည်းတွေလိုပင် လှပတည်ငြိမ်စွာ ရန်နိုင့်ကို ကော်ဖီစားပွဲပေါ်မှနေ၍ Happy Birthday လုပ်နေခဲ့သည်။ ရန်နိုင်သည် ပန်းစည်းတွေများလာပြီဖြစ်သောကြောင့် ဒေါ်လေးမြိုင်ကို ပန်းအိုးကြီးကြီးတစ်လုံး ထပ်ဝယ်ပေးကာ ပန်းခြောက်များကို တစ်စုတဝေးတည်း လှလှပပ ထားစေခဲ့သည်။ ကော်ဖီစားပွဲမှာ ကော်ဖီသောက်ရင်း ပန်းစည်းပေါ်ရှိ စာတန်းလေးကို ရန်နိုင် ဖတ်ကြည့်မိသည်။ Just For Your Birthday ပန်းစည်းအားလုံးသည် ပထမဆုံးရောက်ရှိလာသော ပန်းစည်းက စာသားအတိုင်းပင် ဖြစ်သည်။ ရန်နိုင်သည် ခပ်လှမ်းလှမ်းမှာရှိနေသော ပန်းအိုးထဲမှ ပန်းစည်းများကို လှမ်းကြည့်မိသည်။ ပန်းများသည် နှစ်ကြာရှည်လာသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အရောင်လည်းမပြောင်း၊ အရွက်တွေလည်း မကြွေသေးဘဲ နောက်ဆုံးရောက်လာသော ပန်းစည်းနည်းတူ ခိုင်ခံ့လှပနေဆဲပင် ဖြစ်သည်။

တတိယမြောက် ပန်းစည်းရောက်တုန်းက ပန်းစည်းပို့ပေးနေသူကို ရန်နိုင် သိအောင်ကြိုးစားခဲ့ဖူးသော်လည်း ကလေးလေးတစ်ယောက်ကိုသာ တွေ့ရကာ ဘယ်သူ ပို့ခိုင်းတာလဲမေးကြည့်မိတော့-

'ကျွန်တော်လည်း မသိဘူး။ အဒေါ်ကြီးတစ်ယောက်က ပို့ခိုင်းလို့' ဆိုသည့် အဖြေကိုပဲ ရခဲ့သည်။ အဒေါ်ကြီးက ဘယ်အရွယ်ရှိပြီလဲမေးမိတော့ 'သိဘူး' ဆိုသည့် စကားကိုပဲ ဆက်ကြားခဲ့ရသည်။ ဒါနဲ့ပဲ နောက်ထပ် ရန်နိုင် ပန်းစည်းပို့သူကို တွေ့ဖို့မကြိုးစားမိတော့ပေ။

ဘာလိုလိုနှင့် အချိန်ကာလတစ်ခုက နောက်မှာ တော်တော်ကျန်နေရစ်ခဲ့ပြီ။

ရန်နိုင့်အတွက်ကတော့ ကုန်လွန်ကျော်ဖြတ်ခဲ့ရသော အချိန်ကာလတို့သည် မနေ့တစ်နေ့ကလို လတ်လတ်ဆတ်ဆတ် ခံစားနေရတုန်းပင်။

ရန်နိုင်သည် အတွေးတွေကို ဆက်မတွေးချင်တော့ ကာ ဖွတ်မိုတ်ဖြတ်ပစ်လိုက်ရင်း လက်ထဲမှ ပန်းစည်းလေးကို သူ့အပေါင်းအဖော် ပန်းစည်းများနှင့် ရောနှောပြီး သွားထားလိုက်သည်။ ပြီးတော့ ဘယ်သူမှ မကြားနိုင်သည့် စကား



တစ်ခွန်းကို တိုးတိတ်စွာပြောလိုက်မိသည်။

'ကျွန်တော် ခင်ဗျားကို မချစ်တော့တာ သေချာပါတယ် နွေးထွေးရယ်' တဲ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

ဒီနေ့ ရုံးမှာ အလုပ်စောစောပြီးသွားသောကြောင့် ဂေါက်ကွင်းသွားရကောင်းမလား စဉ်းစားနေဆဲမှာပင် ချိုဇော့်ဆီက ဖုန်းဝင်လာသောကြောင့် ဒီကောင့်ကိုပါ ခေါ်သွားရမယ်လို့တွေးရင်း ဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဂေါက်ကွင်းသွားရအောင်ကွာ၊ ကွင်းမပတ်နိုင်တောင် practice ပေါ့'

'အသက်ကလေး နည်းနည်းရလာတော့ အသောက်အစားလေး နည်းနည်းလျှော့ပြီး အားကစားအတွက် အချိန်ပေးတော့မယ်ပေါ့'

'အပိုတွေ ပြောမနေနဲ့။ အိမ်မှာစောင့်နေ၊ ငါ လာခေါ်မယ်'

'အခုချက်ချင်း လာနော်'

'ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'မင်း စိတ်ဝင်စားနိုင်လောက်တဲ့ သတင်းတစ်ခု ငါ့မှာ ရှိတယ်'

'ဘာလဲ'

'လာတော့ပြောတာပေါ့ကွာ။ ဒါပဲ ဟေ့ကောင်'

စကားတောင်မဆုံးသေး ချို့ဇော်က ဖုန်းကို ဦးအောင်ချသွားသည်။ သိချင်တာကို ချက်ချင်းမပြောဘဲ စိတ်ထဲမှာ ကလိကလိဖြစ်အောင် ကျီစယ်သွားသော ချို့ဇော်ကို စိတ်ထဲမှာ ထောပနာပြုရင်း ရုံးမှနေ၍ ချို့ဇော့်အိမ်သို့ ကားကို ဦးတည်မောင်းလိုက်သည်။

## အခန်း (၄၂)

ချို့ဇော်က သူ့ခြံဝင်းထဲရှိ မြက်ခင်းပြင်ပေါ်တွင် စားစရာသောက်စရာအဆင်သင့်နှင့် ရန်နိုင့်ကို ဆီးကြိုနေပါသည်။ ဒီကောင့်ပုံစံကြည့်ရတာ ဂေါက်ကွင်းလိုက်မည့် အနေအထားမဟုတ်သောကြောင့် ရန်နိုင် မျက်မှောင်ကျုံ့သွားရသည်။

'ဒါက ဘာဒီဇိုင်းလဲ။ မလိုက်ဘူးလား'

'သွားမနေပါနဲ့တော့ကွာ။ ဒီမှာပဲ အေးအေးဆေးဆေး ထိုင်ပြီး စကားပြောရအောင်။ မှုန့်ကို မင်းလာမယ်ဆိုပြီး ညာခိုင်းထားတာ၊ လာ… ထိုင်'

ရန်နိုင့်ကိုဖန်းပြပြီး ချို့ဇော့်လက်ထဲမှာ ခွက်က အဆင်သင့်ရောက်လို့နေပြီ ဖြစ်သည်။ ရန်နိုင်လည်း မထူးတော့စွာ ခုံလေးမှာဝင်ထိုင်ရင်း ကျောဆန့်နေလိုက်သည်။ ညနေစောင်းနေပြီဖြစ်သော်လည်း နေရောင်ခြည်သည် သူ့ခြွမ်းအားရှိ

www.burmeseclassic.com

www.burmeseclassic.com



သလောက် တစ်လောကလုံးကိုတော့ အလှဆင်ပေးထားခဲ့ဖြစ်သည်။ လေလေး တအေးအေးနှင့်မို့ ရန်နိုင်သည် ခွက်ကို ချက်ချင်းမကောက်နိုင်သေးဘဲ မိုးကောင်ကြီးကို အဓိပ္ပာယ်မဲ့ မော့ကြည့်နေမိသည်။

'မနက်က မှုန်နဲ့ မင်းအမေ စကားပြောဖြစ်သေးတယ်တဲ့'

မြမှုန်က ရန်နိုင့်အမေကို တစ်ပတ်ကိုနှစ်ခါလောက် ဖုန်းဆက်ကာ အမြဲစကားပြောတတ်ပြီး မေမေ လိုအပ်တာလေးတွေကိုလည်း လာရောက်ဖြည့်ဆည်းပေးတတ်သည်။

'မင်းအတွက် မှုန့်ကို သင့်တော်တဲ့သူတစ်ယောက် ရှာပေးဖို့ ပြောတယ်'

'မင်းပြောမယ့်သတင်းဆိုတာ ဒါလား'

'မှုန်က မင်းဘက်ကကွ။ မင်း စိတ်ချမ်းသာသလို နေပါစေတဲ့။ အသက်ကြီးလာရင်လည်း သူပဲခေါ်ထားပြီး စောင့်ရှောက်ပါ့မယ်လို့ ပြောလိုက်တယ်'

'မင်းနဲ့မှ မှုန်က အကျင့်ချင်းမတူတာ။ ဒီတော့လည်း ငါ့ဘက်ပါမှာပေါ့'

'ပြီးတော့ မင်းဆီကို နှစ်တိုင်း မွေးနေ့မှာ ပန်းစည်းတစ်စည်း ရောက်ရောက်လာတယ်တဲ့။ အဲဒါ ဘယ်သူပို့တာလဲ မှုန်သိလားလို့ မေးတယ်တဲ့။ မှုန်က ငါ့ကို ပြန်မေးနေတယ်။ မင်း တစ်ခါတုန်းက ငါ့ကိုပြောဖူးပါတယ်။ အဲဒီ



ပန်းစည်းက အခုထိ လာနေတုန်းပဲလား'

ပန်းစည်းဆိုသည့်အသံကြောင့် ရန်နိုင် အနည်းငယ်တော့ ခေါင်းထောင်လာရသည်။ ပြီးတော့ ရေခဲတုံးအဆင်သင့် ထည့်ထားသောခွက်ထဲကို Chivas လက်တစ်လုံးလောက် ငှဲ့ထည့်လိုက်သည်။

'ဒီပန်းစည်းကိစ္စက ငါ့အတွက်တော့ ထူးဆန်းတယ်ကွ။ ဒါနဲ့ပါဆို ငါးစည်းမြောက်ပဲ'

ရန်နိုင်က ပန်းစည်းများရောက်လာပုံနှင့် ပန်းစည်းပို့သူကို တွေ့အောင်ကြိုးစားခဲ့ဖူးကြောင်း အစအဆုံး ရှင်းပြလိုက်သည်။ ချိုဇော်သည် စိတ်ဝင်တစား နားထောင်နေရင်းမှ အံ့သြတကြီးမျက်နှာဖြင့် -

'ထူးတော့ တော်တော်ထူးဆန်းသားပဲကွ။ ဘယ်သူဖြစ်နိုင်လဲ'

'မင်း စဉ်းစားကြည့်ပေါ့။ ငါ စဉ်းစားကြည့်လို့ ရသလောက်တော့ ငါ့မွေးနေ့ကို သေသေချာချာသိတဲ့လူဆိုလို့ ငါ ပတ်သက်ခဲ့ဖူးတဲ့ ခင်နွေးထွေးတစ်ယောက်ပဲရှိတယ်။ ဟုတ်တယ်လေ၊ ငါလိုကောင်ကို ပန်းစည်းပို့မယ့်သူက ယောကျ်ားတစ်ယောက်တော့ မဖြစ်နိုင်ဘူး။ မိန်းမပဲဖြစ်ရမယ်။ အဲဒီမိန်းမတွေထဲကမှ ငါနဲ့ အကျွမ်းတဝင်ရှိခဲ့တာကလည်း ခင်နွေးထွေးပဲ။ ဒါပေမယ့်လည်း တစ်ခု စဉ်းစားစရာရှိတာက ငါ့ဆီကို ပထမဆုံးအကြိမ် ပန်းစည်းရောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်တုန်းက ခင်နွေးထွေးကို ငါ မြင်တောင်မြင်ဖူးသေးတာမဟုတ်ဘူး။ အဲဒီတော့ ငါလည်းစဉ်းစားရတာ ဦးနှောက်ခြောက်တာနဲ့ မစဉ်းစားတော့ဘူး။ ပန်းတွေကိုတော့ ငါ သိမ်းထားတယ်’

ရန်နိုင်က သီဟိုဠ်စေ့ကြော်တစ်ခု ကောက်ဝါးနေစဉ် ချိုဇော်သည် အရက်တစ်ခွက်ကိုကိုင်ရင်း အတော်ကြာကြာ ငြိမ်သက်နေသည်။ ခဏနေတော့မှ အရက်ခွက်ထဲကို အရက်ထပ်ဖြည့်ရင်း -

‘ငါ မင်းကိုပြောမယ့်သတင်းဆိုတာ မင်းအမေနဲ့မှန်ဖုန်းပြောတဲ့ကိစ္စ မဟုတ်ဘူး ရန်နိုင်။ တခြားအကြောင်းအရာတစ်ခု။ ပြီးခဲ့တဲ့ကိစ္စတွေကို အစပြန်ဖော်ပေးတယ်လို့တော့ မထင်နဲ့’

ချိုဇော့်စကားကြောင့် ရန်နိုင်က ချိုဇော့်မျက်နှာကို စူးစမ်းသလို တစ်ချက်ကြည့်လိုက်သည်။

‘မနေ့ညက A-Group က ဦးဇော်လတ် ညစာစားပွဲမှာ ငါ ခင်နွေးထွေးကို တွေ့ခဲ့တယ်’

ခင်နွေးထွေးဆိုသော အသံကြောင့် ရန်နိုင့်ခန္ဓာကိုယ်သည် မတ်ခနဲဖြစ်သွားကာ လူတစ်ကိုယ်လုံး ထူထူပူပူကြီးဖြစ်သွားရသည်။ ကိုယ့်ရင်ဘတ်ထဲမှာ နှလုံးခုန်သံ ကျယ်လောင်လွန်းလှသဖြင့် ချိုဇော် ကြားမှာစိုးသောကြောင့် အသက်ကို တဒင်္ခဏ အောင့်ထားလိုက်မိရင်း ချိုဇော်



ဘာဆက်ပြောဦးမလဲဆိုပြီး နားကို စွင့်ထားလိုက်သည်။

‘မမျှော်လင့်ဘဲ ငါနဲ့ တစ်စားပွဲတည်းဖြစ်နေတော့ ငါလည်း တော်တော်အံ့ဩသွားတယ်။ ဘေးနားမှာ အမျိုးသမီးတစ်ယောက်တော့ ပါတယ်။ သူ့ညီမလားတော့ မပြောတတ်ဘူး။ ရုပ်ချင်းကတော့ မတူဘူး။ ငါလည်း မျက်နှာချင်းဆိုင်ကြီးဆိုတော့ အားနာတာနဲ့ စကားပြောလိုက်ပါတယ်။ ပုံစံကတော့ ဟိုအရင်ကအတိုင်းပဲ။ ဘာမှမပြောင်းလဲဘူး။ မျက်နှာကြည့်ရတာလည်း ပြီးခဲ့တဲ့ကိစ္စတွေက သူ မပတ်သက်ခဲ့တဲ့အတိုင်းပဲ’

ချိုဇော့်စကားတွေ နားထောင်နေရသည်မှာ ဘယ်ဘက်ရင်ဘတ်တစ်ခုလုံး အပ်သေးသေးလေးနှင့် အထိုးခံရသလို တစ်ချက်တစ်ချက် စူးခနဲဖြစ်ဖြစ်သွားကာ နာကျင်နေရသည်။

‘ဦးဇော်လတ်တို့နဲ့ ဘယ်လိုပတ်သက်ပြီး ရောက်လာလဲတော့ ငါလည်း မသိဘူး။ မိုးစက်အကြောင်းကိုတော့ အားနာတာကတစ်ကြောင်း၊ ဘေးနားမှာလူရှိနေတာကတစ်ကြောင်း၊ ဆက်ပြီး စကားမရှည်ချင်တာကတစ်ကြောင်း အကြောင်းကြောင်းတွေကြောင့် ငါ မမေးလိုက်ဘူး။ ခင်နွေးထွေးက ဟန်ဆောင်တာတော့ အတော်ကောင်းတာကွ။ ငါနဲ့ မျက်နှာချင်းဆိုင်တွေ့တာ တစ်ချက်ဟန်မပျက်ဘူး။ အေးအေးဆေးဆေးပဲ’

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်သည် ချိုဖော့ကို ဘာမှပြန်မပြောဘဲ လက်ထဲမှာကိုင်ထားသော ဖန်ခွက်ကိုသာ ယောင်ဝါးဝါး စိုက်ကြည့်နေမိသည်။ မျက်လုံးထဲတွင်တော့ ရေခဲတုံးလေးတွေအစား ခင်နွေးထွေးနှင့် မိုးစက်မျက်နှာက တစ်လှည့်စီ ပေါ်လာလို့နေလေသည်။

'မင်း ခင်နွေးထွေးကို တွေ့ချင်တဲ့စိတ် ဖြစ်နေလား'

'ငါ သူ့ကို ဘယ်လောက်ထိ သံယောဇဉ်ဖြစ်ခဲ့ရတယ်ဆိုတာ ငါ့ကိုယ်ငါပဲ သိပါတယ်။ ဒါပေမယ့်လည်း ခွင့်လွှတ်တယ်၊ နားလည်တယ်ဆိုတာ သူ့အတိုင်းအတာနဲ့သူ ရှိပြီးသား။ ဒါကို ကျော်လွန်သွားရင်တော့ လျစ်လျူရှုခြင်းဆိုတာကိုပဲ တွေ့ရမယ်ဆိုတာ သူ သေသေချာချာ သိမသွားဘူး'

'မင်းကိုကော သူက သံယောဇဉ်ရှိနေလိမ့်ဦးမယ်လို့ ထင်နေသလား'

'ဘယ်သူ့ ဘယ်သူရဲ့ အတွင်းစိတ်တွေကိုမှ ငါ မခန့်မှန်းတတ်ပါဘူး။ အထူးသဖြင့် မိန်းမတွေရဲ့ အတွင်းစိတ်ကိုပေါ့'

'မင်း ဘာလုပ်ချင်လဲ'

'ခင်နွေးထွေးကို အသေအလဲချစ်ခဲ့မိတဲ့အတွက် မုန်းတဲ့အချိန်မှာလည်း ငါ နာနာကျည်းကျည်းကို မုန်းတီးခဲ့မိတယ်။ ဒါပေမယ့် ကြားထဲမှာ မိုးစက်ဝင်ပါလာတဲ့အတွက်



အခု သူ့ကို ငါတွေ့ရင် မိတ်ဆွေသူငယ်ချင်းတစ်ယောက်လို ဆက်ဆံနိုင်မယ် ထင်ပါတယ်'

'မင်းနဲ့ ခင်နွေးထွေးက မိုးစက်ဆိုတဲ့ လူတစ်ယောက်ကြောင့်ပဲ ပြဿနာတွေဖြစ်ခဲ့ရပြီး ခုတော့လည်း အဲဒီမိုးစက်ကြောင့်ပဲ ပြဿနာတွေ မဖြစ်တော့ဘူးပေါ့'

'အဲဒီတုန်းကတော့ ဒါကို အကြီးအကျယ်ပြဿနာတစ်ခုလို့ ငါက သတ်မှတ်ခဲ့တာကိုး။ ခုချိန် ပြန်တွေးတော့လည်း ဒါဟာ ပြဿနာရယ်လည်း မဟုတ်တော့ပါဘူးကွာ။ သူတို့နှစ်ယောက်ကြားမှာ ငါ ဓားစာခံဖြစ်ခဲ့တာကတော့ ငါ့ရဲ့ကံပေါ့။ ခင်နွေးထွေးထက် ငါ မိုးစက်ကို ပြန်တွေ့ချင်ပါသေးတယ်'

'ခင်နွေးထွေးကိုတော့ မင်း တကယ်ပဲ လျစ်လျူရှုလိုက်ပြီပေါ့'

ရန်နိုင်သည် ဘာမှပြန်မဖြေတော့ဘဲ အသာပြုံးကာ ခွက်ထဲမှလက်ကျန်ကို မော့လိုက်ပါသည်။ မြူမှုန့်လက်ရာ ကြက်တောင်ပံအစာသွတ်ကို တစ်ခုကောက်စားရင်း မြူမှုန့်တစ်ယောက် အချက်အပြုတ် တော်တော်တိုးတက်လာပြီလို့ တွေးမိပြန်သည်။

'ဘာလိုလိုနဲ့ မင်းတို့တွေ ပြန်မဆုံတာ သုံးနှစ်လောက်တော့ ရှိပြီထင်တယ်'

'အမှန်ဝန်ခံရရင် အဖြစ်အပျက်တွေက မနေ့တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



ကလို ငါ့ရင်ထဲမှာ လတ်လတ်ဆတ်ဆတ်သဘောမျိုး ခံစားနေရတုန်းပါပဲ။ ဒါပေမယ့်လည်း အချိန်တွေ မတူတော့သလို ခံစားမှုချင်းလည်း မတူတော့ဘူး။ အဓိကကတော့ 'စိတ်' ကြောင့်ပဲ ထင်ပါရဲ့'

'ကိုမျိုးအေးကို မိုးစက်အကြောင်း မေးလို့ရရင် ရနိုင်ပေမယ့် ငါတို့ project ပြီးကတည်းက ဒီလူနဲ့လည်း ထပ်မဆုံတော့ အဆက်အသွယ်ပြတ်သွားတာပေါ့။ site ထဲက မိုးစက်ဝယ်ထားတဲ့အိမ်ကလည်း ပိတ်ထားတာ နှစ်နှစ်လောက်ရှိပြီ။ ငါရောက်တိုင်း ခြံစောင့်ပဲတွေ့ရတယ်'

'ဒီလူ ဟိုမှာတော့ တစ်သက်လုံးနေမယ် မထင်ပါဘူး။ သူ့မိဘတွေလည်း ဒီမှာရှိနေတဲ့ဥစ္စာပဲ။ တစ်ချိန်တော့ ပြန်ပြီးတော့ကို ဆုံဖြစ်ဦးမယ်လို့ ငါတော့ထင်နေတယ်'

ပြောပြီး နှစ်ယောက်သား အတွေးကိုယ်စီနဲ့ ငြိမ်သွားကြပြန်လေသည်။ ချိုဇော် ဘာတွေတွေးနေသည် မစဉ်းစားတတ်ပေမယ့် ရန်နိုင်ကတော့ ခုနကထက်စာရင် အများကြီးတည်ငြိမ်သွားလေပြီ ဖြစ်သည်။ ရန်နိုင် စဉ်းစားနေသည်ကတော့ ခင်နွေးထွေးဆိုသော မိန်းကလေးနှင့် ရန်နိုင် မမျှော်လင့်ဘဲ တစ်နေရာမှာဆုံဖြစ်ခဲ့ကြလျှင် ကြောင်အမ်းမနေဘဲ မိုးစက်အကြောင်း သေချာမေးမိဖို့ပဲ ဖြစ်ပါသည်။

## အခန်း (၄၃)

တကယ်တမ်း ခင်နွေးထွေးနှင့်ဆုံဖြစ်သည့်နေရာကတော့ ရန်ကုန်-မန္တလေး-ပုဂံသွားသည့် လေယာဉ်ပျံပေါ်တွင် ဖြစ်နေလေသည်။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ချင်တော့ ထိုနေ့က ရန်နိုင်သည် စက်ရုံကိစ္စကြောင့် မန္တလေးတွင် အစည်းအဝေးတစ်ခုသွားဖို့ပေါ်လာခဲ့ရာ ကမန်းကတန်းပင်လေယာဉ်လက်မှတ်ကောက်ဝယ်ပြီး လိုက်ခဲ့ရသည်။ လေယာဉ်ပေါ်ရောက်တော့ ရန်နိုင်က နောက်ကျနေပြီဖြစ်သည်။ လူသွားစင်္ကြံလမ်းရှိ ခုံတစ်လုံးသာ လွတ်နေသောကြောင့် ရန်နိုင်ဝင်ထိုင်ရန် တစ်ဖက်ခုံတွင် ထိုင်နေသူကို ကြည့်လိုက်ရာ တိုက်တိုက်ဆိုင်ဆိုင် ခင်နွေးထွေးနှင့် အဖော်အမျိုးသမီး တစ်ယောက် ဖြစ်နေခဲ့သည်။ ထိုင်မည်ပြင်ပြီးမှ တခြားနေရာရွှေ့သွားလျှင် မကောင်းတတ်တာမို့ ရန်နိုင်သည် စိတ်ကိုတည်ငြိမ်အောင် စုစည်းရင်း ခုံမှာ ဝင်ထိုင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံကြီး တိမ်ထုထဲကို တိုးဝင်သွားသည့်အချိန်ထိ ရန်နိုင်သည် ကိုယ်ကို မတ်မတ်ထိုင်ရင်း နံဘေးကို လှည့်မကြည့်ဘဲ ရေငုံနှုတ်ပိတ်နေမိသည်။ အချိန်တော်တော်ကြာကြာ ကိုယ့်စိတ်ကိုကိုယ် ရှင်းလင်းငြိမ်သက်အောင် မွေးမြူပြီးသည့်အခိုက်အတန့်မှာတော့ ရန်နိုင် ခင်နွေးထွေးဘက်ကို ဖြည်းညင်းစွာ လှည့်ကြည့်လိုက်မိသည်။ ခင်နွေးထွေးသည် ချိုဖော်ပြောသလိုပင် အရင်အတိုင်း ကျစ်ဆံမြီးရှည်ကြီးတစ်ချောင်းကို ရင်ဘတ်ပေါ်တွင် ဒီအတိုင်း ခပ်ရိုးရိုးချထားရင်း မြန်မာဆန်ဆန်ဝတ်စုံလေးနှင့် ဘာမှမပြောင်းလဲဘဲ ရှိနေပါသည်။ ပြတင်းပေါက်မှမြင်နေရသော တိမ်တိုက်များကို ခင်နွေးထွေးက လှမ်းကြည့်နေသောကြောင့် ရန်နိုင်လှည့်ကြည့်သည်ကို ခင်နွေးထွေး မမြင်ပါ။ သူ့နံဘေးမှ အဖော်အမျိုးသမီးကတော့ ဘာကိုမှ ရိပ်မိပုံမရစွာ လေယာဉ်ပျံပေါ်မှ သတင်းစာတစ်စောင်ကို ဖတ်နေပါသည်။ ရန်နိုင်သည် အသက်ကို ခပ်ပြင်းပြင်းတစ်ချက်ရှူကာ ကျိတ်ပြီးသက်ပြင်းချလိုက်ရင်း တိုးတိတ်စွာပင် စကားကိုစလိုက်သည်။ လေယာဉ်ပျံပေါ်မှာ အချိန်အတော်ကြာ ရှိနေကြဦးမှာ မဟုတ်လား။

'ဘယ်ကိုသွားကြမလို့လဲ။ မန္တလေးလား၊ ပုဂံလား'

ရန်နိုင့်အသံကြောင့် ခင်နွေးထွေးသည် ရန်နိုင်နှင့် မျက်လုံးချင်းဆုံသွားပါသည်။ မျက်လုံးဝိုင်းဝိုင်းလေးများ



သည် အရည်တလဲ့လဲ့တောက်ပကာ နှုတ်ခမ်းလေးများက ဖျော့တော့စွာပြုံးရင်း ရန်နိုင် သူ့ကို စကားပြောသည့်အပေါ် အံ့ဩသည့်အမူအရာလေးပြနေလေသည်။ ခင်နွေးထွေး အကြည့်များကို ရန်နိုင် မြင်တွေ့ရသည့်ခဏမှာတော့ အတင်းအိပ်ပျော်ခိုင်းထားသည့် နှလုံးသားက တစ်ချက်လူးလွန့်လာသည်။

'နွေးတို့ ပုဂံကိုသွားမလို့ပါ။ ကိုရန်နိုင်ကော ဘယ်သွားမှာလဲ။ တစ်ယောက်တည်းလား'

ခင်နွေးထွေးအသံလေးက တုန်ရီစွာဖြင့် တိုးလျလို့နေလေသည်။ ဒီမျက်နှာ၊ ဒီအသံကိုကြားရပြန်တော့ ရန်နိုင့်ရင်ထဲ နွမ်းလျလို့သွားရသည်။ လွန်ခဲ့သောအချိန်က နွေးထွေးနှင့်တွေ့ရင် ရင်ဆိုင်ရန် ပြင်ဆင်ထားသည့် ခွန်အားတွေက အလိုလိုလွင့်ပြယ်ချင်သည်။ အချစ်ဆိုသောအရာသည် သိပ်ကို ထူးဆန်းအံ့ဩဖို့ကောင်းပါလားလို့ ရန်နိုင် ရင်မောစွာတွေးမိပြန်သည်။

'ကျွန်တော် တစ်ယောက်တည်းပါ။ မန္တလေးကို အလုပ်ကိစ္စနဲ့သွားမလို့'

'လေယာဉ်ပျံက မန္တလေးကို အရင်ဆင်းမှာနော်'

'ဟုတ်တယ်'

ပြောစရာစကားတို့က ရှားပါးသွားကြပြန်ကာ နှစ်ယောက်လုံး ငြိမ်သက်သွားကြပြန်သည်။ ခင်နွေးထွေးဆီမှ

www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကိုအလွဲမှာတော့ ရန်နိုင် မိုးစက်ကို သတိရမိသွားသည်။ ဘယ်ကစမေးရင် ကောင်းမလဲလို့ စိတ်ထဲမှာ စကားလုံးတွေစီကြည့်နေမိသည်။ သူတို့နှစ်ယောက် လက်ထပ်ပြီးကောင်း ပြီးနိုင်ရဲ့လို့လည်း တွေးမိပြန်သည်။ ဘာပဲဖြစ်ဖြစ် ရန်နိုင် မိုးစက်ကို တောင်းပန်ချင်သည့်စိတ်က ယခုထက်တိုင် ရှိနေသေးတာမို့ နဂိုကတည်းကလည်း မေးဖြစ်ဖို့ စိတ်ဆောင်ထားတာမို့ တည်ငြိမ်စွာပင် ရန်နိုင် စကားစလိုက်သည်။

'မိုးစက်ကော ပါလာလား'

ခင်နွေးထွေးမျက်နှာကို မကြည့်ဘဲမေးသည့် မေးခွန်းမို့လို့ ခင်နွေးထွေးမျက်နှာအပြောင်းအလဲကိုလည်း ရန်နိုင် မမြင်ပါ။ ခင်နွေးထွေးသည် ရန်နိုင့်မေးခွန်းကို အတန်ကြာကြာ မဖြေဘဲ ငြိမ်သက်နေခဲ့သည်။

'နွေး ဒီကိုအပြီးပြန်လာတာ Beauty Sloon ကောင်းကောင်းတစ်ခု ဖွင့်ဖို့စဉ်းစားထားတယ်'

မေးခွန်းနှင့်အဖြေ တခြားစီပဲလို့ ရန်နိုင် သတိထားမိသည်။ ဒါပေမယ့်လည်း အပြီးပြန်လာတာဆိုသော စကားတစ်ခွန်းက တစ်ခုခုကိုတော့ ရည်ညွှန်းပြီး အဓိပ္ပာယ်[illegible] ရှိလိမ့်မည်လို့ ရန်နိုင် တွေးလိုက်မိသည်။

'မခင်နွေးထွေးတို့အိမ်ထောင်ရေး အဆင်ပြေတယ်မဟုတ်လား'



ခင်နွေးထွေး သက်ပြင်းတစ်ချက် ချလိုက်သည်လို့ ရန်နိုင် ထင်ပါသည်။

'မိုးနဲ့နွေးထွေးကို လူတွေက လက်ထပ်သွားကြပြီလို့ ထင်ကောင်းထင်ကြလိမ့်မယ်။ နွေးတို့နှစ်ယောက်ဟာ ချစ်သူတွေ မဟုတ်ခဲ့ကြတဲ့အတွက် ဘယ်တော့မှလည်း လက်ထပ်ဖြစ်မှာ မဟုတ်ပါဘူး ကိုရန်နိုင်။ ဒါတွေကိုလည်း လူတွေအားလုံးသိအောင် နွေးရှင်းပြဖြစ်မှာ မဟုတ်တော့ဘူး။ ဟိုးလွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတော့ လူတစ်ယောက်ကို နွေးတွေးရှင်းပြဖို့ ကြိုးစားခဲ့ဖူးတယ်။ ဒါပေမယ့်လည်း မမျှော်လင့်တာထားတာတွေ ဖြစ်လာခဲ့တဲ့အတွက် အဲဒီကဏ္ဍကြီးတစ်ခုလုံးကို နွေးလည်း မေ့ပစ်လိုက်ပါပြီ'

ခင်နွေးထွေးစကားကြောင့် ရန်နိုင် မျက်မှောင်ကျုံ့သွားရကာ ရင်ထဲမှာလည်း တင်းခနဲဖြစ်သွားရသည်။ ကော်ဖီဆိုင်တစ်ခု၏ သီးသန့်ခန်းထဲမှာ မိုးစက်ပုခုံးကို မှီနွဲ့နေသော ခင်နွေးထွေးပုံရိပ်က ရန်နိုင့်မျက်လုံးထဲမှာ ပြတ်ပြတ်သားသား မြင်ယောင်နေဆဲဆိုတာ ခင်နွေးထွေး မသိလေရော့သလား။ ရန်နိုင်ဖြင့် ခုပြန်တွေး ခုရင်ထဲ ရှက်မိသည်။ ခင်နွေးထွေးသည် ရန်နိုင်ဆိုသောလူတစ်ယောက်ကို ဘယ်အချိန် ဘယ်ကာလအထိ လှည့်ပတ်ဖျားယောင်းနေဦးမလဲ ရန်နိုင် ကြောက်မိသည်။

'အဲဒီတုန်းက ခင်နွေးထွေးနဲ့ကျွန်တော် ပြေရှင်းရမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမှာ ဒေါသမထိန်းနိုင်ဘဲ မဆီမဆိုင် မိုးစက်ကို ကျွန်တော် ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့မိတဲ့အတွက် ကျွန်တော် မိုးစက်ကို တွေ့ချင်တာပါ။ ကျွန်တော် သူ့ကို တောင်းပန်ချင်တယ်'

ခင်နွေးထွေးမျက်နှာကို စေ့စေ့ကြည့်ပြီး ပြောမိတော့ ခင်နွေးထွေးက မပွင့်တပွင့် တစ်ချက်ပြုံးပါသည်။

'သူ ရန်ကုန်ရောက်တဲ့အချိန် ကိုရန်နိုင့်ကို နွေးထွေး ပြောပါ့မယ်။ သူကလည်းတွေ့ချင်မှာပါ။ သြော်… မိတ်ဆက်ပေးရဦးမယ်။ ဒါ နွေးထွေးသူငယ်ချင်းပါ၊ 'မေ‥'တဲ့။ သြစတြေးလျကလာတာ၊ နွေးက သူ့ကို ပုဂံလိုက်ပို့ပေးတာလေ။ မေ… ဒါ နွေးမိတ်ဆွေ ကိုရန်နိုင်တဲ့'

ခင်နွေးထွေးက စကားလမ်းကြောင်းကို ပြောင်းချင်ဟန်ဖြင့် သူ့ဘေးနားမှအဖော်နှင့် မိတ်ဆက်ပေးပါသည်။ ရန်နိုင်က နှုတ်ဆက်ဖို့ ရည်ရွယ်လိုက်သော်လည်း သတင်းစာဖတ်နေရာမှ ရန်နိုင့်ကို သမန်ကာလျှံကာ တစ်ချက်လှမ်းကြည့် ခေါင်းညိတ်ပြပြီး ဖတ်နေသော သတင်းစာကို မျက်နှာပေါ်တင်ကာ အိပ်ဖို့ကြိုးစားရန် ပြင်တော့သည်။ တစ်မျိုးပါလားလို့ ရန်နိုင် တွေးလိုက်မိသည်။

အဲဒီနောက် ဘာစကားမှ ဆက်မပြောဖြစ်ဘဲ ထပ်မံငြိမ်သက်သွားကြပြန်လေသည်။ ရန်နိုင်သည် မျက်လုံးများကို အသာပိတ်လိုက်ရင်း ခင်နွေးထွေးစကားတွေကို စဉ်းစား



နေမိသည်။ သူတို့နှစ်ယောက်သည် ချစ်သူတွေမဟုတ်ခဲ့ဖူးသာဆိုသည် မိုးစက်ပုခုံးကို နွေးထွေး မှီနွဲ့နေခဲ့သည်ကို ရန်နိုင်ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည်ပဲ။ ပြီးတော့ မိုးစက် သြစတြေးလျပြန်သွားသည့်ကိစ္စမှာ နွေးထွေးက အဘယ်အကြောင်းအရာ၊ အဘယ်ကိစ္စနှင့် ကောက်ကောက်ပါအောင် လိုက်သွားခဲ့ရသည်လဲ။ အခုကျတော့လည်း ခင်နွေးထွေး၏ပုံစံက ဒါတွေသည် သူနှင့်ပဲမဆိုင်ခဲ့သလို၊ မပတ်သက်ခဲ့သလို အေးဆေးလွန်းလှသည်။

ကြားထဲမှာ ရန်နိုင် မသိရှိလိုက်သည့် လျှို့ဝှက်ချက်တစ်ခု ရှိခဲ့လား မခန့်မှန်းတတ်တော့။ စီးလာသောလေယာဉ်ပျံ မန္တလေးလေဆိပ်ရောက်သည်အထိ ရန်နိုင်နှင့်နွေးထွေး စကားထပ်ပြီး မပြောဖြစ်တော့ပေ။ လေယာဉ်ပျံပေါ်က ဆင်းခါနီးတွင် ခင်နွေးထွေးကို နှုတ်ဆက်သလိုတစ်ချက်ကြည့်ပြီး 'သွားမယ်'လို့ တစ်ခွန်းပဲပြောဖြစ်ကာ ထွက်လာခဲ့သည်။

တစ်ခါတစ်ရံတော့လည်း ရန်နိုင် စဉ်းစားမိတာတစ်ခု ရှိပါသည်။ ပြဿနာတက်သောအချိန်က မိုးစက် ရန်နိုင့်ကို ပြန်ကြည့်သော မျက်လုံးတို့တွင် မုန်းတီးမှု၊ လက်စားချေမှုတို့ ရောနှောပါဝင်သော ဒေါသတရား ပါဝင်ခဲ့ရင် သိပ်ကောင်းမည်လို့။ အဘယ့်ကြောင့်ဆိုသော် မိုးစက်၏ မျက်ဝန်းထဲတွင် ဒေါသတရားအစား ရန်နိုင် မမျှော်လင့်ထားခဲ့သည့် ခွင့်လွှတ်ကျေနပ်သော ခံစားမှုမျိုး (ဒါကလည်း

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင့်အထင်၊ ဟုတ်ချင်မှလည်း ဟုတ်ခဲ့မည်) သတိရမိတိုင်း အေးစက်စပြုနေပြီဖြစ်သော ရန်နိုင့်နှလုံးသွေးတွေ ပြန်ပြန်ပြီး ပူနွေးလာရသောကြောင့် ဖြစ်လေသည်။

❁

## အခန်း (၄၄)

မနက်ကတည်းက မဖတ်ရသေးသော သတင်းစာကို ညဘက်အိမ်ပြန်ရောက်မှ ဖတ်ဖြစ်မိသည့်အချိန်မှာတော့ နာရေးကြော်ငြာလေးတစ်ခုကို ရန်နိုင် သတိထားမိလေသည်။ ခင်နွေးထွေးအမေ၏ နာရေးကြော်ငြာ ဖြစ်သည်။ အသက် (၆၂) တဲ့။ မေမေ့ထက်တောင် ငယ်သေးတာပဲလို့ တစ်ဆက်တည်းတွေးမိသည်။ ခင်နွေးထွေး၏ညီမ ခင်နှင်းဖွေးနှင့် သူ့ခင်ပွန်းသည်နာမည်ပါ ပါသည်။ ဘယ်အချိန်က အိမ်ထောင်ကျသွားလဲတောင် ရန်နိုင် မသိလိုက်ပါ။ ခင်နွေးထွေးအမေနဲ့က ဟိုးတုန်းက ဘုရားပေါ်မှာပဲ သူမ မိတ်ဆက်ပေးဖူး၍ တစ်ခါပဲမြင်ဖူးပါသည်။ နာရေးမို့ မိတ်ဆွေတစ်ယောက်အနေနဲ့ သွားမေးရင် ကောင်းမလား စဉ်းစားမိသည်။ လိပ်စာကလည်း ခင်နွေးထွေး၏ အရင်လိပ်စာပဲ ဖြစ်သည်။

ချိုဖော်သိရင် ဘာတွေထနားညည်းဦးမလဲ မပြော

www.burmeseclassic.com

www.burmeseclassic.com



တတ်။ သံယောဇဉ်ကို မပြတ်နိုင်ဘူးလို့ ရှုတ်ချမှာတော့ အသေအချာပင်ဖြစ်သည်။ မန္တလေးကပြန်လာတာ နှစ်ပတ်ကျော်ပြီဖြစ်သော်လည်း ချိုဇော်ကို လေယာဉ်ပေါ်မှာ ခင်နွေးထွေးနှင့်ဆုံခဲ့ကြောင်း အခုထိ မပြောရသေး။ ပြောပြဖို့ကို နှုတ်က အလိုလိုလေးနေတာနှင့် မပြောဖြစ်တာ ဖြစ်သည်။ ရန်နိုင်လည်း ကိုယ့်ကိုယ်ကို အားမရဖြစ်နေပါသည်။ ခင်နွေးထွေးနှင့် ပတ်သက်လို့ ရင်ထဲမှာ ဟိုးတုန်းကစိတ်လို မြတ်နိုးစွာချစ်မိသည်မျိုး မရှိတော့တာ ယုံကြည်မိသော်လည်း ဘာရယ်လို့တော့မဟုတ်။ ခုလိုမျိုး ကိစ္စလေးတွေနှင့် တိုက်ဆိုင်ရင်တော့ သံယောဇဉ်က တိခနဲဖြတ်မရဖြစ်နေတတ်သည်။ ဒါကိုက ဘာမှန်းမသိပါ။

နောက်ဆုံးတော့ ရန်နိုင်သည် ဘာမှ ဟိုဟိုဒီဒီ လျှောက်စဉ်းစားမနေတော့ဘဲ နာရေးကိစ္စပဲ မိတ်ဆွေတစ်ယောက်အနေနဲ့ သွားမေးတာ ပြဿနာမရှိပါဘူးလေလို့ ကိုယ့်ကိုယ်ကို မဲပေးရင်း ထိုင်ရာမှထလိုက်သည်။ နောက်မှ ချိုဇော်သိလို့ အော်ချင်လည်းအော်ပေတော့။ သူက ကာယကံရှင်မဟုတ်တော့ ရန်နိုင့်လိုတော့ ခံစားတတ်လိမ့်မည်မထင်။

## အခန်း (၄၅)

ခင်နွေးထွေးအိမ်ရှေ့ရောက်တော့ အောက်ထပ် စတိုးဆိုင်လေးက ပိတ်ထားပြီး ကားနှစ်စီးရပ်ထားတာကို တွေ့ရသည်။ အပေါ်ထပ်ကို လှမ်းကြည့်မိတော့ အိမ်ထဲတွင် ဧည့်သည်များများစားစားရှိဟန်မတူပါ။ ရန်နိုင့်သည် ကားကို လမ်းဘေး သင့်တော်သည့်နေရာတစ်ခုတွင် ရပ်လိုက်ပြီး တိုက်ခန်းလေးဆီသို့ လျှောက်လာလိုက်သည်။ အိမ်အဝင်ဝပေါက်မှာ ရန်နိုင် ခြေချမိသည့်အချိန်မှာတော့ ခင်နွေးထွေးနှင့်ပင် တည့်တည့်တွေ့ပါသည်။ ညှိုးနွမ်းနေသည့်ကြားထဲကမှ ခင်နွေးထွေးသည် ရန်နိုင့်ကိုမြင်လိုက်သည့် အချိန်မှာတော့ မျက်နှာတစ်ချက် ဝင်းပသွားသည်ကို ရန်နိုင် သတိထားမိလိုက်သည်။ အိမ်ထဲမှာထိုင်နေသော ဧည့်သည်ဖြစ်ဟန်တူသည့် အဘွားကြီးတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်က ရန်နိုင်ရောက်လာတော့ ထပြန်ဖို့ပြင်ဆင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခင်နွေးထွေးသည် ပြန်မယ့်ဧည့်သည်တွေကို သိပ်ဂရုမစိုက်နိုင်တော့ဘဲ ရန်နိုင့်ကို ထွက်ကြိုပါသည်။

ဧည့်သည်တစ်ယောက်မှ မရှိသည့်အချိန်မှာတော့ ဧည့်ခန်းထဲက ကော်ဇောပေါ်တွင် ရန်နိုင်နှင့်နွေးထွေး နှစ်ယောက်တည်းသာ ကျန်ရစ်တော့သည်။ ကျန်သည့်အိမ်သားများကို နောက်ဖေးဘက်တွင် အရိပ်အယောင်တွေ့ရသော်လည်း အိမ်ရှေ့ဘက်ကိုတော့ ထွက်လာတာ မတွေ့ရပါ။ ခင်နွေးထွေးက ကွာစိပန်းကန်လေးကို ရှေ့အသာတိုးပေးရင်း-

'အခုလို တကူးတကလာမေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုရန်နိုင်'

'ကျွန်တော်လည်း ရုံးကပြန်လာမှ သတင်းစာဖတ်မိရင်းတွေ့လို့ ချက်ချင်းထလာတာပဲ။ စိတ်မကောင်းပါဘူးဗျာ'

'မေမေက ကျန်းကျန်းမာမာပါ။ ရုတ်တရက် ဦးနှောက်သွေးကြောပြတ်သလို ဖြစ်သွားတာ၊ သိပ်ပြီးတော့တော့ ဝေဒနာကို မခံစားသွားရဘူး ထင်ပါတယ်'

'ရက်လည်က ဘယ်တော့လဲ'

'ကြာသပတေးနေ့မှပါ။ မနက်ဖြန်တော့ သင်္ဂြိုဟ်မယ်။ မေကလည်း မနက်ဖြန်နေ့က် ပြန်မယ်လေ။ လေယာဉ်ပျံက မနက် (၆)နာရီကွင်းချိန်ဆိုတော့ သူ့ကိုတောင် နွေးလိုက်မပို့ပေးနိုင်တော့ဘူး'



'နွေးထွေးမေမေကိစ္စအတွက် ဘာလိုအပ်သေးလဲ။ ကျွန်တော် ဘာကူညီရမလဲ'

'အားလုံး ပြည့်စုံပါတယ် ကိုရန်နိုင်။ အခုလို လာတဲ့အတွက်ပဲ နွေး ကျေးဇူးတင်ပြီး ဝမ်းသာပါတယ်'

ခင်နွေးထွေးက ပြောပြီး ဝမ်းနည်းသွားသယောင် ခေါင်းကို အသာငုံ့လိုက်ပါသည်။ ဒီလိုအမူအရာမျိုး မြင်ရပြန်တော့လည်း ရန်နိုင့်ရင်ထဲ စိတ်မကောင်းပြန်။ ထိုအချိန်မှာပင် အိမ်ထဲသို့ ဧည့်သည်အဘိုးကြီးအဘွားကြီး လင်မယားနှစ်ယောက်နှင့် အမျိုးသမီးနှစ်ယောက် ထပ်ဝင်လာကြသည်။ ခင်နွေးထွေးအိမ်ဧည့်ခန်းက ခပ်ကျဉ်းကျဉ်းမို့ ရန်နိုင် ထပြန်ဖို့ ဟန်ပြင်လိုက်စဉ်မှာပင်-

'မပြန်ပါနဲ့ဦးလား ကိုရန်နိုင်။ ဘုရားခန်းမှာ ခဏထိုင်ပါဦးလား။ နွေး ကိုရန်နိုင်နဲ့ စကားပြောချင်သေးတယ်'

ခင်နွေးထွေး၏ ဟန့်တားမှုကြောင့် ရန်နိုင် အားနာစွာနှင့်ပင် ခေါင်းကို အသာညိတ်ပြလိုက်ကာ ကွာစိပန်းကန်လေးယူပြီး သူမညွှန်ပြသော ဧည့်ခန်းနှင့်ကပ်လျက် ဝရန်တာလေးဘက်ဆီသို့ ထွက်လာလိုက်သည်။ ဘုရားခန်းဆိုသောအရာက အိမ်ရှေ့ဝရန်တာလေးကို သစ်သားများနှင့် အလုံပိတ်ရိုက်ပြီး ပြတင်းပေါက်လေးဖောက်ထားခြင်း ဖြစ်သည်။ နေရာက ခပ်ကျဉ်းကျဉ်းမို့ ဝရန်တာဘက်ရောက်သည်နှင့် ဘုရားခန်းထဲမှာ အဆင်သင့်ထိုင်နေသော မိန်းတေစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့လိုက်ရသည်။ ခင်နွေးထွေးသူငယ်ချင်း မေဆိုသော အမျိုးသမီး ဖြစ်သည်။

ဘုရားခန်းမီးရောင် ခပ်မှိန်မှိန်အောက်မှာ သူမသည် စာအုပ်တစ်အုပ်ကို ဖတ်နေရာမှ ရန်နိုင်ဝင်လာတော့ တစ်ချက်မော့ကြည့်ပြီး သူ့စာအုပ်ကို ဆက်ဖတ်နေသည်။ မီးရောင်မှိန်မှိန်အောက်မှာ သဲသဲမဲမဲ စာအုပ်ဖတ်နေသော သူမကိုကြည့်ပြီး မျက်လုံးတွေတော့ ကန်းကုန်တော့မှာပဲလို့ တွေးရင်း သူမနှင့် မနီးမဝေးမှာပင် အသာထိုင်လိုက်သည်။ ခင်နွေးထွေး မိတ်ဆက်ထားပေးဖူး၍ သူမကို ရန်နိုင်သိထားသော်လည်း ပုံစံကြည့်ရသည်မှာ ရန်နိုင့်ကို သိပ်ခေါ်ခေါ်ပြောပြောလုပ်ချင်ပုံမရ၍ ရန်နိုင်ကလည်း မသိချင်ယောင်ဆောင်ကာ ခင်နွေးထွေးကိုစောင့်ရင်း ကွာစိတွေထိုင်ဝါးနေမိသည်။

ကွာစိစားရင်းနဲ့တော့ ဟိုကြည့်ဒီကြည့်နှင့် မျက်လုံးက သူမဆီ တစ်ချက်တစ်ချက် ရောက်သွားပါသဲည်။ အညိုရောင်ဖျော့ဖျော့ ဘလောက်စ်အင်္ကျီလက်ရှည်ကို အညိုရင့်ရင့်အပွင့်များ ရောနှောနေသောလုံချည်နှင့် တွဲဝတ်ထားသည်။ ပခုံးမထိတထိဆံပင်တို့က မျက်နှာပေါ်မှာ ကပိုကရိုဝေ့ဝဲကျနေသောကြောင့် မျက်နှာကိုတော့ တစ်ခြမ်းလောက်ပဲ ရန်နိုင်မြင်ရသည်။ မေဆိုသော အမျိုးသမီးသည် အသားဖြူပုံရပြီး အညိုဖျော့ဖျော့ဆေးဆိုးထားသော နှုတ်ခမ်းများက မာနကြီး



မည့်ပုံကို ဖော်ပြနေသည်။ ဘုရားခန်းထဲမှာ ရန်နိုင်နှင့် နှစ်ယောက်တည်းရှိနေတာကိုတောင်မှ ရန်နိုင့်ကို ဘစ်ချက်ကလေးဂရုမစိုက်ဘဲ သူ့စာအုပ်ကိုသာ စိတ်ဝင်တစား ဖတ်ရှုနေလေသည်။

ငါးမိနစ်လောက်ကြာတော့ ကွာစိတွေစားရသည်မှာ ပါးစပ်ကငန်လာသဖြင့် နံဘေးမှာ အဆင်သင့်တွေ့ရသော ငါးရာ့ငါးဆယ်နိပါတ်တော် စာအုပ်တစ်အုပ်ကို ဟိုလှန်ဒီလှန်လုပ်ရင်း အိမ်ရှေ့ကဧည့်သည်တွေကလည်း ပြန်ကြို မပြန်နိုင်သေးဘူးလို့ တွေးလိုက်မိသည်။ နာရီကိုကြည့်လိုက်တော့ (၈)နာရီထိုးဖို့ ဆယ့်ငါးမိနစ်သာ လိုတော့သည်။ (၈)နာရီထိုးလို့မှ ဧည့်သည်တွေမပြန်သေးဘူးဆိုရင်တော့ ထပြန်တော့မယ်လို့ ဆုံးဖြတ်ရင်း မျက်စိရှေ့တွေ့နေရသော နိပါတ်တော်တစ်ခုကို မေနည်းတူ မမြင်မကန်း ဖတ်နေလိုက်မိသည်။

စာကို ဘယ်လောက်ကြာကြာ စိတ်ဝင်တစား ဖတ်ရှုနေမိလဲ မသိလိုက်ခင်မှာပင် စာဖတ်နေရင်း ရန်နိုင့်စိတ်ထဲမှာ ကိုယ့်ကို တစ်ယောက်ယောက်က ကြည့်နေသလို စိတ်က ထင်ယောင်လာမိသည်။ ထို့ကြောင့် ရန်နိုင်သည် ငြိမ်သက်နေရာမှ ချက်ချင်းမလှုပ်ရှားသေးဘဲ ဖျတ်ခနဲဆို မေဆိုသော အမျိုးသမီးထိုင်နေရာဘက်သို့ လှမ်းကြည့်လိုက်သည်။

ခင်နွေးထွေး၏သူငယ်ချင်း 'မေ'ဆိုသော အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



သည် ရန်နိုင့်ကို စူးစူးစိုက်စိုက်ကြည့်နေရာမှ အမှတ်မထင် ရန်နိုင်နှင့် အကြည့်ချင်းသွားဆုံလေသည်။ သူမနှင့် တဒင်္ဂ အကြည့်ချင်းဆုံမိသည့် အချိန်မှာတော့ ရန်နိုင့်ရင်ထဲ ဒိတ်ခနဲဖြစ်သွားကာ လူက နေရထိုင်ရခက်သွားရသလို ဖြစ်သွားသည်။ မေ့ဓါ်မျက်ဝန်းတွေက ရန်နိုင်နှင့်သိကျွမ်းနေသယောင် ရင်းနှီးနေသယောင် ခံစားလိုက်ရသည်။ သူမက ရန်နိုင်နှင့် အကြည့်ချင်းဆုံမိသည်နှင့် ချက်ချင်းလိုလို မျက်လွှာချသွားသောကြောင့် သူမ၏အကြည့်တွေကို ရန်နိုင် ကြာကြာမဖတ်ရှုလိုက်ရပါ။ တစ်နေရာရာမှာ ဆုံဖူးသလားလို့ တွေးကြည့်မိပြန်တော့လည်း မဟုတ်နိုင်ပါ။ သုံးမိနစ်လောက် ထိုနေရာမှာထိုင်ပြီး ရန်နိုင် ခေါင်းစားအပြီးမှာတော့ ပြန်ဖို့ နေရာက ထလိုက်သည်။ ခင်နွေးထွေးရဲ့ညီ့သည်တွေက မပြန်ကြသေး။

ဘုရားခန်းထဲမှ ရန်နိုင် ပြန်ထွက်လာသည်ကိုမြင်တော့ ခင်နွေးထွေးက အားနာစွာဖြင့် ထရပ်လိုက်ရင်း 'ပြန်တော့မလို့လား' လို့ မေးသည်။ ရန်နိုင်က အသာခေါင်းညိတ်ပြရင်း 'လိုတာရှိရင်ပြောပါ' လို့ ဝတ္တရားကျေပြောလိုက်မိသည်။ ဖိနပ်ကို ကောက်အစီးမှာတော့ မျက်လုံးက ဘာရယ်မဟုတ်။ အဝင်ဝနှင့် မျက်နှာချင်းဆိုင် ဧည့်ခန်းထောင့်ရှိ စင်တစ်ခုပေါ်မှ ပန်းအိုးတစ်အိုးကို သွားမြင်လိုက်လေသည်။ ပန်းအိုးထဲရှိပန်းများကို သေချာဂရုတစိုက်ကြည့်မိသည့်အခါ



မှာတော့ ရန်နိုင့်ရင်ထဲ တော်တော်အံ့သြသွားရလေသည်။

အိမ်ထဲကို ဝင်လာကာစက ထိုပန်းအိုးဘက်ကို ရန်နိုင် ကျောပေးထိုင်မိလျက်သား ဖြစ်သွားခဲ့၍ ထိုပန်းအိုးကို ရန်နိုင် သတိမထားမိခဲ့ခြင်း ဖြစ်သည်။ ယခု ပန်းအိုးပေါ်မှ ပန်းများကို အမြင်မှာတော့ ရန်နိုင်သည် ပန်းများကို တစ်လှည့်၊ ခင်နွေးထွေးမျက်နှာကို တစ်လှည့်ကြည့်ရင်း ဘယ်ကစမေးရင် ကောင်းမလဲဆိုတာကို အပြေးအလွှား စဉ်းစားနေမိသည်။ အဘယ့်ကြောင့်ဆိုသော် ခင်နွေးထွေး အိမ်ဧည့်ခန်းထောင့်မှာရှိနေသော ပန်းအိုးထဲမှ ပန်းခြောက်များက နှစ်တိုင်း ရန်နိုင့်မွေးနေ့တွင် ရောက်လာသော ပန်းစည်းခြောက်များနှင့် တစ်ပုံစံတည်းဖြစ်နေသောကြောင့် ဖြစ်နေလေသည်။ ရန်နိုင်သည် တစ်စုံတစ်ရာကို မျှော်လင့်ကာဖြင့် စကားစလိုက်သည်။

'နွေးထွေး'

'ရှင်'

'အဲဒီပန်းခြောက်တွေက နွေးထွေး ဝယ်ထားတာတွေလား'

ရန်နိုင့်မေးခွန်းကြောင့် ခင်နွေးထွေးမျက်နှာ ရှက်သွားမလား၊ ဒါမှမဟုတ် တစ်ခုခုကို လိမ်ပြောဖို့ ကြိုးစားလိုက်မလားလို့ ရန်နိုင် ကြိုတွေးလိုက်ပါသည်။ သို့ပေမယ့်လည်း ရန်နိုင့်အတွေး တက်တက်စင်အောင် မှားပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ရန့်နိုင် ထိုမေးခွန်းကိုမေးလိုက်တာနှင့် ခင်နွေးထွေး၏မျက်နှာသည် သိသိသာသာ ပျက်ယွင်းသွားကာ တစ်စုံတစ်ရာကို စိုးရိမ်သွားပုံနှင့် ရန့်နိုင့်ကို မျက်လုံးဝိုင်းကြီးများနှင့် ကြောင်ငေးလို့ကြည့်နေလေသည်။ ခဏနေတော့မှ ခင်နွေးထွေးသည် မျက်လုံးကိုလွှဲ၊ ခေါင်းကိုငုံ့ရင်း တစ်လုံးချင်းဖြေသည်။

'နွေးကို မေ လက်ဆောင်ပေးထားတာပါ' တဲ့။

ရန့်နိုင် ခင်နွေးထွေးကို ထပ်နှုတ်မဆက်ဖြစ်တော့ဘဲ လှေကားပေါ်မှ ဆင်းဖြစ်ခဲ့သည် ထင်သည်။

✿

## အခန်း (၄၆)

မိုးစက်သည် ရန့်နိုင့်ကို စူးစူးစိုက်စိုက်ကြီးကို ကြည့်နေလေသည်။ စကားလက်ဆုံပြောနေကြသော်လည်း ပထမ ရန့်နိုင်သည် မိုးစက်ကို ဘယ်သူမှန်းမသိ မမှတ်မိဘဲရှိနေသည်။ သောက်လိုက်စားလိုက်နှင့် နည်းနည်းလေး အရှိန်ရလာတော့မှ ကိုယ် စကားပြောနေသောသူသည် မိုးစက်ဖြစ်နေခဲ့ပြီး ရန့်နိုင့်ကိုကြည့်နေသည့်ပုံစံမှာ ယောက်ျားချင်းတောင် တုန်လှုပ်စရာကောင်းသွားလေသည်။

မိုးစက်မျက်လုံးတွေက ရန့်နိုင့်အပေါ် မကျေမနပ်ဖြစ်နေမှန်း သိသာထင်ရှားလွန်းလှသည်။ ရန့်နိုင်သည် မူးနေသော်လည်း မိုးစက်ကို တောင်းပန်ဖို့ ချက်ချင်းသတိရလိုက်သည်။ ရန့်နိုင် စကားပြောဖို့ ဟန်ပြင်လိုက်စဉ်မှာပင် မိုးစက်သည် ရန့်နိုင်ရှေ့မှ ထထွက်သွားလေသည်။ ရုတ်တရက်မို့ ရန့်နိုင်သည် ကြောင်ပြီးကြည့်နေမိသေးသည်။ နောက်မှ မိုး

www.burmeseclassic.com

www.burmeseclassic.com



စက်နောက်သို့ ချက်ချင်းထလိုက်တော့ များပြားလှသော လူတွေကြားထဲမှာ မိုးစက်ကိုရှာလို့မတွေ့တော့။ ပိတ်ဆို့နေသော လူတွေကို အတင်းတိုးဖယ်ရင်း မျက်လုံးတွေကိုလည်း တစ်ချက်ကလေးမှ အနားမပေးဘဲ ပျောက်သွားသော မိုးစက်ကို သဲကြီးမဲကြီး လိုက်ရှာမိသည်။ ဒါပေမယ့်လည်း လူတွေအများကြီးထဲမှာ မိုးစက်ကို အရိပ်အယောင်တောင် မတွေ့ရတော့။

ရန်နိုင်သည် များလွန်းလှသောလူတွေကို ဒေါသတကြီးကြည့်ရင်း ဒီလူတွေကြောင့် မိုးစက်ပျောက်သွားတာလို့ မဆီမဆိုင် အပြစ်တင်နေမိသည်။ လူအုပ်ထဲမှာ တိုးဝှေ့ခဲ့ရသဖြင့် ရန်နိုင့်တစ်ကိုယ်လုံး ချွေးတွေကလည်း ပြန်နေသည်။ သောက်ထားသောအရှိန်က ဘယ်ရှာရမှန်းမသိတော့ပေမယ့် ရင်ဘတ်ထဲမှာတော့ မီးခဲမျိုထားရသလို ပူလောင်ရင်း မောဟိုက်လို့နေလေသည်။

ရင်ထဲကအပူကို တဒင်္ဂခဏ ယှဉ်လျှောရင်း စိတ်ထဲမှာတော့ မိုးစက်ကိုပဲ လိုလားစွာ တွေ့ချင်နေမိသည်။ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနေတာတောင် မမှတ်မိတဲ့ ကိုယ့်ကိုယ်ကိုလည်း အပြစ်တင်နေမိသည်။ တွေ့ကဲ့ အချိန်မှာ ရန်နိုင် တောင်းပန်ခွင့်ရလိုက်ရင် နောက်နေ့တွေမှာ ရန်နိုင် ကောင်းကောင်းအိပ်ပျော်နိုင်လိမ့်မည်လို့ ယူဆသည်။ ကျွန်တော် ညဘက်တွေ အိပ်လို့မပျော်နိုင်ဟာ ခင်ဗျားကြောင့်



လို့ ပါးစပ်မှ တတွတ်တွတ် ရေရွတ်နေမိပြန်သည်။

နောက်ဆုံးမှာတော့ ရန်နိုင်သည် ရှာလို့မတွေ့သည့် အဆုံး လက်မလျှော့ချင်ဘဲ လူတွေကို တိုးဝှေ့ပြီး ကိုယ့်စားပွဲဆီသို့ ဖြည်းလေးစွာ ပြန်လာခဲ့သည်။

လူတွေ၏ စကားပြောသံ၊ အော်ဟစ်ရယ်မောသံတွေက ရန်နိုင့်နားထဲ ကျယ်လောင်လွန်းနေသည်။ ရင်ထဲမှာ ပိုမောပန်းလာသလို ခံစားရကာ ပူလောင်လွန်းလှသဖြင့် ရေတစ်ခွက်လောက် သောက်ရရင် သိပ်ကောင်းမှာပဲ လို့ ဆာလောင်မွတ်သိပ်စွာ တောင့်တလိုက်သည်။ ပုလင်းတွေခွက်တွေအားလုံးကို ရေသောက်ချင်သည့်ဓာဖြင့် အငမ်းမရလိုက်ကြည့်မိပြန်တော့ အားလုံးသည် အရက်တွေ၊ ဖျော်ရည်ရောင်စုံတွေချည်း ဖြစ်လို့နေပြန်သည်။

မိုးစက်ကိုရှာမတွေ့လို့ စိတ်ညစ်ရတာကတစ်မျိုး၊ ရေအရမ်းငတ်လို့ စိတ်ပင်ပန်းရတာကတစ်မျိုးတို့ကြောင့် ရန်နိုင်သည် လမ်းလျှောက်နေရာမှ အားမရှိတော့ဘဲ လမ်းဘေးကမြက်ခင်းကို အနားသတ်ထားသော အုတ်ဘောင်လေးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချမိလိုက်သည်။

မိုးစက်ရေ ခင်ဗျားကို တွေ့ချင်တယ်ဗျာ။

ရေ… ရေသောက်ချင်လိုက်တာ။

အရူးတစ်ယောက်လို ရန်နိုင် ရေရွတ်နေမိလား မဝေခွဲတတ်လောက်အောင်ကို လူက ခွန်အားမဲ့စွာ မှုးဝေလာ၍

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ အသက်ကိုရှူလို့ကလည်း မဝတော့။

ထိုအချိန်မှာပင် ရန်နိုင့်မျက်နှာရှေ့သို့ ရေခဲတုံးလေးတွေ ပလုံစီနေသော ရေခဲရေခွက်ကလေးတစ်ခု ရောက်ရှိလာလေသည်။ ရန်နိုင်သည် လိုချင်တာကို ရသွားသော ကလေးငယ်တစ်ယောက်လို ရေခဲရေခွက်ကို ဝမ်းသာအားရ လှမ်းဆွဲယူရင်း အသက်တောင်မရှူနိုင်ဘဲ တဂွပ်ဂွပ်နှင့် သောက်ချလိုက်လေသည်။

အား… ခုမှပဲ ရင်ထဲအေးသွားတော့တယ်လို့တွေးရင်း ရေလာပေးသောသူကို မော့ကြည့်လိုက်သည့်အခါမှာတော့ ရန်နိုင် အသေအလဲလိုက်ရှာနေသော မိုးစက် ဖြစ်နေလေသည်။ ခုနက မှုးဝေတာတွေ၊ မောဟိုက်တာတွေ ပျောက်သွားလောက်အောင် ရန်နိုင်သည် မိုးစက်မျက်နှာကို အမြင်မှာ ဝမ်းသာအားရ လန်းဆန်းတက်ကြွသွားရင်း ထိုင်နေရာမှ ကမန်းကတန်း ထရပ်လိုက်သည်။

မိုးစက်သည် ရန်နိုင်နှင့် မျက်နှာချင်းဆိုင်မှာ ခပ်ပြုံးပြုံးဖြင့် ရန်နိုင့်ကိုကြည့်လို့နေသည်။ သူ့အကြည့်တွေက နူးညံ့သိမ်မွေ့စွာ အေးချမ်းလွန်းလှသည်လို့ ရန်နိုင် ထင်မိသည်။ စောစောပိုင်းက တွေ့ခဲ့ရသည့် မကျေချမ်းနိုင်သည့် မျက်လုံးများ မဟုတ်တော့။ ပြီးတော့ နှုတ်ခမ်းပေါ်မှာ ထင်ဟပ်နေသည့် အပြုံးကလည်း ကြင်နာတတ်သော အပြုံးဖြစ်နေလေသည်။



ဒီတစ်ခါတော့ ရန်နိုင်သည် အချိန်ဆွဲမနေတော့ဘဲ သူ့လက်ကိုဖမ်းဆွဲကာ ကျေးဇူးတင်ကြောင်း အရင်ပြောလိုက်သည်။ ဖြစ်ခဲ့သောပြဿနာတွေမှာ ကျွန်တော် ဒေါသကြီးသွားလို့မှားခဲ့တယ်လို့ ဆက်ပြီး တောင်းပန်စကားအပြောမှာတော့ အပြစ်ရှိသူတစ်ယောက်မို့ ရန်နိုင့်မှာ မျက်နှာချင်းမဆိုင်ဝံ့ဘဲ ခေါင်းကိုငုံ့ပြီး ပြောလိုက်မိသည်။

နှုတ်က တောင်းပန်စကားတွေ တတွတ်တွတ်နှင့် ဘာတွေပြောနေမိလဲ ရန်နိုင် မှတ်မထားမိသည့်အချိန်မှာပင် ရန်နိုင့်မျက်လုံးတို့က ကိုယ် လှမ်းဆွဲကိုင်ထားသည့် မိုးစက်၏လက်ချောင်းများကို သွားပြီး သတိထားမိလေသည်။

မိုးစက်၏လက်ချောင်းများသည် ဖြူဖြူသွယ်သွယ်နှင့် မိန်းမတစ်ယောက်၏ လက်ချောင်းလေးတွေလို နူးညံ့လှပလွန်းလှသည်။ တစ်သက်လုံး ဘာမှ ပင်ပင်ပန်းပန်း မလုပ်ရတော့လည်း လှမှာပေါ့လေလို့တွေးရင်း ယောက်ျားချင်းတောင် သဘောကျသွားရသည်။

ရန်နိုင်သည် ကိုယ့်အတွေးကို ကျေနပ်စွာ ပြုံးလိုက်ရင်းမှ မိုးစက်မျက်နှာကို မော့ကြည့်မိသည်။ ထို မော့ကြည့်လိုက်မိသည့် စက္ကန့်ပိုင်း၊ မိနစ်ပိုင်း၊ အချိန်ပိုင်းလေးအတွင်းမှာတော့ ရန်နိုင့်ခန္ဓာကိုယ်အတွင်းပိုင်းရှိ အူတွေ၊ အသည်းနှလုံးတွေ တစ်ခုမှမရှိတော့သလို ခံစားလိုက်ရကာ လူက လွင့်ခနဲဖြစ်သွားပြီး လူတစ်ကိုယ်လုံး ဟာလာဟင်းလင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေသည်။

ရန်နိုင်သည် မိမိကိုင်ထားသော လက်ချောင်းများကို ကမန်းကတန်းလွှတ်ချရင်း မျက်နှာရှေ့မှမြင်နေရသော မျက်နှာတစ်ခုကို စေ့စေ့ကြည့်ကာ အလန့်တကြား စူးစူးဝါးဝါး တစ်ချက်အော်လိုက်မိသည်။ အဘယ်ကြောင့်ဆိုသော် ရန်နိုင်ကိုင်ထားမိသော လက်ချောင်းပိုင်ရှင်တို့သည် မိုးစက်မဟုတ်တော့ဘဲ ရန်နိုင်သိသည့် မိန်းမတစ်ယောက်ဖြစ်နေသော ကြောင့် ဖြစ်လေသည်။

✿

## အခန်း (၄၇)

ကားမောင်းနေသော အရှိန်နှုန်းက သိပ်မြန်နေပြီမှန်း ရန်နိုင် သိနေသော်လည်း လီဗာကိုလျှော့ချလိုက်ဖို့ ရန်နိုင် စိတ်မကူးမိပါ။ နာရီကိုကြည့်လိုက်တော့ မနက်(၆)နာရီထိုးဖို့ ငါးမိနစ်သာ လိုတော့သည်။ မိမှမိပါ့မလားဆိုသော အသိစိတ်က လူကို ကတုန်ကယင်ကြီး ဖြစ်သွားစေရင်း လီဗာကို ထပ်နင်းမိသည်။

နှင်းငွေ့ဝေနေသော မနက်စောစောပိုင်းဖြစ်သော်လည်း ညဝတ်အကျႌလက်ရှည်က ချွေးတို့ဖြင့် ရွဲနစ်နေလေပြီ။ ဖရိုဖရဲကျနေသော ဆံပင်တို့ကလည်း မဖီးသင်ထားမှန်း သိသာနေမှာ သေချာပါသည်။

အိပ်ရာကနိုးနိုးချင်း လူတစ်ကိုယ်လုံး နတ်ပူးထားသလို တုန်တုန်ရီရီဖြစ်နေခဲ့ကာ နှစ်မိနစ်လောက် ဆောက်တည်ရာမရ ဖြစ်နေခဲ့သည်။ သတိနှင့်လူကပ်သည့် အခါမှ

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ရန်နိုင်သည် ညဝတ်အဝတ်အစားပင် မလဲ၊ မျက်နှာလည်းမသစ်ဘဲနှင့် ကားကိုသာမှာ အရှိန်ပြင်းပြင်းနှင့် တစ်နေရာကို ဦးတည်မောင်းနှင်နေပြီ ဖြစ်သည်။

မရောက်နိုင်သောခရီးကို အလိုမကျရင်း မမီခဲ့ရင်ဆိုသောအသိက ထပ်ဝင်လာပြန်တော့ လူက ထူးထူးဆန်းဆန်းဝမ်းနည်းစွာဖြင့် ငိုချင်သွားရလေသည်။ ရင်ထဲမှာ ခံစားနေရသော ဝေဒနာက လူကို တဒင်္ဂခဏအတွင်းမှာပင် ပြိုလဲသွားစေနိုင်ပါသည်။ မျှော်လင့်ချက်တစ်ခုကြောင့် မနည်းအားတင်းထားရသော်လည်း လူက သိပ်ပြီး ခံနိုင်ရည်မရှိတော့သလို ဖြစ်နေရသည်။

ရန်နိုင့်ကားလေးသည် မင်္ဂလာဒုံလေယာဉ်ကွင်းကို အရောက်မှာတော့ ကားကို အဆောက်အအုံရှေ့မှာပင် အမြန်ဆုံးထိုးရပ်ရင်း အထဲကို အမောတကော ပြေးဝင်လိုက်မိသည်။ အဝင်ပေါက်မှ တာဝန်ရှိသူက ဖရိုဖရဲ ပြူးတူးပြာတာဖြစ်နေသော ရန်နိုင်ကို ချက်ချင်းပေးမဝင်သဖြင့် ရန်နိုင့်မှာ မနည်းကို ရှိခိုးဦးတင် ရှင်းပြလိုက်ရပြီး dcparture ဘက်ကို ခြေလှမ်းကျဲကျဲဖြင့် ပြေးလာခဲ့မိသည်။ ဥဒဟိုသွားလာနေသော လူတွေကြားထဲမှာ ရန်နိုင် တွေ့ချင်သောသူကို အလောတကြီးရှာမိသည်။

အဝင်ဝမှာရှိနေသော လူတချို့က အထဲကိုတောင်ရောက်နေကြပြီ။ အထဲထိတော့ ရန်နိုင် လိုက်ဝင်လို့မရနိုင်



မှန်းသိသောကြောင့် ရန်နိုင် စိတ်ဓာတ်ကျသွားရသည်။

ထိုအချိန်မှာပင် အထဲဘက်၌ ကျောပေးရပ်နေသော လူတစ်ယောက်ကို ရန်နိုင် ရှာဖွေတွေ့ရှိသွားလေသည်။ သူသည် အဖြူဆွတ်ဆွတ်ဘလောက်စ်အင်္ကျီလက်ရှည်ကို အနက်ရောင် စတိုင်လ်ဘောင်းဘီနှင့် သေသေသပ်သပ်ဝတ်ထားပြီး ခပ်ကြီးကြီးပိုက်ဆံအိတ်အနက်ရောင်ကို ပခုံးပေါ်မှာ ချိတ်ထားကာ လူတွေကြားထဲတွင် ထင်ထင်ရှားရှားရှိလို့နေသည်။ ပခုံးထိနေသော ဆံပင်ခပ်ဝဲဝဲကို ဒီအတိုင်းချထားပြီး ရန်နိုင်ရှိရာ အဝင်ပေါက်ဘက်ကို ကျောပေးကာ လက်ပိုက်ရပ်လို့နေသည်။

ရန်နိုင်သည် ကိုယ်အတွေ့ချင်ဆုံးလူကို တွေ့မြင်လိုက်ရသည့်အချိန်တွင် ဝမ်းသာစိတ်ကြောင့် ရင်ထဲမှာ ဆို့နင့်ကာ မျက်ရည်များပါ ဝဲလို့လာရသည်။ စိတ်ထဲမှလည်း ခုချိန်မှာ ကျွန်တော် အားလုံးကိုနားလည်လို့ရသွားပါပြီဆိုတာကိုလည်း လူတွေအားလုံးကြားအောင် ဖွင့်အော်ပစ်လိုက်ချင်သည်။ ရန်နိုင်သည် အချိန်တွေကုန်အောင် လုပ်မနေတော့ဘဲ လှုပ်ရှားတုန်ရီနေသောစိတ်ကို အမြန်ဆုံးတည်ငြိမ်အောင်ပြန်စုစည်းရင်း လူတွေအားလုံး ကြားနိုင်လောက်အောင် သူ့နာမည်ကို ခပ်ကျယ်ကျယ်ပင် အော်ခေါ်လိုက်မိသည်။

'မိုးစက်'

အသံကြောင့် လူတွေအားလုံး ရန်နိုင့်ကို ဝိုင်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြသလို ရန်နိုင် မျှော်လင့်ထားသောသူကလည်း ဖြည်းလေးစွာ ရန်နိုင့်ဘက်ကို လှည့်ကြည့်ပါသည်။ နှစ်ယောက်သားအကြည့်ချင်းဆုံမိသည့် တဒင်္ဂခဏမှာတော့ တစ်လောကလုံးသည် အံ့သြစရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

❁

## အဖွင့် (၃)

ယုံကြည်၍… ခံစားရသည်…
ခံစားရ၍… ယုံကြည်သည်…

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၈)

ကျွန်မ သူ့ကိုစတွေ့တုန်းက မိတ်ဆွေတစ်ယောက်၏ ညစာစားပွဲတစ်ခုမှာ တွေ့ခြင်းဖြစ်သည်။ အဲဒီညက ထမင်းစားပွဲအပြီး ဟိုတယ်ထဲမှကလပ်ကို အားလုံးချီတက်ကြသောကြောင့် ကျွန်မလည်း ပျင်းပျင်းရှိတာနှင့် ကလပ်ထဲရောက်လာခဲ့ရသည်။ ကလပ်ထဲရောက်တော့ fashion show တစ်ခုကလည်း အဆင်သင့်ရှိနေတာနှင့် အချိုရည်တစ်ခွက်ကိုင်ကာ စိတ်ဝင်တစားကြည့်နေမိသည်။

မှုန်ဝါးဝါးမီးရောင်အောက်မှာ ဆေးလိပ်နံ့၊ အရက်နံ့တွေက မွှန်ထူနေတာကြောင့် ခဏနေရင်တော့ ပြန်မှပဲလို့ စဉ်းစားမိလိုက်သောအချိန်တွင် သူသည် ကျွန်မအနားသို့ တိတ်ဆိတ်စွာ ရောက်လာခဲ့လေသည်။

တိုင်လုံးကြီးကို ကျောမှီထိုင်နေသော ကျွန်မအနားကို သူ ရောက်လာချိန်တွင် အရက်နံ့ထောင်းခနဲ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို သတိထားလိုက်မိသော်လည်း သူ့မျက်နှာကို မြင်ရသောအချိန်မှာတော့ ပြုံးချိုနေသောကြောင့် အရက်သောက်ထားတာမှ ဟုတ်ရဲ့လားလို့ သံသယဖြစ်လိုက်မိသည်။

ထိုညက သူသည် ဘာစိတ်ကူးပေါက်သည် မသိ။ သူနှင့်လည်း မရင်းနှီးသော ကျွန်မကို တကယ့်ငယ်ပေါင်းကြီးဖော်သဖွယ် စကားတွေ ဖွယ်ဖွယ်ရာရာ အများကြီးပြောတော့သည်။ ပထမ ကျွန်မ သူ့စကားတွေကို စိတ်မဝင်စားလှသော်လည်း နားထောင်ရင်း၊ နားထောင်ရင်းနှင့် သူ့စကားများသည် ကျွန်မနားထဲတွင် ယဉ်ပါးလာကာ အံ့သြစရာကောင်းလောက်အောင် ကျွန်မ သူ့ကို ချက်ချင်း ခင်မင်သွားမိလေသည်။

မီးရောင်မှိန်မှိန်အောက်မှာ ကျွန်မကိုမကြည့်ဘဲစကားပြောနေသော သူ့မျက်နှာကိုခိုးကြည့်ရင်း ကျွန်မရင်တွေ ခုန်လာသလို ခံစားခဲ့ရသည်။ ညဘက် ကလပ်မို့ ဘောင်းဘီတွေ၊ တီရှပ်တွေ၊ ကုတ်အင်္ကျီတွေကြားမှာ သူသည် အနက်ရောင်တိုက်ပုံအင်္ကျီနှင့် ပုဆိုးကိုဝတ်ထားကာ (ကျွန်မမျက်လုံးထဲတော့) အားလုံးထဲတွင် ထင်ရှားလို့နေလေသည်။ မသပ်မရပ် ဖီးသင်ထားသော ဆံပင်ခွေခွေတို့က နဖူးပေါ်တွင် ကပိုကရိုကျနေကြကာ ထင်ရှားသောနှာတံနှင့် ခပ်ပါးပါးနှုတ်ခမ်းအစုံက သူ့စိတ်အတွင်းသဏ္ဌာန်ကို လှစ်ဟပြသလိုဖြစ်နေလေသည်။



၁

သူနှင့်စကားပြောရင်းမှ သူ့နာမည် 'ရန်နိုင်' ဆိုတာကို ကျွန်မ သိခွင့်ရတော့ မကြာခင်ကမှ ကျွန်မ လွဲယူလိုက်သည့် ပိတောက်ခွာညို အိမ်ရာစီမံကိန်းမှ ကျွန်မနှင့်အတူ အလုပ်တွဲလုပ်မည့် ပါတနာနှစ်ဦးအနက်မှ တစ်ဦးဆိုတာကို သိလိုက်ရလေသည်။

ကျွန်မကသာ သူ့ကိုနာမည်တွေမေး၊ မွေးနေ့တွေမေးနှင့် မသိမသာ သူ့အကြောင်းတွေ အစ်အောက်ထုတ်နေမိသော်လည်း သူကတော့ ကျွန်မအကြောင်း တစ်ခွန်းတလေမှ မေးမသွားခဲ့ပါ။ ကျွန်မကတော့ သူသည် ကိုယ်နှင့်အတူ အလုပ်လုပ်ရမည့်သူမှန်း သိသည့်အချိန်ကစ၍ သူ့ကို ပိုလို့ ဂိုးလို့ စိတ်ဝင်စားသွားရလေသည်။

ထိုညက သူသောက်တာ သိပ်များနေပြီဖြစ်သော်လည်း သူ့ကို ကျွန်မ တစ်ခွန်းမှ မဟန့်တားဖြစ်ခဲ့လိုက်ပါ။ အဘယ်ကြောင့်ဆိုသော် အရက်မူးနေသော သူ့အမူအရာ၊ သူ့အသွင်အပြင်သည် ကလေးတစ်ယောက်နှယ် ဖြူစင်ကာ အပြစ်ကင်းနေသောကြောင့် ဖြစ်ပါသည်။

အပြန် ဘယ်လိုမှ ကားမမောင်းနိုင်တာကို ကျွန်မ ရိပ်မိသောကြောင့် ကျွန်မက လိုက်ပို့ပေးဖို့ပြင်တော့ ကိုတိုး ကျော်ရောက်လာပြီး ကျွန်မကို အားနာစွာဖြင့် သူပဲပြန်ပို့ပေးမယ်ပြောပြီး ထိုညက လမ်းခွဲဖြစ်လိုက်ပါသည်။

ထိုညက အိမ်အပြန်ကားမောင်းရင်း အိပ်နေသော

www.burmeseclassic.com

www.burmeseclassic.com



မိန္ဒေးကို အတင်းဖုန်းဆက်နှိုးကာ သူနှင့်ဆုံခဲ့သည့်အကြောင်း စိတ်လိုလက်ရ ပြောပြနေခဲ့မိသည်။

ကျွန်မစိတ်ကြိုက် ဖန်တီးထားခဲ့သော ကျွန်မ၏ဘဝလေးသည် သူနှင့်တွေ့သောအချိန်မှစ၍ တဖြည်းဖြည်း ပြောင်းလဲမှန်းမသိ ပြောင်းလဲလာခဲ့ရလေသည်။

## အခန်း (၄၉)

ကျွန်မ သူတို့လုပ်ငန်းခွင်ထဲကို စဝင်သောနေ့သည် သူ၏ (၃၂)နှစ်မြောက်မွေးနေ့ ဖြစ်နေခဲ့သည်။ ထိုနေ့က သူ ရုံးကို နောက်ကျမှရောက်လာမည်ဆိုသည်ကို ကျွန်မ ကြိုတင် သိရှိနေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့ မနက်စောစောကပင် ကျွန်မသည် သူ့အတွက် ကျွန်မကိုယ်တိုင် စည်းနှောင်ထားသော ပန်းစည်းတစ်စည်းကို မွေးနေ့ လက်ဆောင်အဖြစ် သူ့ခြံဝတွင် သွားထားခဲ့သောကြောင့် ဖြစ်သည်။

ထိုနေ့က ရုံးနောက်ကျသည့်အတွက် ကိုချိုဇော်က ကျွန်မတို့ကို အားနာနေသလို ကျွန်မကလည်း သူ့ကို ဒုတိယ အကြိမ် ပြန်ဆုံခွင့်ရတော့မည်ကိုတွေးရင်း ရင်ထဲမှာ ပျော်နေမိသည်။

သူ ရောက်လာသည့်အချိန်မှာတော့ သူ့မျက်နှာသည်

www.burmeseclassic.com

www.burmeseclassic.com



ဟိုနေ့ညက ဆုံခဲ့သောမျက်နှာမျိုးမဟုတ်ဘဲ တကယ့်ကို တည်တည်တံ့တံ့နှင့် ခံ့ညားလို့နေလေသည်။ ကျွန်မတို့နှင့် မိတ်ဆက်ပေးသည့်အခါမှာတော့ သူသည် မမျှော်လင့်ဘဲ ကျွန်မ၏အချစ်ဆုံးသူငယ်ချင်းလည်းဖြစ်သော၊ စက္ကူတောရိ လည်းဖြစ်သော ခင်နွေးထွေးကို စိတ်ဝင်တစားရှိနေသည့် အရိပ်အယောင်ကို ကျွန်မ သတိထားမိလိုက်လေသည်။

အဲဒီနေ့က အစည်းအဝေးကအပြန် ကားပေါ်တွင် ကျွန်မသည် စကားနည်းစွာဖြင့် စိတ်ထဲမှာလည်း တစ်စုံ တစ်ရာကို လက်လွှတ်ဆုံးရှုံးရမှာကို ကြိုတင်ကြောက်ရွံ့ နေမိလေသည်။

❁

## အခန်း (၅၀)

ကိုချိုဖော်တို့ညှော်ခံပွဲမှာ သူနှင့်ကျွန်မ စကားပြောဖြစ် သည့်အချိန်မှာတော့ ကျွန်မသည် သူများ သတိရကောင်းရဲ့ မျှော်လင့်ချက်ဖြင့် ကလပ်မှာဆုံခဲ့သည့်အကြောင်းအရာလေး ကို အစဖော်ပြီး ပြန်လည်ပြောပြခဲ့သည်။

ဝမ်းနည်းစရာကောင်းသည်မှာ သူသည် ကျွန်မနှင့် ဆုံတွေ့ခဲ့သည့်ညလေးကို လုံးဝမမှတ်မိဘဲ ရှိနေခဲ့သည်။

သို့ပေမယ့်လည်း ကျွန်မပြောသောစကားတို့ကို သူ အချိန်ကြာကြာ အားနာစွာဖြင့် နားထောင်ပေးခဲ့သည့်အတွက် ကျွန်မ ကျေနပ်ခဲ့ရပါသည်။

ကျွန်မဘဝထဲတွင် သူသည် မထင်မှတ်ဘဲ အချိန် ခဏလေးအတွင်းမှာ အရေးပါလာခြင်းသည် သေသေချာချာ တွေးကြည့်လျှင် ကျွန်မအတွက် စိုးရိမ်စရာကောင်းသော် လည်း ထိုအချိန်ကမူ ကျွန်မသည် အလကားနေရင်း ရင်ခုန် တက်ကြွနေခဲ့မိသည်။

❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၁)

အချိန်ကာလတစ်ခုက သိပ်မကြာလိုက်ပါ။ သူနှင့် ကျွန်မသူငယ်ချင်း ခင်နွေးထွေး ချစ်သူတွေဖြစ်နေကြလောက် ပြီဆိုတာကို ကျွန်မ ရိပ်မိခဲ့ပါသည်။

ခင်နွေးထွေးသည် ကျွန်မနှင့် ငယ်ငယ်လေးကတည်းက အတူဆော့ကစားခဲ့ကြသည့် ငယ်သူငယ်ချင်းလေး ဖြစ်နေခဲ့သောကြောင့် ကျွန်မသည် သူတို့အရေးတွင် ဘာတစ်ခွန်းမှ ဝင်ရောက်မစွက်ဖက်ဘဲ ရင်ထဲကခံစားချက်ကို လူမမြင်အောင် ဖုံးကွယ်ရင်း တစ်ယောက်တည်း အထီးကျန်စွာ ကျိတ်မှိတ်ခံစား နေခဲ့ရလေသည်။

အဆိုးဆုံးကတော့ ကျွန်မရင်ထဲကခံစားချက်၊ ကျွန်မစိတ်အပြောင်းအလဲကို ခင်နွေးထွေး ရိပ်မိသိရှိသွားမှာပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၂)

ခင်နွေးထွေးနှင့်သူ ကျွန်မအတွက် ပြဿနာကလေးတွေ ခဏခဏတက်နေရသည်လို့ ကျွန်မသိရသည့်အချိန်တွင် ကျွန်မရင်ထဲ များစွာစိတ်မကောင်းဖြစ်ရလေသည်။

တစ်ခါတစ်ရံ အလုပ်ထဲတွင် ကျွန်မတို့ဆုံမိသည့်အခါမျိုးမှာလည်း သူ့မျက်လုံးများက ကျွန်မအပေါ် မလိုလားသည့် အရိပ်အယောင်များကို ဖော်ပြနေလေသည်။

ကျွန်မ သူ့အပေါ် စိတ်မပျက်ဘဲ နားလည်ပေးခဲ့ပါသည်။ သူ ကျွန်မအပေါ်မြင်သည့် အမြင်က လူတိုင်းမြင်နိုင်သည့်အမြင်မို့ ကျွန်မ ကျေနပ်စွာဖြင့် နားလည်ပေးခဲ့ခြင်းဖြစ်သည်။

အရင်က အချစ်ဆိုတာကို ဘာမှန်း ရေရေရာရာ ခွဲခြားမသိဘဲ စိတ်ဝင်စားခဲ့ခြင်း မရှိပါ။ ၅၂၈ကိုသာ အချစ်လို့ ယူဆသိရှိခဲ့သော ကျွန်မသည် ၁၅၀၀ အချစ်မျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကယူဖို့လည်း စိတ်ကူးမရှိခဲ့၊ ကိုယ်ကပေးဖို့ကိုလည်း စိတ်ကူးမရှိခဲ့ပါ။

ဘဝတွင် သူ ပါဝင်လာခဲ့တော့မှ တစ်ခါမှမခံစားဖူးသည့် ၁၅၀၀ အချစ်ကို ပူလောင်သော ခံစားမှုမှန်း ခွဲခြားသိရှိခဲ့သော်လည်း ကျွန်မသည် ရှုးရှူးမိုက်မိုက်ပင် သူ့အပေါ် စွဲလမ်းမှုကို ဖြေဖျောက်နိုင်ဖို့ မကြိုးစားပေ။

ဒီ့အတွက်…

ကျွန်မ မမှားဘူးလို့ ဒီနေ့အထိ ကျွန်မ ယူဆထားခဲ့ပါသည်။

❀

## အခန်း (၅၃)

ကျွန်မသည် တစ်ခါတစ်ခါမှာတော့ ကိုယ့်ရင်ထဲက ခံစားနေရသည့် အကြောင်းအရာတွေကို ခင်နွေးထွေးကို ဖွင့်ဟပြောပြချင်စိတ် ဖြစ်ဖြစ်လာတတ်သော်လည်း တစ်သက်လုံးဆောက်တည်ထားသော ဘဝတစ်ခုကို လဲလှယ်ပစ်ရမှာကို တွန့်ဆုတ်နေမိသည်ကတစ်ကြောင်း၊ သူနှင့် ခင်နွေးထွေး၏အချစ်လမ်းတွင် ကျွန်မသည် အနှောက်အယှက်တစ်ခုသဖွယ် မဖြစ်ချင်သည်ကတစ်ကြောင်းတို့ကြောင့် ကျွန်မသည် စိတ်ပင်ပန်းဆင်းရဲစွာ ဆက်ပြီး ဟန်ဆောင်ထားရပြန်လေသည်။

ဒီအတိုင်း တစ်သက်လုံးနေသွားနိုင်မှာလားလို့ တွေးကြည့်မိပြန်တော့ အခြေအနေတွေကိုစောင့်ကြည့်ရင်း အချိန်ကိုပဲ အားကိုးလို့ရမှာပဲလို့ ခွန်အားမဲ့စွာ တွေးမိသည်။

တစ်ချိန်တွင်တော့ ကျွန်မသည် ကိုယ့်စိတ်ကို ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ဖြေသိမ့်ပေးနိုင်သည့် အကြောင်းအရာတစ်ခု ပေါ်ပေါက်လာခဲ့သည်။ တခြားတော့မဟုတ်ပါ။ ကျွန်မကို့ လုပ်ကိုင်နေသော project အတွင်းမှ သူ သဘောကျနှစ်ခြိုက်လှပါသည်ဟု (ကိုချိုဇော်ပြောတာ ကျွန်မ ကြားမိခြင်း ဖြစ်သည်) ယူဆရသော အိမ်တစ်လုံးကို ဈေးကြီးကြီးနှင့် ဝယ်ဖြစ်လိုက်ခြင်း ဖြစ်သည်။

ထိုအိမ်ကို ပိုင်ဆိုင်ခွင့်ရလိုက်ခြင်းသည် သူ့ကိုပဲ ပိုင်ဆိုင်ခွင့်ရလိုက်သလို ကျွန်မရင်ထဲ ကျေကျေနပ်နပ် ခံစားခဲ့ရသည်။ ထိုအချိန်တွင်တော့ ကျွန်မသည် ကျွန်မဘဝတွင် ပထမဦးဆုံးကြိမ် ယောက်ျားတစ်ယောက်အပေါ်မှာ ချစ်မြတ်နိုးခဲ့သည်ဆိုတာ သေချာသွားခဲ့ပြီ ဖြစ်သည်။

## အခန်း (၅၄)

တစ်ရက်မှာတော့ ခင်နွေးထွေးသည် ကျွန်မနှင့် အေးအေးဆေးဆေး စကားပြောချင်ကြောင်း စကားစလာသည့်အတွက် ကျွန်မတို့နှစ်ယောက် ကော်ဖီဆိုင်လေးတစ်ခုဆီသို့ ရောက်ရှိလာခဲ့သည်။ တစ်လမ်းလုံး ကားပေါ်မှာ ခင်နွေးထွေး မျက်နှာမကောင်းစွာ ပါလာကတည်းက သူ ဘာပြောတော့မယ်ဆိုတာကို ကျွန်မရင်ထဲ ကြိုတင်ရိပ်မိနေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ခင်နွေးထွေးသည် သူပြောမည့် စကားများကြောင့် ကျွန်မ စိတ်အနှောက်အယှက်ဖြစ်မှာကို စိတ်မကောင်းဟန် သူ့မျက်နှာပေါ်မှာ အထင်းသားပေါ်နေခဲ့သောကြောင့် ဖြစ်သည်။

ဆိုင်ထဲက သီးသန့်ခန်းထဲမှာ အတူထိုင်ဖြစ်တော့ မျက်ရည်တွေ ဝေ့သီနေသောမျက်လုံးဝိုင်းကြီးဖြင့် ကျွန်မကို တစ်ချက်ကြည့်ရင်း ကျွန်မပခုံးတွင် ခေါင်းမှီကာ 'နွေးကို

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်နားလည်ပေးပါ မိုးရယ်' ဟူသော စကားဖြင့် အကြောင်းအရာကို စတင်ဖို့ ကြိုးစားပါသည်။

ထိုအချိန်လေးမှာပင် ကျွန်မ လုံးဝ မှထင်မှတ်ထားသော အဖြစ်အပျက်တစ်ခုက လျှင်မြန်စွာ ဖြစ်ပေါ်လို့လာခဲ့သည်။ သူသည် ကျွန်မတို့နှစ်ယောက်ရှိနေသော အခန်းထဲသို့ ဖြုန်းဆို ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ သူ့မျက်လုံးတွေသည် ဒေါသကြောင့် အရောင်တဖျတ်ဖျတ်လက်ကာ ကျွန်မကိုလည်း သတ်ပစ်ချင်လောက်အောင် မုန်းတီးစက်ဆုပ်နေမှန်း ဖော်ပြနေလေသည်။

အခြေအနေသည် ဖြေရှင်းလို့မရနိုင်တော့လောက်အောင် ရှုပ်ထွေးနောက်ကျသွားပြီမှန်း ကျွန်မ နားလည်လိုက်သော်လည်း အမှန်အတိုင်း သူသိအောင်ရှင်းပြဖို့ ကြိုးစားမိခဲ့သေးသည်။ ထိုအတွက် ရလဒ်ကား ကျွန်မဘဝတစ်သက်တာ အမြဲတမ်း မှတ်မှတ်ရရရှိနေမည့် သူ၏ပြင်းထန်လှသော လက်သီးတစ်ချက် ဖြစ်ပါသည်။

## အခန်း (၅၅)

ထိုညက ကျွန်မသည် ပိတောက်ချာညိုစီမံကိန်းက အိမ်ကြီးတွင် တစ်ညလုံး အိပ်မပျော်ဘဲ မိုးလင်းခဲ့ရသည်။ ဧည့်ခန်းကျယ်ကြီး၏ ထိပ်ဆုံးနေရာတွင် တခမ်းတနားထိုးထားသော ပန်းအိုးထဲမှ ပန်းခြောက်များကိုထိုင်ကြည့်ရင်း ကျွန်မ မျက်ရည်ကျခဲ့ရလေသည်။

လူမှန်းသိတတ်ခါစအရွယ်ကတည်းက ကျွန်မမိဘတွေ၏ ကြွယ်ဝချမ်းသာမှုအောက်မှာ ပြည့်စုံငြိမ်းချမ်းစွာဖြင့် နေထိုင်ကြီးပြင်းခဲ့ရသော ကျွန်မသည် ပူနွေးသောမျက်ရည်စက်များကို ဖယ်ရှားပစ်ဖို့ လုံးဝမကြိုးစားခဲ့ဘဲ ပါးပြင်ပေါ်တွင် ဒီအတိုင်း အခြောက်ခံစေခဲ့သည်။

ကျွန်မ ချစ်မြတ်နိုးမိသည့် ယောကျ်ားတစ်ယောက်က ကျွန်မကိုပေးခဲ့သည့် နာကျင်မှုကို ကျေကျေနပ်နပ်ကြီးခံယူသင့်သည်လို့ ကျွန်မ ယူဆခဲ့သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကိုကြည့်ပြန်တော့လည်း ကျွန်မတစ်သက်လုံး ဆိုးရွားသမျှကို အနှံတာခံ အလျှော့ပေး အမြဲအလိုလိုက်ခဲ့သော သူငယ်ချင်းမလေး။ ဒီဘက်ကကျပြန်တော့လည်း ကျွန်မ အသက်တမျှ ချစ်မြတ်နိုးရသော ယောကျ်ား။ ဒီနှစ်ယောက် ဘ၀တစ်ခုဖြစ်တည်ဖို့အတွက် ပေါင်းစည်းဖို့ အရေး.သည် ကျွန်မဆိုသော မိန်းမတစ်ယောက်အပေါ်တွင် အများကြီး မူတည်လေသည်။

ယခုလောလောဆယ် အခြေအနေမှာတော့ သိပ်ချစ်ခဲ့ကြသောသူနှစ်ဦးတို့သည် ကျွန်မကြောင့် အဝေးဆုံး အစွန်းနှစ်ဖက်မှာ ရပ်တည်ခဲ့ကြပြီ။ ကျွန်မချစ်သော ယောကျ်ားနှင့် ကျွန်မချစ်သော သူငယ်ချင်းမကြားမှာ ကျွန်မ တရားမျှတရဲ့လား ကိုယ့်ကိုယ်ကို သေချာပြန်လည်ဆန်းစစ်ခဲ့မိသည်။

## အခန်း (၃၆)

ကျွန်မ ဩစတြေးလျပြန်တော့ ခင်နွေးထွေးက တားလို့မရစွာ ကျွန်မနှင့်အတူ လိုက်လာခဲ့သည်။ ချစ်သူထက်သောင် ကျွန်မအပေါ် သံယောဇဉ်ကြီးရှာသော သူငယ်ချင်းမလေးကို ကျွန်မမှာ အသနားပုံရသည်။ ကျွန်မရင်ထဲမှာလည်း သူ့အတွက် ဘယ်လောက်ထိ စဉ်းစားစိတ်ကူးထားတယ်ဆိုတာကိုလည်း သိပ်မကြာခင်မှာပင် ခင်နွေးထွေး သိရှိသွားခဲ့ပါသည်။

ကျွန်မမိဘတွေက ပေးထားခဲ့သော ‘မေမိုးစက်’ဆိုသော နာမည်လှလှလေးကို ကိုယ့်သဘောနှင့်ကိုယ် မေတစ်လုံးဖြုတ်ပြီး ‘မိုးစက်’ဆိုသောနာမည်ဖြင့် ကျောင်းစနေသောအရွယ်ကတည်းက ကိုယ့်ဘ၀ကိုယ် စတင်ပြောင်းလဲခဲ့သည်။ ‘ငါ့ကို မိုးလို့ပဲခေါ်နော်။ မေလို့ခေါ်ရင် လက်သီးစာကျွေးမယ်’ လို့ ခင်နွေးထွေးနှင့် တွေ့တွေ့ချင်းအရွယ်မှပင် စတင်ခြိမ်းခြောက်ခဲ့ပြီး ယခုတော့ ခင်နွေးထွေးကို မေလို့ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖို့ အချိန်ကြာကြာ သင်ပေးခဲ့ရသည်။

မိန်းမတစ်ယောက်၏ ခန္ဓာကိုယ်အချိုးအစား ပြန်ဖြစ်အောင် လေ့ကျင့်ခန်းမှန်မှန်ယူရင်း တိုကပ်နေသောယောက်ျား ပုံစံဆံပင်ကိုလည်း အရှည်ပြန်ထားခဲ့သည်။ မျက်နှာပေါ်မှ နဂိုမျက်ခုံးမွေးပြားပြားကို စနပ်တကျ လှပသေသပ်အောင် ပုံသွင်းပြီး မျက်လုံးနှင့်နှုတ်ခမ်းအလှကိုလည်း မိန်းမတစ်ယောက် သုံးသင့်သုံးထိုက်သည့် ပစ္စည်းများအကူအညီဖြင့် မထင်မှတ်နိုင်စရာဖြစ်အောင် ပြောင်းလဲပစ်နိုင်ခဲ့သည်။

တစ်သက်လုံးလုံး တပ်ဆင်ခဲ့သော မျက်မှန်နေရာတွင် contact lens ကို ပြောင်းလဲပြီး တပ်ဆင်ခဲ့သည့်အတွက် 'မိုးစက်' ဆိုသော လူတစ်ယောက်နှင့် 'မေ' ဆိုသော လူတစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲသွားမှာတော့ သေချာပါသည်။

ခင်နွေးထွေးသည် ကျွန်မ အပြုအမူတွေကိုကြည့်ရင်း မယုံနိုင်အောင် အံ့အားသင့်နေခဲ့သည်။ ကျွန်မ မိန်းမတစ်ယောက်အသွင် စတင်ဝတ်ဆင်ပြခဲ့သည့်နေ့ကဆိုလျှင် ခင်နွေးထွေးနှင့် ကျွန်မသည် တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး အကြာကြီးငိုခဲ့ကြမိသည်။ 'ဘယ်လောက် ဟန်ဆောင်ဖုံးကွယ်နိုင်စွမ်း ရှိပါစေ၊ မိန်းမဟာ မိန်းမပါပဲ နွေးရယ်' လို့ သူမကို နှစ်သိမ့်စကားပြောရင်း ကျွန်မရင်ထဲမှနှလုံးသားကတော့ ပူလောင်စွာ ပြာကျခဲ့ရပြီ ဖြစ်သည်။

✿

အခန်း (၁၇)

သူ့အသက် (၃၆)နှစ်ပြည့်မွေးနေ့ မတိုင်ခင်မှာတော့ ကျွန်မ ရန်ကုန်မြေကို ပြန်လည်ရောက်ရှိလာခဲ့သည်။ 'မိုးစက်' ဆိုသော ဘဝတစ်ခုကတော့ ဝေးလံသော နိုင်ငံရပ်ခြားမှာ လူမသိသူမသိ ပျောက်ကွယ်ခဲ့လေပြီ ဖြစ်သည်။ တစ်သက်လုံး ကျေနပ်စွာ ရှင်သန်လာသော ဘဝတစ်ခု အချိန်တိုတိုအတွင်းမှာ ပြီးဆုံးသွားတာကို တွေးဖြစ်သည့်အချိန်များမှာတော့ နှမျောဝမ်းနည်းသလို ခံစားမိသော်လည်း အချစ်ဆုံးသူတွေအတွက်မို့ ကျေနပ်မိပါသည်။

မိဘတွေကတော့ သူတို့ဘဝတစ်ခု မပြီးဆုံးခင်မှာ သူတို့ရဲ့ အချစ်ဆုံးတစ်ဦးတည်းသော မျိုးဆက်ကို သူတို့ သိပ်မြင်ချင်ခဲ့ကြသည့် ပုံသဏ္ဌာန်မျိုးဖြင့် မြင်ခွင့်ရလိုက်ကြသည့်အတွက် ဝမ်းသာမဆုံး တပြုံးပြုံးနှင့် ရှိနေကြပါသည်။ ကျွန်မကလည်း ကျွန်မဘဝတစ်သက်တာလုံး လုပ်ချင်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်ခွင့်ရှိအောင် အဖက်ဖက်က ပံ့ပိုးပေးခဲ့သော (အထူးသဖြင့် ငွေရေးကြေးရေးပေါ့လေ) မိဘနှစ်ဦးကို ဒီနည်းနဲ့ပြန်လည်ကျေးဇူးဆပ်ခွင့်ရခဲ့သည့်အတွက် ဘဝဟောင်းကို လွမ်းဆွတ်မိသည့်ကြားမှ ကြည်နူးမိခဲ့ပါသည်။

ရန်ကုန်မြေကိုရောက်ပြီး သိပ်မကြာသောရက်ပိုင်းအတွင်းမှာပင် သူ့မွေးနေ့မှာ ကျွန်မသည် (နောက်ဆုံးအနေဖြင့်) သူ့အတွက် ပဋ္ဌမမြောက်ပန်းစည်းကို ကိုယ်တိုင်သွားထားခဲ့ပါသည်။ ဒုတိယ၊ တတိယ၊ စတုတ္ထပန်းစည်းများကို ကိုယ်တိုင် ထားခွင့်မရခဲ့သော်လည်း ကျွန်မပို့ပေးနေသော ပန်းစည်းများကို သူ လက်ခံရရှိပြီး သတိထားမိလိမ့်မည်လို့လည်း မျှော်လင့်ခဲ့ပါသည်။

ပန်းစည်းထားပြီး အိမ်ပြန်အလာ သူ့အတွက် နောက်တစ်ကြိမ် ဆဋ္ဌမမြောက်ပန်းစည်းတစ်ခု ပေးပို့နိုင်မှာ မဟုတ်တော့ဘူးဆိုတာကို တွေးမိပြန်တော့ ကျွန်မရင်ထဲ ဝမ်းနည်းစွာဖြင့် အားငယ်ကာ ကြေကွဲသွားရပြန်သည်။

## အခန်း (၅၈)

လေယာဉ်ပေါ်မှာ ကျွန်မတို့ပြန်ဆုံတော့ သူသည် ကျွန်မကို လုံးလုံးလျားလျား လုံးဝကို မမှတ်မိခဲ့ပေ။ သူ ကျွန်မကို မမှတ်မိခြင်းအတွက် ရုတ်တရက် ကျွန်မမှာ ဝမ်းပဲနည်းရမလို၊ ဝမ်းပဲသာရမလို ဝေခွဲမရဖြစ်ရသည်။

သူက ခင်နွေးထွေးကို စတင်စကားပြောလာတော့ သူ ခင်နွေးထွေးကို ချစ်နေတုန်းပါလားလို့ ကျွန်မ ရိပ်မိခဲ့ပြန်ရင်း စိတ်ထဲမှာ ဝမ်းနည်းသွားရပြန်သည်။ မိုးစက်ဆိုသော လူတစ်ယောက်အကြောင်းကို သူ သတိတရမေးပြန်တော့ ကျွန်မရင်ထဲ ဝမ်းသာကြည်နူးရကာ သတင်းစာကိုင်ထားသော လက်ချောင်းများ မတုန်ရီအောင် မနည်းကြိုးစားပြီး ထိန်းချုပ်ခဲ့ရသည်။

ကျွန်မနှင့် ခင်နွေးထွေးအကြောင်း အမှန်ကိုမသိဘဲ သူ့အမြင်တွေလွဲနေသည့်ကြားထဲကမှ ကျွန်မကို တောင်းပန်

www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်ဆိုသော သူ၏စကားတစ်ခွန်းသည် သူ့အတွက် ကျွန်မရင်ထဲ ကြေကွဲခဲ့ရသမျှ၊ ဝမ်းနည်းခဲ့ရသမျှ၊ ကျွန်မဘဝ ပြောင်းလဲခဲ့ရသမျှ အားလုံးအားလုံးတို့အတွက် ခံစားရကျိုး နပ်ခဲ့လေသည်။

ခင်နွေးထွေးက သူနှင့် မိတ်ဆက်ပေးတော့ မျက်လုံး ချင်းမဆုံအောင် ကြိုးစားရင်း မျက်နှာက ဟန်ဆောင်ထားမှု ပေါ်လွင်သွားမှာစိုးသောကြောင့် သတင်းစာကို မျက်နှာပေါ် ကမန်းကတန်းတင်ပြီး အိပ်ချင်ဟန်ဆောင်လိုက်ရသည်။ သူကတော့ ကျွန်မကိုထင်မည်။ တော်တော်ကြီးကျယ် တဲ့ မိန်းမလို့။ သူ ဘယ်လိုပဲထင်ထင် သတင်းစာအောက်က ကျွန်မမျက်နှာသည် မျက်လုံးအိမ်ထဲတွင် မျက်ရည်များရစ်ဝဲ နေသော်လည်း နှုတ်ခမ်းပေါ်မှာတော့ အပြုံးက တည်ရှိနေ ပါသည်။ ဝမ်းသာသောမျက်ရည်နှင့် ကျေနပ်သောအပြုံးဆို တာ တစ်နေ့နေ့တော့ သူသိကောင်းသိလာပါလိမ့်မည်။

## အခန်း (၃၉)

ခင်နွေးထွေးအမေ ရုတ်တရက်ဆုံးတော့ သူနှင့်ကျွန်မ ဒုတိယအကြိမ် ဆုံခဲ့ပါသည်။ ကျွန်မတို့နှစ်ယောက် ဘုရား ခန်းထဲမှာ အချိန်ကြာကြာထိုင်ဖြစ်ကြသည့်အချိန်တွင် သူက ဘာကိုမှမသိစွာ အေးဆေးတည်ငြိမ်နေပေမယ့် ကျွန်မရင်ထဲ မှာတော့ ဆောက်တည်ရာမရ ဖြစ်နေခဲ့သည်။

သူ့ကို မြင်တွေ့ရသည့်အချိန်တို့တွင် ကျွန်မ စဉ်းစား ထားသော အစီအစဉ်များက ပျက်ချင်ချင်ဖြစ်ရသည်။ ဒါကို မသိကြသော ခင်နွေးထွေးနှင့်သူက ဘာမှဖြစ်မှာမဟုတ်ပေ မယ့် နှလုံးသားကို အရင်းတည်ပြီး ပေးဆပ်ရမယ့် ကျွန်မ အတွက်တော့ သွက်သွက်ခါအောင် ရူးချင်မိသည်။

သူသည် ထိုနေ့က ရုပ်အင်္ကျီစိမ်းဖန့်ဖန့်လက်ရှည်ကို ယောပုဆိုးအညိုရောင်လေးနှင့် သူ့ပုံမှန်အတိုင်း ဝတ်ထားခဲ့ သည်။ ဆံပင်ခွေခွေတို့ကိုတော့ သပ်သပ်ရပ်ရပ် ဖြီးကားပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘေးတစောင်းလေးမြင်နေရသော နှာတံချွန်ချွန်နှင့် သူ့နှုတ်ခမ်းပါးပါးတို့သည် ကျွန်မအတွက် ရင်ခုန်စဖွယ် ဖြစ်နေခဲ့ရသည်။

သူ့ကို တစိမ့်စိမ့်ကြည့်ရင်း ကျွန်မ ချစ်မြတ်နိုးရသော ယောကျာ်းတစ်ယောက်ကို ကျွန်မ လက်လွှတ်ဆုံးရှုံးရမှာ အသေအလဲ စိတ်ဆင်းရဲမိသည်။ ဖြစ်နိုင်ရင် ပြောခွင့်များ ရှိခဲ့ရင် ခုလို ဘယ်သူမှအနားမှာမရှိသည့်အချိန်တွင် သူ့ လက်ကလေးကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး ကိုရန်နိုင်ရယ် ရှင့်ကို ကျွန်မသိပ်ချစ်တာပဲလို့ ဘာကိုမှထည့်မစဉ်းစားဘဲ စိတ်လွှတ်ကိုယ်လွှတ် ပြောပစ်လိုက်ချင်သည်။

ဖောက်ပြန်နေသော ကျွန်မ၏စိတ်တို့ကို ကျွန်မ အချိန်မီ ပြန်မရုတ်သိမ်းနိုင်သေးခင်မှာပင် သူသည် မထင်မှတ်ဘဲ လျှင်မြန်စွာဖြင့် ကျွန်မ၏အကြည့်တွေကို ဖမ်းယူလိုက်လေသည်။ ကျွန်မသည် မျက်လုံးတစ်ခုလုံး ပြာဝေသွားကာ ပါးစပ်က အံ့မယ်လေးလို့တမိမတတ် မလန့်စဖူး လန့်ဖျပ်သွားခဲ့ရသည်။

## အခန်း (၆၀)

ပန်းခြောက်များဖြင့် ပြည့်နှက်နေသော ဧည့်ခန်းကျယ်ကြီးထဲမှာတိုင်ရင်း ကျွန်မတစ်ယောက်တည်း မျက်ရည်တွေ ကျနေခဲ့ရပြန်သည်။

မနက်ဖြန်ဆို ကျွန်မ ဩစတြေးလျ ခဏပြန်ရဦးမည်။ ဟိုမှာရှိနေသေးသော ကျွန်မ business တချို့ကို ပြန်ရုပ်သိမ်းဖို့ဖြစ်သည်။ ဒီတစ်ခေါက် ပြန်လာရင်တော့ သူနှင့်ခင်နွေးထွေးကိစ္စကို ကျွန်မကိုယ်တိုင် ဖြေရှင်းပေးလိုက်ဖို့ ဆုံးဖြတ်ပြီးပြီဖြစ်သည်။

ဟုတ်တယ်လေ။ ကျွန်မ ခုလို 'မိုးစက်' ကနေ 'မမိုးစက်' ပြန်ဖြစ်သွားရသည့် အကြောင်းရင်းကလည်း သူတို့နှစ်ယောက် ပေါင်းစည်းဖို့အတွက် အဓိကရည်ရွယ်ချက်ပဲ မဟုတ်လား။

ခင်နွေးထွေးကို မနွေးညက ဒီအကြောင်းဖွင့်ပြောတော့

www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်ရည်တွေကျရင်း 'နေပါစေတော့မေရယ်။ သူ့မျက်လုံးတွေထဲမှာ အချစ်တွေ နွေးထွေး မတွေ့ရတော့ပါဘူး။ ဒီအတိုင်းနေကြတာပဲ ကောင်းပါတယ်' လို့ ပြောရှာသည်။

ယခုလောလောဆယ်မှာ ခင်နွေးထွေးမှာ နာရေးကိစ္စရှိနေတာကြောင့် သူတို့နှစ်ယောက်ကို ပြန်လည်ညှိနှိုင်းပေးဖို့အရေး ကျွန်မ ခဏနောက်ဆုတ်ရခြင်းဖြစ်သည်။ ဒါကို ခင်နွေးထွေးက လက်မခံလည်း သူနားလည်အောင်၊ နားဝင်အောင် ကျွန်မ ပြောပြနိုင်ပါသည်။ ဒါကြောင့်လည်း သူငြင်းသည့်အချိန်တွင် ကျွန်မသည် သူ့ကို ညင်သာစွာနှစ်သိမ့်ရင်း 'တို့ပြန်လာမှပဲ ဒီအကြောင်း ပြန်ဆက်ကြတာပေါ့' လို့ပဲဆိုပြီး စကားကို ဖြတ်ထားလိုက်သည်။

ယခုတော့ ကျွန်မသည် သူ သဘောကျသည့် ပြောဖူးသော အိမ်ကြီးထဲဝယ် သူနဲ့ကျွန်မအကြောင်းကို (သူတို့သာလျှင်) တရားဝင်သိထားပြီး အင်မတန်မှလည်းနူတ်လုံသော ပန်းခြောက်များဖြင့် အထီးကျန်စွာရှိနေခဲ့ပြီ။ ဖြတ်သန်းရဦးမည့် အချိန်တို့မှာ ကျွန်မချစ်သောသူနှစ်ဦးကို ခပ်ပြုံးပြုံးကြည့်နိုင်ဖို့အရေး ကျွန်မ အားမွေးရတော့မည်။

ထို့အပြင် ဘယ်သူမှ မသိရှိ၊မရိပ်မိလိုက်သော ကျွန်မရဲ့ (တစ်ကြိမ်တစ်ခါသာ ပေါ်ပေါက်ခဲ့သော) အချစ်တို့ကိုလည်း သစ္စာရှိရှိ လုံခြုံအောင် ဆက်ပြီးထိန်းသိမ်းထားရဦးမည် ဖြစ်လေသည်။

❁

'အဆုံး…'

တစ်လဆိုသောအချိန်

ကုန်ဆုံးသွားသောနေ့၌…

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆၁)

သာယာလှပသော ညနေခင်းတစ်ခု။

'ပိတောက်ခွာညို' အိမ်ရာစီမံကိန်းကြီး၏ အလယ်ဗဟို ရေကူးကန်နံဘေး စိမ်းလန်းကျယ်ဝန်းသော မြက်ခင်းပြင်ကြီးပေါ်တွင် ပျော်ရွှင်စရာကောင်းသော 'မင်္ဂလာညစာစားပွဲ' တစ်ခုကို ခံ့ညားထည်ဝါစွာ ပြုလုပ်ခဲ့ပါသည်။

လှပစွာထွန်းညှိထားသော ပိုးရောင်စုံအောက်တွင် တန်ဖိုးကြီးသော ကားရောင်စုံများ၊ တလက်လက်တောက်ပနေသော အဖိုးတန်လက်ဝတ်ရတနာများ တက်ရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးလူကောင်းများနှင့် ပိတောက်ခွာညိုအိမ်ရာစီမံကိန်းမှ မိသားစုဝင်များပါ စုံညီစွာရှိကြလေသည်။ သာယာငြိမ့်ညောင်းစွာ တီးခတ်နေကြသော ဂီတသံများကြားမှ ဖွန်းခက်ရင်းသံ၊ ပန်းကန်ခွက်ယောက်သံနှင့် ရယ်မောစကားပြောသံတို့ကလည်း ညစာခံပွဲကို ပိုမိုစည်ကား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သိုက်မြိုက်အောင် ဖန်တီးပေးနေကြလေသည်။

ထိုအချိန်မှာပင် ဧည့်ခံပွဲမြက်ခင်းပြင်ရှေ့သို့ နောက်ဆုံးပေါ် BMW 740 IL ငွေမင်ရောင်ကားကြီးက ခံ့ညားစွာဖြင့် ညင်သာစွာဆိုက်ရောက်လို့လာသည်။ ဧည့်ပရိသတ်များအားလုံးလိုလို ကားကြီးဆီသို့ အာရုံရောက်သွားစဉ်မှာပင် ဝန်ထမ်းများက အဆင့်သင့်ဆီးကြိုပြီး ကားတံခါးကို ဖွင့်ပေးလိုက်သည့်အခါမှာတော့ မင်္ဂလာသတို့သားနှင့် သတို့သမီးတို့သည် တစ်ယောက်နှင့်တစ်ယောက် လက်တွဲပြီး ပြုံးရွှင်စွာဖြင့် ကားပေါ်မှ ဆင်းလာကြသည်။

သတို့သားသည် တိုက်ပုံအင်္ကျီအနက်နှင့် ပိုးပုဆိုးနီညိုရောင်ကို တွဲဝတ်ထားပြီး သတို့သမီးကလည်း အဖြူရောင်ပိုးသားဖျော့ဖျော့နှင့် ချုပ်လုပ်ထားသော ညနေခင်းဝတ်စုံကို ရိုးရိုးရှင်းရှင်းလေးသာပင် ဝတ်ဆင်ထားသည်။

မင်္ဂလာဧည့်ခံပွဲ မြက်ခင်းပြင်ကို သူတို့နှစ်ယောက်ခြေလှမ်းစချသည်နှင့် ဝန်ထမ်းများက ရောင်စုံမီးပန်းများကို ထွန်းညှိလိုက်ကြသောကြောင့် ကောင်းကင်တစ်ခုလုံးကို လင်းထိန်သွားစေကာ အလင်းရောင်ကြောင့် ပိုမိုတောက်ပသွားကြလေသည်။

ပရိသတ်များကို လိုက်လံဧည့်ခံနေသော သတို့သားသည် အချိုဆုံးအပြုံးနှင့် သတို့သမီးကို တစ်ချိန်လုံး အရိပ်တကြည့်ကြည့်ရှိနေသလို သတို့သမီးကလည်း အလှဆုံး



အပြုံးနှင့် သူ့ချစ်သူလက်ကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားသောကြောင့် တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးဟန်၊ ကြင်နာဟန်က မျက်နှာနှစ်ခုလုံးပေါ်တွင် အထင်းသားပေါ်လွင်နေကြပါသည်။

ချိုဇော်သည် ခပ်လှမ်းလှမ်းမှာ မြင်တွေ့နေရသော သတို့သားနှင့် သတို့သမီးကို ငေးကြည့်ရင်း (အရက်ခွက်ကိုတောင် မကိုင်ဖြစ်ဘဲ) သူတို့နှစ်ယောက်နည်းတူ စိတ်ထဲမှာ ပျော်ရွှင်ကြည်နူးနေမိသည်။ သတို့သား၏မိခင် မျက်နှာကို ကြည့်မိပြန်တော့လည်း ချိုဇော့်လိုပဲ ကျေနပ်စွာခံစားနေရမည်မှာ သေချာပါသည်။

အချစ်ဆုံးသူငယ်ချင်းမျက်နှာပေါ်မှ ပီတိအပြုံးက ချိုဇော့်ရင်ထဲကိုပါ ကူးစက်စေကာ စိတ်ကို အမှန်တကယ် ချမ်းမြေ့စေသည်။ အေးချမ်းပြည့်စုံသော ဘဝတစ်ခုကို တည်ဆောက်ဖို့အတွက် ချိုဇော့်သူငယ်ချင်းမှာ အချိန်တွေ နောက်မကျသေးပါ။ လှပသည့် အနာဂတ်တစ်ခုကလည်း သူ့အတွက် အဆင်သင့်စောင့်ကြိုနေပြီ ဖြစ်သည်။ ထို့အပြင် သူ စိတ်တိုင်းကျရွေးချယ်ဆုံးဖြတ်ခဲ့သည့် သူ့ဘဝအဖော်မွန်သည် သူ့အတွက် အပြည့်အဝ မှန်ကန်မည်လို့လည်း ချိုဇော့်စိတ်ထဲ လုံးဝယုံကြည်နေမိပါသည်။

သူငယ်ချင်း၏ ဘဝအစကို တိတ်တဆိတ်တွေးရင်း ငေးရင်းနဲ့မှ ကိုယ့်ကိုယ်ကိုတောင် လှုပ်ပြုံပေါက်လေးသဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်နုပျိုသွားသလို ရင်ထဲမှာ ကြည်နူးစွာ ခံစားနေမိလေသည်။

ထိုခဏအတွင်းမှာပင် ချိုဇော်စိတ်ထဲ တစ်စုံတစ်ရာကို ဖျတ်ခနဲသတိသွားရမိသည်။ ချိုဇော်သည် ပတ်ဝန်းကျင်ကို မသိမသာ မျက်လုံးကစားလိုက်သည်။ လောလောဆယ် တွေ့နေရသော မျက်စိတဆုံးပတ်ဝန်းကျင်မှာတော့ ချိုဇော်ရှာနေမိသော သူတစ်ယောက်ကို မတွေ့ရပါ။

ချိုဇော်သည် ဝမ်းသာကြည်နူးနေရာမှ အနည်းငယ်စိတ်မကောင်းဖြစ်သွားရပြီး စားပွဲပေါ်ရှိ မင်္ဂလာဧည့်ခံပွဲက ပေးသော Thank you card လေးကို အသာယူကြည့်မိလိုက်သည်။ ငွေရောင်စာလုံးများနှင့် ရိုက်ထားသော အဖြူရောင်စက္ကူကတ်လေးက ခပ်ရိုးရိုးပေမယ့် ဆန်းပြားလို့နေပါသည်။

'ရန်နိုင်နှင့် မေမိုးစက်'

နာမည်လေးတွေကို ခပ်တိုးတိုးရေရွတ်မိသည့် အချိန်မှာတော့ (ဘာပဲဖြစ်ဖြစ်) ချိုဇော့်စိတ်ထဲ စိတ်မကောင်းစရာများအားလုံး တဒင်္ဂခဏ ကွယ်ပျောက်သွားကြလေသည်။



တစ်ခါတစ်ရံတွင် "အချစ်" ဆိုသောအရာသည်
လူသားတို့၏ "နှလုံးသား" နှင့် "စိတ်" ကို
ဆန်းကြယ်စွာ ဖြားယောင်းတတ်သလို
လှပစွာလည်း ပြောင်းလဲတတ်လေသည်။

နိုးမြတ်သူဇာ
မတ်လ ၁၅ရက်၊ ၂၀၀၁
ည ၈နာရီ ၁၅မိနစ်

www.burmeseclassic.com